


လုံးချင်းဝတ္ထုသစ်

# ဆုပေးနှယ်

(ရန်ကုန်တက္ကသိုလ်)

## နီးကပ်သောရင်ခွင်

# ဆုလေးနှယ်

နီးကပ်သောရင်ခွင်

## ဒီမြဲဒီမြဲ


### ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၅၀၀၃၁၁၀၃၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၀၅၅၀၅၁၁ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ဇူလိုင်လ |
| အုပ်ရေ | - | ၁၀၀၀-အုပ် |
| တန်ဖိုး | - | သုံးဆယ်ကျပ်တိတိ |
| မျက်နှာဖုံးပန်းချီ | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်လှလှဝင်း(ယာယီ-၁၄၃၅) အမှတ် ၂၁ အောင်တော်မူလမ်း စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်သူ | - | ဦးအောင်ထက် (၀၈၀၀၃) အောင်ပါရမီ ပုံနှိပ်တိုက် အမှတ် (၁၂၇)၊ ၅၂လမ်း ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးရိုက် | - | ဦးမြသိန်း။ သိန်းမြင့်ဝင်းပုံနှိပ်တိုက် အမှတ် (၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။ |

၈၉၅ · ၈၃

ဆုလေးနွယ်
နီးကပ်သောရင်ခွင် / ဆုလေးနွယ်။ - ရန်ကုန်
ဆုလေးနွယ် စာပေ ၂၀၁၁၊
၂၂၈ - စာ ၊ ၁၂· ၅ X ၁၇· ၅ စင်တီ။
(၁) နီးကပ်သောရင်ခွင်


### ပြည်သူ့သဘောထား

...ခြားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
...တော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား
...န့်ကျင်ကြ။
...တော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
...ွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

...ံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
...မျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး။
...ကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
...ည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

...ိုက်ျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံထူထောင်ရေးနှင့်
...ခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
...ေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
...ည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်
...ည်ဆောက်ရေး။
...ိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား
...ည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

...ငံမျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
...မျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ
...ပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး။
...ံမှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
...ငံမျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ပြည်လုံးကျွတ် ဖြန့်ချိရေး

ဆုလေးနွယ်
စာပေ

အမှတ် ၂၀၊
အောင်တော်မူလမ်း
မြေနီကုန်း
ဖုန်း - ၅၁၆၈၀၃

# ဆုလေးနွယ်

နိုးကာပ်သောရင်ခွင်

စွမ်းသည် မယောင်မလည်ပုံစံလေးနှင့် ဘောင်းဘီအိတ်ထဲ လက်နှိုက်ရင်း အတွင်းဖက် မှန်ချပ်နောက်က ကျွန်းစားပွဲမှာရှိနေတတ်တဲ့ မမ တစ်ယောက်ကို မသိမသာရှာဖွေမိသည်။

သူရောက်လာလျှင် ထိုစားပွဲမှာ ထိုင်တတ်တဲ့ ဆံပင်ရှည်ရှည် ဖျောင့်ဖျောင့်နှင့် အင်မတန်ကဗျာဆန်တဲ့ မမက လက်တော့ Laptop ကွန်ပျူတာလေးဖွင့်ကာ ဘာတွေမှန်းမသိ တွက်ချက်နေတတ်သည်။



ပိုးသားမျှင်တွေလို ဆံနွယ်တွေကို ခလယ်မကျိုးဘဲမကျခဲ့ကာ ဒီအတိုင်း ဖလျားချထားတတ်တဲ့သူ မရဲ့ မျက်နှာ ရှင်းရှင်းလေးဟာ ဘာကြောင့်မှန်းမသိ အလွန်ဆွဲဆောင်ဖမ်းစားနိုင်သည်။ ကြည့်လိုက်မိတာနှင့် အကြည့်မလွှဲချင်အောင် ညှို့ငင်နိုင်စွမ်းရှိသည်။

ထို့ကြောင့် စွမ်းသည် ဤဆိုင်မှ ကိတ်မုန့်၊ အီကလဲမုန့်တွေကို မကြာခဏလာဝယ်လေ့ရှိသလို သူမကိုလည်း စိတ်ဝင်တစား မသိမသာရှာဖွေလေ့ရှိသည်။

ဘာရယ်လို့ ပြောမပြတတ်ပေမဲ့ လှမ်းမြင်လိုက်ရရင် ရင်ထဲကြည်နူး လှိုက်ဖိုသွားရတာကို သူသဘောကျသည်။

အရည်လဲ့ဖြာကျနေကာ တောက်ပကြည့်လင်တဲ့ မျက်လုံးအကြည့်လေး တစ်ချက်လောက်ဝေ့ခနဲ ရောက်လာရင် သူ့နှလုံးသားတဝိုက်မှာ လှိုက်ခနဲ နွေးသွားတတ်သည်။

တခါတရံ သူငေးစိုက်ကြည့်နေတတ်တာကို သူမကရိပ်မိသလို ဖျပ်ခနဲ ပြန်ကြည့်ပြီးလျှင် ဘာမှမထူးဆန်းသလို အသာအယာ အကြည့်ပြန်လွှဲ သွားတတ်သည်။

သို့သော် သူ့ကိုမှတ်မိနေလောက်သည်ဟု စွမ်းကထင်သည်။

သူ့ကိုယ်သူ အထင်ကြီးတာလည်းဖြစ်နိုင်ပါသည်။ အသားဖြူဖြူ ကိုယ်ဟန်မတ်မတ်နှင့် မျက်နှာချောချောမှာ မျက်ခုံး ထူထူတန်းတန်းနှင့် နက်မှောင်စူးရှသော မျက်လုံးတွေကြောင့် စွမ်းပုံစံက မော်ဒယ်ဘွိုင်း တစ်ယောက်လို ကြော့မတ်ရှင်းသန့်နေတာ မိန်းကလေးတွေ အလွယ်တကူ သတိပြုစေနိုင်တာ ကတော့ သေချာသည်။

စွမ်းကိုစွမ်းလည်း ယုံကြည်မှုရှိသည်။

အနည်းဆုံးတော့ သူ့ကိုသတိပြုမိမှာပါ။ အမှတ်တမဲ့ ဖြစ်နေမှာ မဟုတ်ပါဘူး။

သူမကို ထိုင်နေကျစားပွဲမှာ မတွေ့ရသောအခါ ရင်ထဲ လစ်ဟာကြီးနှင့် တစ်မျိုးဖြစ်ရသည်။

အရသာ ထူးကဲလှသော. ဤကိတ်မုန့်ဆိုင်ကလေးမှာ နှလုံးသားကို ထူးဆန်းစွာ ယစ်မူးစေနိုင်သော မိန်းမလှလေး တစ်ယောက်လည်း ရှိနေသည်မှာ မလာမဖြစ်လာမိသော



အကြောင်းရင်းတစ်ခုကို ဖြစ်စေသည်။

စွမ်းသည် မုန့်ဗူးတွေကိုရွေးပြီးသွားပြီဖို့ ကတ်ရှာမှာ ငွေ(ဂ)က်ဆံ ရှင်းရတော့မှာ ......။

သို့သော် သူယောင်လည်လည်နှင့် ဟိုရပ်ဒီရပ် ဟိုကြည့် ဒီကြည့် လုပ်နေမိဆဲ....။

သူမကို တစ်ချက်ကလေးတောင် လှမ်းမကြည့်ရပဲ... မမြင်မတွေ့ရပဲ လှည့်ပြန်သွားရမှာ နှမြောစရာကောင်းသည်ဟု သူထင်သည်။

ဒီနေ့အဖို့ရာ ဒီဆိုင်ကို နောက်တစ်ကြိမ်ဝင်လာ ဖြစ်တော့မှာမဟုတ်။

မေမေတို့ အန်တီလေးတို့ကလည်း ကိတ်မုန့်တွေကို တစ်ရက်တည်းနှင့် ကုန်အောင်စားကြမှာ မဟုတ်ဘူးလေ။

အနည်းဆုံး နောက်ထပ်တရက်ခြားပြီးလောက်မှသာ သူထပ်လာလို့ဖြစ်မှာ။ သို့သော် မတွေ့လျှင် သူမနက်ဖန် လာမည်။

သူငယ်ချင်းဖြစ်သူ ကောင်းမြတ်ရဲ့ အဘွားကို မုန့်လက်

ဆောင်သွားပေးရင်း သဘောကျတတ်တာမို့ သူ့မှာကုသိုလ်တောင်ရနိုင်သေးတာပဲ. . .။

ဆုံးဖြတ်ချက်နှင့် ပိုက်ဆံအိတ်ကိုဖွင့်ကာ ကက်ရှာနားသူရပ်လိုက်သည်။

နောက်ဖက်ခန်းသို့ သမင်လည်ပြန် တစ်ချက်ထပ်ကြည့်မိသောအခါ. . . .

ဟာ. . . . . .။

ရင်ထဲမှာ ဒုတ်ခနဲမြည်အောင်ပင် ခုန်သွားရထိ. . .။

ဆံပင်ရှည်ရှည်လေးနဲ့ နူးညံ့တဲ့ မမဟာ ဒီနေ့ခရမ်းရောင်လေးကို အထက်အောက်ဆင်တူ ဝတ်ထားသည်။

အသားပျော့ပျော့နှင့် အင်မတန်အသွေးလှပသောအထည်စ တစ်မျိုးကို ဝမ်းဆက်လေးပုံကျကျ ဝတ်ထားတာမို့သူမရဲ့ လှပကြော့ရှင်းတဲ့ ကောက်ကြောင်း နွဲ့နွဲ့လေးဟာရင်သပ်ရှုမော ဖြစ်ချင်စရာ. . .။

မမက လက်ထဲက မိုဘိုင်းဖုန်းလေးကို နားနှင့်ကပ်ကာစကားပြောလက်စနှင့်ပဲ ဒီဖက်ကို လျှောက်လာနေတာမို့



ရှမ်းတအားကြီး စိတ်လှုပ်ရှားသွားရပါသည်။

မမကို မမျှော်လင့်ပဲ အနီးကပ်တွေ့ခွင့်ရတော့မည်။

ဆလိုက်မှန်တံခါးလေးကို လက်တဖက်နှင့် ငြင်ငြင်သာသာတွန်း ဖွင့်ပြီးနောက် မမကစွမ်းနံ့ဘေးက အသာဖြတ်လျှောက်သွားသည်။

စွမ်းရင်ထဲ ဗြောင်းဆန်လျှက် အသက်ရှူတွေ ဘာတွေမှားသွားရသည်။

သူ့မျက်ဝန်းတွေကလည်း ထိုမမ လျှောက်သွားရာ နောက်သတိလက်လွတ် ကပ်ငြိပါသွားရလေသည်။

လှလိုက်တာဗျာ. . . .။

ချစ်စရာကောင်းလိုက်တာ. . . . .။

ရွှေမှုန့်စားပြီး မွေးဖွားလာခဲ့တာလား. . . .။

မမဘာကြောင့် ဒီလောက်ထိ ဆွဲဆောင်မှုရှိရ တာလဲဗျာ။

သင်းပျံ့သော ကိုယ်သင်းရနံ့လေးတစ်ခုက သူ့ကို ကလူကျီစယ် လျှက်ကျန်ရစ်သည်။

ဖြစ်နိုင်ပါလျှင် သူပါ နီးနီးကပ်ကပ် အတူလိုက်လျှောက်

သွားချင်သည်။

အလိုလို လိုက်ပါသွားချင်မိတာပါ။

"ရှစ်ထောင့်ခြောက်ရာ ကျပါတယ်"

ကက်ရှာက ကောင်းမလေးအသံပေါ် ထွက်လာမှ သူကမန်းကတန်း ဒီဖက်ပြန်လှည့်ကာ ရယ်ကျဲကျဲ လုပ်မိသည်။

သူအငမ်းထူနေမိတာကို ကောင်းမလေးက ရိပ်မိသွားတဲ့ မျက်နှာ။

သိသွားလည်းမတတ်နိုင်. . . . ။

စွမ်းက စိတ်ဝင်စားမိပြီကိုးဗျာ. . . . ။

"အဟဲ. . . ဆောရီးနော်"

စွမ်းက တစ်ထောင်တန်ကိုးရွက်ကို ရေပေးရင်းက ဆိုင်ရှေ့ဖက်သို့ ထပ်ကြည့်သည်။

ခရမ်းရောင်လေးနဲ့ မမက ဆိုင်ရှေ့ကားစတန်းထိ တန်းတန်းမတ်မတ် လျှောက်သွားပါလား. . . ။

သူ့အနားဖြတ်သွားတုန်းက ကြားလိုက်ရတဲ့စကား တစ်ခွန်းက။



"စိတ်ချပါ အန်ကယ်လ်. . . . ။ ကျွန်မ ထွက်စောင့်နေပါ့မယ်။ အခုပဲထွက်ပါပြီ" ဆိုတဲ့စကားလေးပင်။

သူမ ဘယ်သူ့ကို ထွက်စောင့်တာလဲ. . . ။

စွမ်းသိချင်မိသည်။

မုန့်ဖူးတွေထည့်ထားတဲ့ ပလပ်စတစ်အိတ်ကို ကိုင်းကဆွဲ လိုက်ရင်း သူထွက်ဖို့ခြေလှမ်းပြင်စဉ်မှာပင် မမအနီးသို့ တက္ကစီ တစ်စီး တုန့်ခနဲလာရပ်သည်။

ကားစက်သပ်လိုက်တာနှင့် ကားပေါ်က မိန်းကလေး တစ်ယောက်က ဖျက်ခနဲ ဆင်းလိုက်၏။

ပြီးလျှင် ကားနောက်ခန်းထဲကနေ သားရေသေတ္တာ အနီကွက်လေး တစ်လုံးနှင့် ကျောပိုးအိတ်ခပ်ရှုယ်ရှုယ် တစ်လုံးကို ဆွဲချသည်။

ထိုအချိန်မှ မမကလည်း ပျာပျာသလဲအိတ်တွေ ကူဆွဲ ချပေး၏။

ကားပေါ်က ဆင်းလာတဲ့ ကောင်မလေးကို သေချာကြည့် ရင်း စွမ်းမျက်မှောင်ကုပ်သွားရ၏။

တူးစတက်ရေစိုကောက် အရောင်လက်လက်ကလေးနှင့် ဆံပင်ကပုံပြောင်းသွားပေမဲ့ ထိုမိန်းကလေးကို သူချက်ချင်း မှတ်မိသည်။

စွမ်းနှင့်အတူ ကွန်ပျူတာသင်တန်း တက်ခဲ့ဖူးတဲ့ ကောင်မလေးပဲ။

နေတာက ပဲခူးမှာ....။

ရည်ရွယ်ချက်က နိုင်ငံခြားထွက် ပညာသင်ဖို့....။

အခုဒီကို ဘယ်လိုရောက်လာတာလဲ...။

နေပါဦး.... သူမနာမည်က .......။

မက်မုံ..... ရွှေမက်မုံ..... ဟုတ်ပြီ။

မတွေ့ရတာ သုံးနှစ်ကျော် လေးနှစ်ခန့်ရှိပြီဆိုပေမဲ့ သင်တန်းတက် တုန်းက ခင်မင်ရင်းနှီးခဲ့တာပဲလေ.....။

စွမ်းက ဘာမှမစဉ်းစားတော့ပဲ ထိုတက္ကစီကားနား ပြေးလွှားသွား လိုက်သည်။

"ဟေ့.... မက်မုံ ဘယ်ကပြန်လာတာလဲ"

ရုတ်တရက်ထွက်ပေါ်လာသော စွမ်းရဲ့ အသံဩဩ



ကြောင့် မက်မုံရော၊ ခရမ်းရောင်မမရော ပြိုင်တူလှည့်ကြည့် ကြသည်။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် လူပုံစံက ခပ်ပိန်ပိန်။

ဒါပေမဲ့ ရုပ်က ဖြောင့်သည်။

မျက်နှာသွင်ပြင်က ဆွဲဆောင်နိုင်ပြီး ညို့ဓါတ်တမျိုး ရှိသည်။

ဆံပင်လေးက ကိုရီးယားစတိုင် အချွန်အမျှင်လေးတွေ နဖူးပေါ်၊ နားထင်ပေါ်၊ နားရွက်ပေါ် ခပ်ဝဲဝဲလေးကျ နေသည်။

ဝတ်ထားတာက နှစ်ရောင်အရောအစပ် နှစ်ထပ် တီရှပ်နှင့် ဂျင်းဘောင်းဘီ ပြာဖျော့ဖျော့..။ ဘတ်ရှူး အနက်ရောင်အကြားလေးကို စီးထားပြီး ကိုယ်ဟန်မတ်နေပုံ ပင် သူရုပ်ချော တာ သူသိပြီး ဘဝင်ခပ်မြင့်မြင့် ဒီဇိုင်းမျိုးလေး လား...။

ဒီကောင်လေးကို ခရမ်းပြာမြင်နေကျပါပဲ.....။

မြင်နေကျဆို ဆိုင်ကိုတရက်ခြားလောက် ရောက်ရောက် ဘာတတ်တာကိုး.....။

"မက်မုံ. . . . . ငါ့ကိုမမှတ်မိဘူးလား"

မေးခွန်းက မက်မုံလို့တပ်ပေမဲ့ သူ့အကြည့်ချိုချိုက ခရမ်းပြာရဲ့ မျက်နှာပေါ်မှာရစ်ဝဲလျှက်။

"မှတ်မိပါတယ် စွမ်းပြည့်ရယ်. . . .၊ ဒီလို မင်းသားကို မမှတ်မိလို့ ရမလားဟဲ့. ."

"ဟား. . . ဟား. . . ."

စွမ်းကအလိုလို အူးမြူးသွားရပါသည်။

"ဩော်. . . သူငယ်ချင်းတွေလား. . ."

"ဟုတ်တယ် မမ၊ မက်မုံနဲ့ ကျွန်တော်က ခင်တာကြာပြီ"

ဖျပ်ခနဲ ချက်ချင်းလှည့်ဖြေသံက တက်ကြွကြည်နူးခြင်း အပြည့်နှင့်။

မခရမ်းကို တွေ့တဲ့အချိန်မှာပဲ တပြိုင်နက်တည်းလိုလို စွမ်းပြည့် လှစ်ခနဲရောက်လာတာဟာ ထူးခြားတဲ့ ဆုံးဆည်း တိုက်ဆိုင်မှုပဲဟု မက်မုံ ထင်မိသည်။

"နင်က မခရမ်းနဲ့ရော သိတာလား စွမ်းပြည့်. . ."

"အို. . . . မဟုတ်ပါဘူး"



"ဟာ. . . မမကလည်း ကိုယ့် ကတ်စတာမာကို သိဘူးလို့ မပြောရဘူးလေ. . ."

"မင်းကို မျက်မှန်းတန်းမိပါတယ်. . ."

"အဟဲ ဒါဆို ကျေနပ်ပြီဗျာ. . . . ."

လက်ပိုက်ကာ သူပြောပုံလေးက ပြုံးမြမြ။

ခရမ်းပြာက အကြည့်လွှဲလိုက်သည်။

တက္ကစီက ထွက်သွားပြီး အိတ်နှစ်လုံးက ပုံလျှက်သား။

"ကဲ. . . ဒါဆို ခဏလေးနော်၊ မက်မုံပစ္စည်းတွေ သယ်ဖို့ မမ ကောင်လေးတစ်ယောက် သွားခေါ်ဦးမယ်. . ."

"ဟာ နေပါစေ၊ ဒါလေးများ ကျွန်တော် သယ်နိုင်ပါတယ်။

"အို အယ်ဟုတ်ပါ့မလဲ. . . . စွမ်းပြည့်ကလည်း"

သူ့ငွေးသား လူချော လူရည်သန့်လေးကို မက်မုံက အားတုံ့အားနာ ဆိုမိသည်။

"ငါ့အဝတ်အစားတွေဟဲ့. . ."

စွမ်းပြည့်စုံက သွက်သွက်လက်လက်ဖင် သူ့ရဲ့ဗင်ကား

လေးထဲ မုန့်အိတ်တွေ ကမန်းကတန်း သွားထားပြီးတာနှင့် ဒီဖက်ပြန်ပြေးလာသည်။

မုန့်တိုက်ရှေ့မှာလည်း ကားပါကင်က အကျယ်ကြီးပဲ မဟုတ်လား။

"မက်မုံတို့က ကြိုမယ့်သူ အဆင်သင့်ပါလာ. . ."

မခရမ်းရဲ့ ပြုံးပြုံးရယ်ရယ် တရင်းတနှီး အပြောကို. .

"မသိပါဘူး. . . . အခုမှ ဘာစိတ်ကူးပေါက်တာလဲ မသိဘူး. . အစကဆိုရင် စတိုင်လ် တခွဲသားနဲ့ပါ မမရယ်. . ."

စွမ်းပြည့် လှစ်ခနဲပြန်ရောက်လာပြီး. . . . . .။

"ဟိတ် ဘာတွေပြောနေတာလဲ"

"နင် သဘောကောင်းနေတာကိုပေါ့"

"ငါက အစကတည်းက သဘောကောင်းတာပဲ. . ."

"ဒီနေ့မှ ပိုကောင်းနေသလားလို့ပါ. . ."

"ဟာကွာ. . . မက်မုံကလည်း. . . ."

စွမ်းပြည့်က အိတ်တွေ ကောက်သယ်ဖို့ပြင်ရင်း မခရမ်း မျက်နှာကို မော့ကြည့်သည်။



သူ့ပုံစံလေးက အနည်းငယ်တော့ ရှက်ကိုးရှက်ကန်းနှင့်ပါ။

လက်စသပ်တော့ စွမ်းတစ်ယောက် မခရမ်းကို ကြွေနေတာ ဘယ်လောက်ကြာနေပြီလည်း မသိပါဘူး။

သူ့ခမျာ ဟန်ကလေး ဘာလေးတောင် မဆောင်နိုင်ရှာ ပါလားနော်။

"စွမ်းပြည့် နင် ကူသယ်တာက ဟုတ်ပါပြီ။ အခု ငါ့အိတ်တွေ ဘယ်ကို ပို့မှာလဲ. . ."

"ဟင်. . . . မသိဘူးလေ. ."

သူ့အဖြေ အူကြောင်ကြောင်ကြောင့် ခရမ်းနှုတ်ခမ်းတွေ ပြုံးသွားသည်။

သုံးခန်းတွဲ ငါးထပ်တိုက်ကြီးမှာ အောက်ဖက်သုံးခန်း စလုံးက မုန့်တိုက်ဖြစ်ပြီး အပေါ်မှအခန်းတွေကိုလည်း မုန့်တိုက် ပိုင်ရှင် အန်ကယ်လ်အောင်ဇေယျာ ပဲပိုင်တာ. . . .။

အဲ့မျိုးထဲ ချမ်းတောင့်ချမ်းသာ ဒီဦးလေးက တဆွေလုံး တမျိုးလုံးရဲ့ အားကိုး အားထားပါပဲ. . . .။

ဘန်ကောက်က ပြန်ရောက်တာနှင့် အလုပ်တန်း

ခန့်ပေးမယ် ဦးလေးဇေ ရှိတာ ဟန်ကျလှသည်။

ရွှေမက်မုံက ဘန်ကောက်မှာ ဟိုတယ်စီမံခန့်ခွဲမှု ပညာရပ်ကို သင်ယူလာခဲ့သလို မုန့်လုပ်ငန်းတွေ (International Bakery& Pastry Corse) ကိုလည်း လေ့လာသင်ယူခဲ့တာမို့ ဦးဇေက ဒီမှာခေါ်ထားဖို့ စီစဉ်ပေးတာပါ။

နေတာကတော့ ဆိုင်ရဲ့ လက်ထောက်မန်နေဂျာ မခရမ်းပြာနှင့် တစ်ခန်းတည်း နေဦးတဲ့. . . ။

မခရမ်းပြာနှင့် မက်မုံဟာ ဘန်ကောက်မှာကတည်းက ဖုန်းပြောကြ၊ G talk ပြောကြနှင့်မို့ စိမ်းတော့သိပ်မစိမ်း. . .။

သို့သော် လူချင်းကတော့ အခုမှသာ ဆုံဖူးတာပါ. . .။

"ခဏနေဦး စွမ်းပြည့်ရဲ့၊ ငါက ခုလောလောဆယ် မခရမ်းရဲ့ အခန်းမှာနေရမှာ အခန်းကဘယ်နားလဲ ဆိုတာ. . ။

"ဟိုးဖက် ဘယ်အစွန် သုံးလွှာမှာပါ၊ မက်မုံသူငယ်ချင်းက ကူညီပေးချင်တယ်ဆိုလည်း အပေါ်ကိုသာ ရောက်အောင် သယ်ပေးပေတော့. . .၊ ဒီမှာ အခန်းသော့. . ။ ကဲပါ. . . . မအရင်တက်ပြီး လိုက်ဖွင့်ပေးပါ့မယ်. . . ."



စွမ်းပြည့်သည် မခရမ်းနဲ့ ပြောဆိုပုံလေးကို အငေးသား နှင့် သဘောတကျ စိုက်ကြည့်နေမိသည်။

ပြုံးရယ်ပြီး စကားဆိုတတ်ဟန်လေးက ချိုသာလိုက်လဲ့ နေသည်။ အသံလေးက ညင်သာသလို အပြုံးကလေးကလည်း နှစ်လိုဖွယ်ကောင်းသည်။

သူမကိုယ်သူမ "မ" က ဟုထည့်ပြောပုံလေးကဗင် မဆန်းပါပဲ နားထောင်ကောင်းလှသည်။

"သင့်ခ်ယူပဲ မ. . ."

သူလည်း ချက်ချင်း မ, ဟုလိုက်ခေါ်ပစ်လိုက်သည်။

ရင်ထဲမှာ ပျော်နေသည်။

မမျှော်လင့်ပဲ ရင်ထဲက မ, နှင့် ခင်မင်ရင်းနှီးခွင့်က အလိုလို ပေါ်ပေါက်လာခဲ့ပြီ မဟုတ်လား။

ထို့နောက်မှာတော့ ခရမ်းပြာ၊ ရွှေမက်မုံနှင့် အိတ်တွေ သယ်လျှက်သား ပါလာသော စွမ်းပြည့်စုံတို့ဟာ စကားတပြော ပြောဖြင့် တိုက်လှေကားပေါ်သို့ တက်လာကြပါသည်။

"မခရမ်းက တစ်ယောက်ထည်းနေတာလား. . ."

"အင်း"

"တကယ်"

မက်မုံမေးခွန်းကို သူလည်းမေးချင်နေတာမို့ အတော်ပင်။

မခရမ်းအကြောင်း စွမ်းသိချင်သည်။

"တကယ်ပေါ့. . . တို့က နေ့ခင်းပိုင်းဆိုင်မှာပဲရှိတဲ့ဥစ္စာ၊ ညကျရင် ဆိုင်က ကောင်မလေး တစ်ယောက်အဖော်လာအိပ်ပေး တယ်လေ. . . .၊ အဆင်ပြေပါတယ်"

"အခု မက်မုံ လာနေပြီဆိုတော့ သုံးယောက်ပေါ့. . . ."

"ဟင့်အင်း . . . . . . မက်မုံလာပြီဆိုရင် သင်းသင်းကို အကူအညီ တောင်းဖို့ မလိုတော့ဘူးပေါ့. . ."

"ဖြစ်ရဲ့လား မခရမ်းရယ်"

"သူက အိမ်ပြန်ချင်နေတာ. . .၊ ဝမ်းတောင်သာဦးမယ်. . ."

"ဒီလိုလား"

ခရမ်းပြာက နှုတ်ကပြောရင်းတံခါးသော့ကို ဖွင့်လိုက်သည်။



တိတ်ဆိတ်နေသော တိုက်ခန်းကလေးမှာ ရှွန်းစပရေးနဲ့ သင်းပျံ့လျက် ရှင်းလင်းနေပါသည်။

ရွှခင်းပုံပန်းချီကား နှစ်ချပ်သာ ချိတ်ဆွဲထားပြီး. . . မရမ်းရင့်ရောင် လယ်သာဆက်တီ တစ်စုံ ပိုင်းပြီးချထားသည်။

ပါကေးရောင်က ပြောင်ဝင်းလျက် လိုက်ကာလေး တွေက ဖြူလွလွနှင့်မို့ လေ့ကားတက်လာရသူတွေ အလိုလို အမောပြေသွားရသည်။

ဆက်တီစားပွဲမှာ ချထားတဲ့ ဖန်ပန်းအိုးလေးထဲမှာ ရေမွှေးနှင်းဆီ ပန်းရောင်လေးတွေ ဆယ့်လေးငါးပွင့် ထိုးစိုက်ထားတာမို့ နှင်းဆီရနံ့လေး ကလည်း ရင်ကိုအေးမြ လန်းဆန်းသွားစေသည်။

"ထိုင်ဦးလေ. . . . တို့အအေးယူပေးမယ်"

"ဟာ . . . . နေပါစေ"

စွမ်းက ညည်သည်လိုဖြစ်နေမှာစိုးလျက် အားတုံ့အားနာဆိုသည်။

"မခရမ်းတော့ အလုပ်ရှုပ်ပြီ"

“မရှုပ်ပါဘူး မက်မုံရယ် တို့ကမက်မုံကို မျှော်နေတာပါ”

ခရမ်းပြာက ရေခဲသေတ္တာရှိရာဘက် လျှောက်သွားပြီး အပေါ်ခန်းထဲ ထည့်ထားတဲ့ ကိုကာကိုလာသုံးဗူးကို ဖွင့်ဖောက်၍ ဖန်ခွက်ထဲ ထည့်လိုက်သည်။

ပြီးတော့ ရေခဲတုံးလေးတွေပါ ညှပ်နှင့်ကိုင်ထည့်လိုက်သည်။

စွမ်းပြည့်သည် ဆက်တီမှာထိုင်ရင်း ခရမ်းပြာကို လှမ်းကြည့်မိ၏။

“မက်မုံ”

“ဟင် . .”

စွမ်းပြည့်က ခပ်တိုးတိုးခေါ်သဖြင့် မက်မုံက လှမ်းမေး ဆက်ထူး လိုက်သည်။

“မခရမ်းက အပျိုလား . . ”

“ဘာလို့ မေးတာလဲ”

“သိချင်လို့ပေါ့ဟ”

“မက်မုံလည်း အခုမှ လူချင်းတွေ့ဖူးတာ . .



အန်ကယ်လ်က မိတ်ဆက်ပေးလို့ ဖုန်းပြောတာ၊ G talk ပြောတာပဲ ရှိတာဟဲ့ . . . ”

“ဒါပေမဲ့ နင်သိမှာပါ . .”

မက်မုံက သူ့ကို မျက်စောင်းတစ်ချက် ကြိတ်ရွယ်သည်။

“သေချာအောင် ငါမေးကြည့်မယ်လေ”

“ဟာ . . . မက်မုံကလည်းကွာ . . .”

စွမ်းပြည့်လန့်သွားတော့ မက်မုံရယ်မိသည်။

“ဟိတ် . . . . ဘာတွေရယ်နေတာလဲ . .”

“အဟင်း . . . . ဟင်း . . . . မခရမ်းအကြောင်း သူကမေးနေတာ . .”

“ဘာတွေ မေးတာလဲ”

“ကဲ . . . စွမ်းပြည့် . . . နင်ကိုယ်တိုင်မေးလေ”

“အဟဲ . . . . ဟို . . ဘာမှမဟုတ်ပါဘူး . . . .”

စွမ်းပြည့်က ရယ်ကျဲကျဲလေး အနေရကျပ်သွားသလို အမူအရာမျိုး နှင့် ခရမ်းပြာကို ကြည့်သည်။

ခရမ်းပြာက နှုတ်ခမ်းလေးစေ့ကာ ပြုံးမိရင်း . . .

"မက်မုံသူငယ်ချင်းပဲ စွမ်းပြည့်ရယ် အခု မ,နဲ့လည်း သိသွားကြပြီဥစ္စာ ပွင့်ပွင့်လင်းလင်း ပြောလို့ရပါတယ်. . ."

"စမြင်ကတည်းက မ,က ခင်ဖို့ကောင်းမယ်ဆိုတာ စိတ်ထဲက ယုံနေတာဗျ. . . . အခုလက်တွေ့ပဲ"

"ကိုလာလေး သောက်ပါဦး"

ခရမ်းပြာက ဖန်ခွက်ကို ဗန်းထဲကနေ ယူပေးသည်။

"နောက်နေ့လည်း လာလည်မှာနော် ရတယ်မို့လား မက်မုံ"

မခရမ်းကို မမေးရဲသဖြင့် စွမ်းက မက်မုံဖက်လှည့်မေး လိုက်တာ ဖြစ်သည်။

"အဲဒါတော့ မခရမ်းကိုပဲမေးကြည့်. ."

"တို့နှစ်ယောက်က တအိမ်တည်း အတူနေကြပြီပဲ၊ အလုပ်ထဲမှာလည်း နှစ်ယောက်အတူရှိကြဦးမှာ. . . . မက်မုံဧည့်သည် လာလို့ရပါတယ်။ အန်ကယ်လ်ဇေကလည်း မက်မုံလိုအပ်တာကူညီဖို့ တို့ကိုဖုန်းဆက်ထားပါတယ်. . . .၊ သူစိမ်းမဆန်ကြေးပေါ့နော်. . . . ."



"သူစိမ်းဆန်တာ မဟုတ်ဘူး မခရမ်းရဲ့. . . . တော်ကြာ သူချောင်းပေါက်အောင် လာနေမှာစိုးလို့. . . ."

မက်မုံ အပြောကို ခရမ်းပြာ အားနာသွားရပေမဲ့ စွမ်းက အပြုံးမပျက်. . . .။

"ချောင်းပေါက်ရုံ ဘယ်ကမလဲ၊ လိုအပ်ရင် မြစ်တစ်စင်းတောင် ဖန်တီးလိုက်ဦးမှာ"

"ကြောက်စရာပါလားနော်"

"ဟဲ . . . . ဟဲ. . ."

စွမ်းပြည့်က ရယ်ရင်း မခရမ်းမျက်နှာလေးကို အသာခိုး ကြည့်သည်။

ပြောပြရခက်ယောင် ကဗျာဆန်ပြီး နူးညံ့နက်ရှိုင်းမှုတွေ ပေးတဲ့ မျက်နှာလေးပါ. . .။

မက်မုံလည်း မိန်းမချောစာရင်းဝင် ဆိုပေမဲ့ မခရမ်းရှေ့ မှာတော့ သူမရဲ့အလှက မှိန်ဖျော့နေသည်။ လမင်းလေးတစ်စင်း နား ရောက်သွားသလိုပဲ သူထင်မိသည်။

"နင်ကရော အရင်အတိုင်းပဲ မွဲလို့လား စွမ်းပြည့်ရဲ့ ငါက

နင်မိန်းမ ရနေပြီလားလို့”

“ဟား... ဘာလို့ ရရမှာလဲ”

“တကယ်မထူးသေးတာပေါ့”

“ဒါဖြင့် နင်ရော...ကဲ”

“ငါလား... ငါက ရည်းစားတော့ရှိတာပေါ့”

“ဟ ကြေညာနေပါလား... ရှက်လည်း မရှက်ဘူး”

“အောင်မယ် ဘာလို့ ရှက်ရမှာလဲနော် မခရမ်းရယ်... ချစ်သူထားတာ ရှက်စရာမှ မဟုတ်တာပဲ”

“ဒါဆို မက်မုံလူက ဘယ်မှာလဲ”

“ဘန်ကောက်မှာ”

ခရမ်းသည် ငယ်ရွယ်ပျိုမျစ်နေသော မက်မုံမျက်နှာနုနုလေးကို ငေးကြည့်နေမိသည်။

သူကလေးက ချစ်သူရှိတာကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟကြေညာ ရဲသူလေးပါလား။

ကိုယ့်တုန်းကတော့ ရှက်ရွံ့သိုသိပ်စွာကြွေရရလေးသာ မရဲတရဲ ချစ်ခဲ့တာ...။



သူများတွေ သိသွားမလား...။ မြင်သွားမလား ကြောက် တတ်ခဲ့တာ အမှတ်ပင်...။

ဒီလိုစိုးရိမ်တတ် လျှို့ဝှက်တတ်ခဲ့လို့လည်း တကယ်တမ်း ရင်ဆိုင်ကြေးဆိုတော့ အရှုံးနှင့် ထိပ်တိုက် တွေ့ခဲ့ရတာ များလား။

အို အခုအချိန်မှာတော့ ဘယ်သူကိုမှ အပြစ်မတင်လို တော့ပြီ။

လူနှစ်ယောက် အတူဆုံဆည်းပေါင်းဖက်ခွင့် ရဖို့ဆိုတာ ရေးရေးက ဘဝဂံအကြောင်းတွေနှင့်သာ သက်ဆိုင်ပါ လိမ့်မည်။

ဖူးစာမပါဘူးလို့သာ ခရမ်းပြာ မှတ်ယူလိုက်ပါသည်။

တကယ်သာ ဖူးစာပါခဲ့ရင်တော့ ဒီလိုအကြောင်းတရား တွေက ပေါ်ပေါက်ခဲ့မှာ မဟုတ်ဘူးလေ...။ သူ့ဟာသူ အဆင် ပြေချောမွေ့ခြင်း လမ်းကြောင်းကို ရှေးရှုသွားခဲ့မှာပေါ့...။

မောင်ရယ်..။ အတူတူပြုခဲ့ဖူးတဲ့ ပါရမီနည်းခဲ့လို့ပဲ ထင်ပါတယ် နော်...။

စွမ်းက တစုံတရာကို တွေးတော ငြိမ်းသက်သွားသော ခရမ်းပြာ ဟန်ပန်ကို အကဲခတ်နေမိသည်။

သူမတစ်ခုခုတွေးလိုက်ပုံရတာ သေချာသည်။ ပုံစံလေးက ခပ်ငေးငေးလေး ဖြစ်သွားတာ. . .။

စွမ်းသည် သူမမျက်နှာရိပ်ကို ဘယ်အချိန်က ဖတ်တတ်သွားခဲ့သလဲ မသိတော့ပေ. . .။

"မ. . ."

"ဟင်. . ."

သူခပ်တိုးတိုးခေါ်မှ မျက်လွှာလေးပင့်ကြည့်သည်။

"မ, ဘယ်သူ့ကို သတိရသွားတာလဲ. . ."

"ဘာရယ်မဟုတ်ပါဘူး. . ."

"စွမ်းပြည့်က သိပ့်စပ်စုတယ် မခရမ်းရဲ့. . . သူနဲ့ အပေါင်းအသင်း လုပ်ရင်တော့ သတိသာထား. . ."

ခရမ်းပြာသည် အခုမှ သိရသော ကောင်းကလေးရဲ့ ငြိတွယ်မှုကို နည်းနည်းတော့ အံ့အားသင့်ရသည်။

သူ့မျက်ဝန်းလေးတွေက ခရမ်းထင်တာထက် ပိုနက်ရှိုင်း သိမ်မွေ့ နေသည်။

တကယ်တော့ တို့က အချစ်နဲ့ပက်သက်ရင် ဒဏ်ရာ



ဒဏ်ချက် ရှိနေတဲ့သူပါ ကောင်ကလေးရယ်. . .။

တို့နဲ့ ပတ်သက်ဖို့ မကြိုးစားတာက ပိုကောင်း ပါလိမ့်မယ်။ မင်းကြည့်ရတာ သဘောကောင်းပြီး ပျော်မယ့် ပုံလေး။

လွှတ်လပ်ပေါ့ပါးနေတဲ့ မင်းရဲ့စိတ်ကို သိပ်ပြီးဖိအားတွေ ပေးပါနဲ့လား။

ခရမ်းပြာရင်ထဲ သူလေးအပေါ် စေတနာမေတ္တာ သက်ဝင်စ ပြုသည်။

ဖြူသော စေတနာသန့်သန့်လေးသာပါ. . .။

"ခရမ်းမှာ ရည်းစားရှိသလား သူက သိချင်နေတာလေ ဟင်. . . ဟင်. . .။"

မက်မုံက သိပ်စိတ်မရှည်သဖြင့် ဝင်မေးပေးလိုက်တာ ဖြစ်သည်။

ခရမ်းပြာ မျက်နှာပေါ် ရှက်ရိပ်ဆန်ဆန်အရိပ်ကလေး တစ်မျိုး ဖြတ်ပြေးသွားပြီးမှ ခေါင်းလေးယမ်းကာ. . .။

"မရှိပါဘူးဟယ်. . .။ တို့ဘဝကို အလုပ်ထဲမှာပဲ. . . အာရုံစိုက် ထားတာပါ. . .။ ဟိုတုန်းကတော့ ဇာတ်လမ်းရှိ

ခဲ့တာပေါ့နော်။ ပြီးခဲ့ပြီဆိုတော့ ပြန်မပြောချင်တော့ပါဘူး..."

"ပြီးသွားပြီဆိုတာ ဘယ်လိုလဲမ..."

စွမ်းက အားမနာနိုင်ပဲ ထပ်တိုး၍မေးလိုက်သည်။

"ဟဲ့...ပြန်မပြောချင်ပါဘူးဆိုမှ..."

"ပလိစ်...အဲ့ဒီတစ်ခုပဲ ဖြေပေးပါ..."

မက်မုံဟန့်လည်းမရပါ။ ခရမ်းပြာကလည်း ဖြေ၏။

"ရည်းစားကွဲဖူးတာ ဘာဆန်းလို့လဲကွာ..."

"သူ မိန်းမယူသွားတာလား..."

"ဟင့်အင်း..."

"ဒီတိုင်းပဲ အဆင်မပြေလို့ ပြတ်သွားတာလား"

"အဲ့ဒီလိုပဲဆိုပါတော့..."

"ဒါဆိုအခုရော..."

"........."

"မ, ရဲ့ လူက ဘယ်မှာလဲ။ ဒီအနီးအနားမှာ ပဲလား"

"မဟုတ်ပါဘူး...။ သူနဲ့မဆုံတာကြာပြီ...

အဆက်အသွယ် ပြတ်ကတည်းက ထပ်မဆုံတော့ဘူး..."



"အိုကေ ဒီလောက်သိရတာ သင့်ခ်ယူပါ မ,ရယ် ကဲဒါဆို

...န်တော်လည်း ပြန်ဦးမယ် မက်မုံဒီမှာ ငါ့ ဗစ်ဇစ်တင်းကဒ်နော်။

...က မ, အတွက်"

သူက အခုမှ ကဒ်ထုတ်ပေးဖို့သတိရသည်။

"ဟဲ့...တစ်ခုပေးရင်ရပါပြီ..."

"ဘယ်ဟုတ်မလဲ ငါက မကို သီးသန့်ပေးချင်တာ..."

"အံမယ်လေးနော်..."

"စကားတွေ အကြာကြီးထိုင်ပြောချင်တာ... နင့်ကို

အားနာလို့သာ ပြန်မှာ မက်မုံရ"

"ဟုတ်ပါရဲ့...မက်မုံ နားချင်ရောပေါ့..."

"အောဖ့်ရတဲ့နေ့ အေးအေးဆေးဆေး တွေ့ကြမယ်လေ

...လာခဲ့မယ်"

"အင်းပါ...အင်းပါ..."

စွမ်းပြည်က နှုတ်ဆက်ပြီး ပြန်ဖို့ပြင်သည်။ ခရမ်းနှင့်

...က်မုံတို့ နှစ်ဦးသား တံခါးဝအထိ လိုက်လံနှုတ်ဆက်စကား

...ဆိုကြသည်။

"စွမ်းပြည့်. . . တကယ်လာလည်ဦးနော်. . ."

"စိတ်ချ. . . မနက်ဖန်ကို ထပ်လာခဲ့မှာ. . ."

"ငါကနောက်တာဟဲ့. . . သိလည်းမသိဘူး. . ."

"အေးပါ ဟား. . ဟား. နောက်လည်း အတည်ပဲ ယူရမှာပဲ"

"စွမ်းပြည့် မဟုတ်တော့ဘူး. . ၊ ငွတ်ပဲ. . . ငွတ်ပြည့် လေး. . ."

မက်မုံစကားကြောင့် စွမ်းပြည့်က တဟားဟားရယ်လိုက်သည်။

သူ့ရယ်သံသြသြကြောင့် သုံးယောက်သား ပိုရင်းနှီးနွေးထွေးသကဲ့သို့ ဖြစ်ရပါသည်။

စွမ်းပြည့်ပြန်သွားလျှင် ဧည့်ခန်းလေးမှာ တိတ်ဆိတ်သွားရလေသည်။

ခရမ်းပြာနှင့် မက်မုံတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်မိပြီး. . . ။

"မက်မုံလည်း ပင်ပန်းနေရောပေါ့. . . လာ အခန်းထဲ



င် လှဲချင်လှဲလေ. . . အိမ်မှာ နှစ်ခန်းပဲရှိတာ တို့က ရှေ့အခန်း နေတယ်. . . မက်မုံက ထမင်းစားခန်းနဲ့ ကပ်ရက်အခန်းယူ ့လည်း အခန်းကို ပြင်တော့ပြင်ဆင်ထားတယ်. . . လိုတာ ည်း ပြောနော် ဝယ်ခြမ်းစရာတွေဘာတွေရှိရင် မနက်ဖန်မှ ယ်တာပေါ့. . . ဖြစ်တယ်မို့လား"

"အင်း. . . ကောင်းသားပဲ မက်မုံလေ အစက ဆင်ပြေပါ့မလားလို့ စိုးရိမ်နေတာ အခုတော့ မခရမ်းက ဘောကောင်းတော့ အစ်မတစ်ယောက် ရလိုက်သလိုပဲ ်လား အရမ်းဝမ်းသာတာပဲ. . . ။

"မက်မုံက- တစ်ဦးတည်းသော သမီးဆိုတော့ တို့နဲ့ တူပါပဲ. . ."

"ဒါဆို ဂိုဏ်းတူညီအစ်မတွေ ဖြစ်သွားပြီပေါ့ . . . း. . . ဟား"

မက်မုံက သူ့စကားသူ သဘောကျကာရယ်ရင်း ခရမ်းပြာ းကိုဖက်လျက် သူမရဲ့အခန်းရှိရာ လိုက်ပါလာသည်။

အလှူမီနီယံနှင့် မှန်ပြာပြာလေးများ ရောစပ်ကာ နှစ်ခန်း

ကပ်လျက် ဖွဲ့စည်းထားသော ပုံစံလေးက သပ်ယပ်သားနား နေပါသည်။

ခရမ်းပြာက ဆလိုက်တံခါးလေးကို တွန်းဖွင့်ပြလိုက် သောအခါ အိပ်ယာခင်း ပန်းနုရောင် အနားတွန့်လေးနှင့် ချစ်စရာကောင်းသော တစ်ယောက်အိပ် ကုတင်၊ စာကြည့်စားပွဲ နံရံကပ်ဘီရို အင်္ကျီလှမ်းဖို့ စင်တီး အဝတ်လှန်းစင် စသဖြင့်အသင့်ရှိ နေတာမြင်ရတော့ မက်မုံမျက်နှာလေး ပြုံးကာ

"ဟယ်. . . မိုက်တယ်တော့ ဒါမခရမ်းဝယ်ထည့်ထား ပေးတာလားဟင်။ မက်မုံက တိုက်ခန်းဆိုတော့ ခန်းစည်းဖွဲ့ ထားမယ်တောင်သပ်မထင် ထားဘူး. . ."

"တို့ဝယ်တာတော့ ဟုတ်ပါတယ်. . .။ ဒါပေမယ့် အန်ကယ်လ်က ပိုက်ဆံထုတ်ပေးတာ လက်ထဲမှာ နည်းနည်း တောင် ကျန်သေးတယ်. . .။ မှန်တင်ခုံက ကြိတ်သားလေးနဲ့ဆို ငါးသောင်း လောက်ရှိတယ်. . .။ မက်မုံလာမှပဲ စိတ်ကြိုက်ပုံစံ လေး ရွေးပစေတော့ဆိုပြီး ထားလိုက်တာ. . ."

"ဟုတ်လား. . . ဟန်ကျတာပဲ. . ."



မက်မုံက တက်ကြွသွားလျက် သူ့အဝတ်တွေယူပြီး ဘီရိုထဲ တခါတည်း ထည့်သည်။

"တို့ဝိုင်းကူမယ်လေ"

"ရပါတယ် မမရဲ့ မက်မုံက ဒါလေးသိမ်းရုံဥစ္စာ"

"ညနေစာကိုတော့ တို့နှစ်ယောက် အပြင်ထွက်စား ကြတာပေါ့. . .။ ဆိုင်က ဝန်ထမ်းတွေကိုတော့ ညမနက် ထမင်းကျွေးပါတယ်. . .။ ဟင်းကတော့ နှစ်မျိုးလောက်ပဲပေါ့။ မက်မုံတော့ စားတတ်ပါ့မလားမသိဘူး။ တို့ကတော့ ကြုံသလိုပဲ။ ငတ်ပါတဲ့နေ့မှပဲ ကိုယ့်ဘာသာ ချက်စား တာလေ. . ."

"မက်မုံလည်း မမအစီအစဉ်အတိုင်းပဲပေါ့. . ."

သူမကလည်းနိုင်ငံရပ်ခြားမှာ ကိုယ့်ဒူးကိုယ်ချွန်ပြီး ကိုယ့်ဘဝကိုယ် ရပ်တည်လာခဲ့ရသူမို့ သိပ်ချေးမများနိုင်ပါ. . ."

အဆင်ပြေသလို ကြည့်နေထိုင်ပြီး ငွေစုဖို့သာ တွေး ထားသည်။

"မေးကြည့်လိုက်တာ အားလုံးတို့သဘောချည်းပဲ ဖြစ်နေပါလား"

"မခရမ်းနဲ့တ ညီဖို့ကိုမလိုတာ"

"တို့လည်း အမြဲတမ်း အဲ့လိုလေးပဲဖြစ်ချင်ပါ
တယ်ကွာ"

"မခရမ်းက ချောလည်းချောတယ်။ အရည်အချင်း
လည်းရှိတယ်။ သဘောမနောလည်း ပြည့်တယ်။ အလိုက်လည်း
သိတယ်"

မက်မုံက စကားကိုရပ်ထားကာ နှုတ်ခမ်းလေးတစ်ချက်
ဖိကိုက်လိုက်သည်။

"အဲ့ဒီတော့ ဘာဖြစ်လဲ"

"စဉ်းစားစရာပဲ. . . ရည်းစားနဲ့ကွဲစရာကိုမရှိဘူး. . ."

မက်မုံက မရဲတရဲနှင့် တွေးဆဆလေးဆို၏။

"မမနားက စွန့်ခွါသွားတာ ဘယ်လိုလူလဲ အံ့သြစရာ
ပဲနော်"

"အကြောင်းတော့ ရှိတာပေါ့ကွာ. . ."

"ဘာအကြောင်းပဲ ရှိရှိလေ မမရာ. . ."

"တို့သိပ်ညံ့လို့နေမှာပေါ့. . ."



မက်မုံက ခေါင်းလေးယမ်းပြီး. . .

"မမညံ့တာ မဖြစ်နိုင်ဘူး. . ."

"ဒါဖြင့် သူတကယ်မချစ်လို့ပဲထားလိုက်. . ."

ခရမ်းပြာက ရယ်ဆဲလေးနှင့်စကားကိုဖြတ်သည်။

ရယ်နေသော မခရမ်းရဲ့ မျက်လုံးအိမ်ထဲမှာ ဆွေးမြေ့
ကြေကျင်မှုတွေ အရိပ်ငွေ့ငွေ့ဟပ်နေသည်။

ပါးစပ်ကသာ ပေါ့ပေါ့ပါးပါးလေးနှင့် ဘာမှမခံစားရ
သယောင် ဆိုပေမယ့် ရင်ထဲမှာတော့ ကြိတ်ဝမ်းနည်းနေမှာ
မက်မုံရိပ်မိသွားရသည်။

ရင့်ကျက်တဲ့ မိန်းမတစ်ယောက်ဆီမှာလည်း ကြေကွဲစရာ
အချစ်တွေ ရှိနိုင်ပါလားဟု တွေးမိသည်။

သို့သော် မက်မုံထပ်ပြီး မမေးလိုတော့ပါ။

"ဒါဆိုလည်း မေ့လိုက်ပေါ့ မမရယ်. . ."

"မေ့ထားခဲ့တာပဲလေ. . ."

"အသစ်ရှာလိုက်ပေါ့. . ."

မက်မုံက ထပ်တစ်ဆင့်တိုက်တွန်းသည်။

"တော်ပါပြီ မက်မုံရယ်. . ."

"အဲ့ဒီလူက မခရမ်းနဲ့ ရွယ်တူလား. . ."

"အင်း. . ."

"ဒီတစ်ခါ ကိုယ့်ထက်ငယ်တာနဲ့ တွေ့ကချင်တွေ့မှာပေါ့ မဟုတ်ဘူးလား"

မက်မုံရဲ့ မျက်စလေးချီကာ ပြောဟန်ကို သဘောပေါက်စွာ ခရမ်းပြာ ရယ်မောရင်း. . .။

"ကောင်မလေးနော်. . အောင်သွယ်ဖို့များ စိတ်ကူးထားတာလား မလုပ်ပါနဲ့ရှင် အေးအေးပဲနေပါရစေ။

"အချစ်ရှိမှ ဘဝက အဓိပ္ပါယ်ရှိတာမမရဲ့. . ."

"ငယ်တုန်းပျော်တုန်းမှာတော့ ဟုတ်ချင် ဟုတ်မှာပါ"

"မက်မုံလည်း ဆယ်ကျော်သက်မှ မဟုတ်ပဲ"

"ဒါဆိုရင်လည်း ညီမလေးက အရှုံးနဲ့ ရင်မဆိုင်ဖူးသေးလို့ပါကွယ်. . . အချစ်ဆိုတာ ပူလောင်မှန်း မသိသေးလို့ ဒီလိုပြောနိုင်တာပါ"

"မမကိုတော့ နားချဖို့မလွယ်ပါဘူး. . ."



"အဟင်း. . . ဟင်း. . ."

"ဒါပေမယ့်မက်မုံကတော့ လက်မလျော့ဘူး. . သိလား"

"ဘုရားရေ ဇွဲက ခပ်ကြီးကြီးပါလား. . ကဲ ဒါဆိုလည်း နောက်မှ ဆက်ပြောကြတာပေါ့ကွာ အခုတော့ တို့ဆိုင်ကို ပြန်ဆင်း လိုက်ဦးမယ်. . ."

ခရမ်းပြာက ပြောပြောဆိုဆို မက်မုံ့အခန်းထဲမှ ထွက်သည် မက်မုံ ကလည်း တံခါးဝအထိ ပြန်လိုက်လာ၏။

တွေ့ကြတာ နာရီပိုင်း အချိန်လေးမှာပဲ ခရမ်းပြာနှင့် မက်မုံသည် ထင်ထားတာထက် ပို၍ရင်းနှီးကျွမ်းဝင်မိကြသည်။



## မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သမီးလေးဖူးငုံပန်းရုံခရဲ့ (-------------------၂၀၁၀)နေ့တွင် ကျရောက်သော သုံးနှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀ ကျော်တိုင် မိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်သော သမီးကောင်းရတနာလေး ဖြစ်နိုင်ပါစေ။

ဖေဖေ ဦးဝေယံချမ်း

မေမေ ဒေါ်ခရမ်းပြာ



ခရမ်းပြာသည် သတင်းစာကြော်ငြာစာမျက်နှာရဲ့ တစ်နေရာကို ငေးမောစိုက်တန့် ငြိမ်သက်ရင်း တွေးနေမိသည်။

ဪ သူတို့ရဲ့သမီးလေးပင် သုံးနှစ်ပြည့်သွားပြီပဲ။ အင်းလေ အချိန်တွေက ပြောင်းလဲနေတာကိုး...

ဒါဆို မောင်နှင့်ခွဲခွါခဲ့ရတာက လေးနှစ်ပြည့်တော့မှာပေါ့။

ခရမ်းပြာက ပင့်သက်ကလေးတစ်ချက် ခပ်နက်နက် ရှိုက်မိသည်။

မောင်ရယ်...။

ခရမ်းရင်ထဲမှာ မောင့်ကို ချစ်မြတ်နိုးနေမိတုန်းပါပဲ။

ဒါဟာ မပြောင်းလဲနိုင်တဲ့ အရာတစ်ခုပဲ...။

ခရမ်းသိတယ်မောင်...။

တကယ်တော့ ကြေကွဲအားငယ်နေတဲ့ နှလုံးသားမှာ မောင့်ကို ဘယ်လောက်ထိ ပြင်းပြင်းပြပြ လွမ်းဆွတ်နေသလဲ သူမအသိဆုံးပါ...။

အချိန်တွေ ကြာမြင့်ခဲ့ပြီဆိုပေမယ့်လည်း အသည်းနှလုံးက ဒဏ်ရာ ဒဏ်ချက်တို့က မပျောက်ကင်းနိုင်သေးပါ။

ခရမ်းဖက်က ဘယ်လောက်ပဲ တန်ဖိုးထားထား ဘယ်လို အဖတ်ဆယ်ခဲ့ဆယ်ခဲ့ အချစ်တစ်ခုဟာ ပြိုကွဲချိန်တန်တော့လည်း ဘာမှ မတတ်နိုင်ပဲ ပြိုကွဲသွားခဲ့တာပဲလေ. . .။

ခရမ်းပြာရဲ့ မျက်ဝန်းအိမ်လေးမှာ မျက်ရည်စတို့ အိုင်းရစ်ဝဲ လာသည်။

သူမက မျက်နှာလေးကိုပင့်မော့၍ အံကြိတ်ထားသည်။

မငိုချင်တော့ပါဘူး မောင်ရယ်. . .။

ဒီအတိုင်းပဲ ရှိပါစေတော့. . .။

မျက်တောင်လေးတွေကို ပုတ်ခတ်၍ မျက်ရည်ကျမလာအောင် အားတင်းမိသည်။

ဘဝမှာ ဆုံဆည်းဖို့ကံပါမလာလို့သာ မောင်နဲ့ဝေးရတာလို့ သူမအကြိမ်ကြိမ် ဖြေသိမ့်ကြည့်ဖူးပါသည်။

ကိုဝေယံ. . .။

သူကတော့ဘဝမှာ အဆင်ပြေအောင်မြင်နေသူ. . .။

ချစ်ဇနီးနှင့် သမီးငယ်လေးနှင့် သူ့ဘဝက စိုပြေသာယာနေပြီ ထင်ပါရဲ့. . .။



တကယ်တမ်း ကြေမွပျက်ဆီးရတာက ချစ်တတ်သူ ဘစ်ဦးရဲ့ နှလုံးသည်းပွတ်လေးပါ။

သူ့ကြောင့်သာ မဟုတ်ရင်လို့ တွေးရင်တော့ အပိုပဲပေါ့လေ။ ရင်နာရုံကလွဲလို့ ဘာများထူးလာနိုင်မလဲ။

ကိုဝေယံရဲ့ စိတ်သဘောထားက ပြတ်သားရက်စက်သည်ဟု သူမထင်သည်။

သူမကလည်း လိုအပ်ရင် အေးစက်မာကျောနိုင်တဲ့ မိန်းကလေး တစ်ယောက်ပဲ ဖြစ်ရမှာပေါ့. . .။

ကိုယ်လိုလားသလို ကံတရားက အခွင့်အရေးမပေးဘူးဆိုရင်တောင် သူလိုလားတောင့်တသလိုလည်း ဖြစ်စေရဘူးဟု ခရမ်းပြာဆုံးဖြတ်ခဲ့သည်။

ကိုယ်ဝေယံဟာသူမကို တကယ်စွဲလမ်းခဲ့တာမဟုတ်ဘူးလို့လည်း စိတ်ထဲက အခိုင်အမာ ယူဆသည်။

သို့သော် သူလက်ထပ်တဲ့ ဇနီးကကြည့်ဦး. . .။

ဒီလောက်ပဲ အမည်ချင်း တိုက်ဆိုင်တူညီရသလား. . .။

မေမေ ဒေါ်ခရမ်းပြာတဲ့. . .။

ခရမ်းရဲ့အမည်ဟာ အမည်တူတွေ့ဖို့ နည်းနည်းခက်မယ်လို့ ထင်ခဲ့တာ. . .။

ကြုံကြုံဖန်ဖန်ဝေယံချမ်းဇနီးက ခရမ်းပဲတဲ့လား. . .။

ခရမ်းပြာသည် သတင်းစာက မွေးနေ့ဆုတောင်းလေးပေါ် လက်ထောက်ရင်း သေချာစူးစိုက် ငြိမ်သက်နေပြန်၏။

အခန်းထဲကထွက်လာသော ရွှေမက်မုံသည် မနက်စောစော ညေ့ခန်းမှာ ထိုင်လျှက် စားပွဲပေါ် သတင်းစာချဖတ်နေသော မခရမ်းရဲ့ စိတ်ဝင် တစား အမူအယာကို လှမ်းကြည့်ရင်း မမနားသို့ လျှောက်လာသည်။

မခရမ်းက မက်မုံအနား လာရပ်တာကိုပင် သတိမပြုမိ။ မျက်နှောင်လေး ကုပ်လျက်သား တစ်နေရာတည်းကို စူးစူးစိုက်စိုက် ကြည့်နေသည်။

"မမ"

"ဟင်"

ခရမ်းပြာ ဆက်ခနဲဖြစ်သွား၏။

"ဘာတွေဒီလောက် စိတ်ဝင်တစား ဖတ်နေတာလဲ"



ခရမ်းပြာပုံစံက အလန့်တကြားလေးဖြစ်သွားသည်ဟု မက်မုံ ထင်သည်။

"လက်ထပ်သတင်းလား ဘယ်သူလက်ထပ်သွားတာလဲ . . . ပြော. . . ပြော. . . လျှို့မယ်မကြံနဲ့နော်"

မခရမ်းရဲ့ မျက်ဝန်းမှာ မျက်ရည်စလေး ရှိနေတာကိုပါ မြင်ရတာမို့ မက်မုံကပို၍ သိချင်သွားရသည်။

ခရမ်းပြာထိုင်နေသော လယ်သာဆက်ဆီလေးရဲ့ နံဘေးမှာပဲ ကမန်း ကတန်း ပူးကပ်ထိုင်ချရင်း သူမလည်း သတင်းစာမျက်နှာထဲ ခေါင်းငုံ့ရှာဖွေ လိုက်သည်။

"မဟုတ်ပါဘူး မက်မုံရယ်"

"မညာနဲ့နော်. . .။ မမတစ်ခုခုပဲ မက်မုံ လုံးဝသိတယ်. . . ပြ. . . ပြ. . . ဘယ်မှာလဲ. . ."

မက်မုံသည် ဘေးကနေ အူယားဖားယား အတင်းလိုက်ရှာနေတာမို့ . . . . .

"မဟုတ်ပါဘူး မက်မုံရယ်. . . ဒီတိုင်းပဲ ကြည့်နေတာပါ"

"ဘာသတင်းကိုကြည့်တာလဲ"

"ဒီမှာ ကလေးလေး နာမည်လှလို့ ဖတ်နေတာ"

မက်မုံက မွေးနေ့ဆုတောင်းကို၊ သေချာအသံထွက်ဖတ်ကြည့်၏။

"ချစ်သမီးလေး ဖူးငုံဝန်းရံခ. . တဲ့. . .

ဖေဖေ. . . ဦးဝေယံချမ်း. . ."

"မေမေ. . ..ဒေါ်ခရမ်းပြာ. . . ဟာ. . . ခရမ်းပြာ ဒါဆို မမလား မမရဲ့သမီးလား. . ."

ဒီတစ်ခါ မက်မုံက အလန့်တကြားလှည့်မေးတာ ဖြစ်သည်။

"မမက ရည်းစားနဲ့ ကွဲတာမဟုတ်ဘူးလား၊ ကလေးရပြီးမှ ကွဲတာလား. . . ဒါဆို ဒီလူက မမခရမ်း နံမည်ကို ခုထိထည့်တုန်းပဲလား. . ."

"မဟုတ်တာ မက်မုံရယ်. . . ကြံကြီးစည်ရာ. . . တို့က အပျိုပါဟယ်. . .၊ ဒါက နံမည်တူတာပါ. . ."

"ဪ ဒီလိုလား မက်မုံတောင်လန့်သွားတာပဲ မမက လည်း မျက်ရည်တွေဘာတွေဝဲနေတော့ မမရဲ့ သမီးလေး



များလားလို့"

ခရမ်းပြာသည် အခုမှ ရယ်နိုင်သည်။

"မျက်ရည်ဝဲတာ မဟုတ်ပါဘူး. . . တို့အခုတလော ဖတ်ရင်ပဲ ဖြစ်ဖြစ် ကွန်ပျူတာကြည့်ရပဲဖြစ်ဖြစ် မျက်ရည်ပူက အလိုလိုကျချင်တာပါ. . . မျက်စိတောင်စမ်းမလားလို့"

"ဒါဆိုလည်း မပေါ့နဲ့ဦးသွားစမ်းသပ်မှ ဖြစ်မှာပေါ့. . .။ အဖော် လိုရင်လည်းပြောလေ. . ."

"မက်မုံ လိုက်ပေးမယ်ဆိုတာ တို့သိပါတယ်. . ."

"ဘယ်ကလာ၊ မက်မုံလိုက်ပေးမှာ မဟုတ်ဘူး မက်မုံနဲ့ဆို တက္ကစီနဲ့ ဂိုးနေရမှာပေါ့မမရဲ့ စွမ်းပြည့်ကို ချောဆွဲမလို့ ။. . . ဟိ"

"သူများကို ဒုက္ခမပေးစမ်းပါနဲ့ကွာ. . ."

"မမကလည်း. . . ဒုက္ခမှမဟုတ်တာ. . . ဖုန်းဆက် လိုက်ရင် စွမ်းပြည့် ပျော်လွန်းလို့ ခုန်ပေါက်ရောက်လာမှာ ရိုဘော့ အကနဲ့တောင် ကပြီး ရောက်ချလာမှာ မြင်ယောင်သေးတယ် သိရဲ့လား. . ."

"ဒီကောင်မလေးလည်း စွမ်းပြည့်ပဲ တယ် တတော့တာပဲ"

"ဒီမနက်တောင် သူဘရိတ်ဖက်စ်စားဖို့ လာခေါ်မယ် ပြောထားတာ မမရဲ့ . . ။ ကြည့်စမ်း မေ့တော့မလို့"

"မက်မုံရေချိုးချင်ချိုးလေ . . . တို့ခဏနေ အောက်ဆင်း တော့မယ်"

"အာ . . . မရပါဘူး . . . မမလည်းလိုက်မှရမယ် . . မက်မုံ တစ်ယောက်ထဲဆို စွမ်းပြည်က ခေါ်မယ် တောင်မထင် ပါဘူး . . . ပြီးတော့ သူနဲ့ နှစ်ယောက်ထဲလည်း မသွားချင်ပါဘူး တော်ကြာ မက်မုံ ကိုကို အထင်လွဲနေ ပါ့မယ်နော် ကဲ . . . ကဲ . . . မမလည်း အဆင်သင့်ပြင် . . . လာ . . . လာ . . ."

မက်မုံက တပါတည်း ဆွဲထူသည်။

ဒီကောင်မလေးဟာ စွမ်းပြည့်နှင့် တကြိတ်တည်း တညာဏ် တည်းပင်။

အပြင်မှာ ဘရိတ်ဖက်စ်စားဖို့ မကြာခဏစီစဉ်တတ် သည်။

မက်မုံရောက်လာမှ ခြောက်သွေ့နေသော ခရမ်းပြာ



ည်း တက်ကြွလှုပ်ရှားလာရပါသည်။

ကိုယ့်ဘာသာအိမ်မှာ ကော်ဖီတစ်ခွက်၊ ကိတ်မုန့်တစ်ခု နှင့် မနက်ခင်းစာ ပြီးလိုက်တတ်တဲ့ ခရမ်းဟာ မနက်ခင်းဆိုရင် ာ်မုံနှင့်အတူ ပြင်ဆင် အဝတ်အစားလဲရတော့သည်။

ဒီနေ့လည်း အတူတူပြင်ဆင်ပြီးနောက် သိပ်မကြာခင်

"မမရေ့ . . . စွမ်းပြည့်လာပြီ . . ."

မက်မုံက ဝရံတာလေးမှ ငုံ့ကြည့်ပြီး အိမ်ထဲဖက်သို့ ်မ်းအော်သည်။

ကားရပ်ပြီးလျှင်ကားပေါ်ကဆင်းပြီး အပေါ်ထပ်သို့ ့ကြည့်သော စွမ်းပြည့်စုံကို ရွှေမက်မုံက လက်ပြလိုက်သည်။

ထို့နောက်အိမ်တံခါး သော့ခတ်ကာ သူမတို့နှစ်ဦးသား င်းလာကြ၏။

စွမ်းပြည့်သည် လမင်းလေးတစ်စင်းလို ဝင်းပနေသည့် မ်းပြာကို မြင်လိုက်တာနှင့် ရင်ထဲလှိုက်ခနဲခုန်သည်။

မမဝတ်ထားတာက ရှားစေးရောင် ရင်လျားပုံစံ အင်္ကျီ က်ပြတ်လေးနှင့် ဆင်စွယ်ရောင်ပေါ် ရှားစေးရောင် အခက်

အနွယ်လေးတွေပါတဲ့ စကော်လုံချည်အသား ပျော့ပျော့ လေးပါး အပေါ်က လက်စကေ့ ကုတ်တီလေး ထပ်ဝတ် ထားသည်။ အဲ့ဒီ ကုတ်တီလေးကြောင့် ပိုပြီးမိန်းမဆန်သွား၏။

ညှင်သာနွဲ့နှောင်းသော ဟန်ပန်လေးဟာ ဘယ်လို နေနေ ဘာပဲဝတ် ထားထား စွဲဖွက်စရာကောင်းနေတာ ထူးဆန်း သည်။

ခရန်းပြာဆီမှာ လျှို့ဝှက်သော ညှို့ဓါတ်လေး တစ်မျိုး ရှိသည်။ ကြည့်မိ တာနှင့် စိတ်ကိုဆွဲဆောင်ဖမ်းစား ညှို့ယူသွား သည်ဟု စွမ်းပြည့်ထင်သည်။

နူးညံ့သော မျက်နှာလေးဆီမှ စွမ်းအကြည့်မလွှဲနိုင်။

သူ့နှုတ်ခမ်းတွေလည်း အလိုလိုပြုံးနေမိသည်။

ဂျင်းဘောင်းဘီပုံကျကျ၊ တီရှပ်အကျပ်လေးနှင့် စတိုင်လ် ကျသော ပုလဲခါးပတ်လေးကိုပါ ပတ်ထားတဲ့ ကြော့ကြော့ မော့မော့ ချစ်စဖွယ်မက်မုံကိုတော့ သူကမကြည့်ပေ။

တကယ်ဆို မက်မုံပုံစံလေးကမှ ခေတ်မီလှပပြီး ကြည့်ချင် စဖွယ် ဖြစ်နေတာ။ မခရမ်းရဲ့ပုံစံက လူကြီးဆန်နေတာကိုများ အငေးကြီးငေးနေပုံက အမြင်ကပ်ဖွယ်ပင် ကောင်းသေး။



စွမ်းပြည့်ကလည်း ဒီနေ့အတော်သားနားနေသည်။

သူက အရင်ကလည်း ရှိုးများတဲ့ ကောင်းလေး တစ်ယောက်ပါပဲ။

ဆံပင် အချွန်အမျှင်လေးတွေက သေချာပုံဖော်ထားတာ ထည်သာ နေသလို မျက်နှာကိုလည်း ဘာတွေဘယ်လို ကဲလုပ်ထား သလဲမသိ ဖြူနုပြီး ဝင်းစိုပြောင်းတင်းနေသည်။

အကျီက တီရှပ်အနက်ပေါ်ကနေ ဆင်စွယ်ရောင် ကုတ်အကျီကို ထပ်ထားသည်။ စတိုင်လ်ဘောင်းဘီကလည်း ဆင်စွယ်နှစ်ရောင် မကျတကျ။ ဘွတ်ရှူးအမြင့်နှင့်ဆိုတော့ သူ့အရပ်က ပိုမြင့်ပြီး မော့ပင်ကြည့်ရသည်။

သူ့ပုံစံသူ့စတိုလ်က မခရမ်းနှင့် သိပ်တော့မအပ်စပ်။ သို့သော် ဝတ်ထားတာက နှစ်ဦးသားအရောင်ဆင်တူလေးတွေမို့ ကြည့်လို့ကောင်းနေ သည်။

သူက ကားရှေ့ခန်းတံခါးလည်း ဖွင့်ပေးသလို နောက်ဖက် တံခါးကို လည်းဖွင့်လိုက်ရင်း. . .။

"တစ်ယောက်တော့ ရှေ့မှာထိုင်ပေးကွာ. . ."

"ထိုင်ပါဘူး . . ."

"မက်မုံ . . . မညစ်နဲ့ကွာ . . ."

စွမ်းပြည့်က သူဒရိုက်ဘာလို ဖြစ်နေမှာစိုးတာထ
မခရမ်းနှင့်အတူ ယှဉ်တွဲထိုင်ချင်တာက ပိုတယ်ဆိုတာ
မက်မုံရိပ်မိ သည်။

ဒါကြောင့်လည်း မျက်စောင်းလေးတစ်ချက်ဝင့်ပြီး . . .

"ငါက နောက်မှာပဲ . . . . ဟွန်း"

ဟုဆိုကာ နောက်ခန်းထဲ စွေ့ခနဲ နေရာယူလိုက်ပါသည်

ခရမ်းပြာက ဘာမှစောဒကမတက်ပဲ ရှေ့ခန်းမှာ
ထိုင်ပေးလိုက်ပါသည်။

ဒီကောင်လေးရဲ့ပုံက ကြွေနေမှန်းသိရဲ့နဲ့. ကိုယ်က
မျက်နှာသာပေး၍ လိုက်လျောရာ မျှော်လင့်ချက်ပေးရာကျ
မလားတော့မသိ။

သို့သော် အတူတူ ထိုင်ရုံမျှနှင့်တော့ သူလိုရာဆွဲမတွေး
လောက် ပါဘူးလေ . . .။

စွမ်းပြည့်စုံကတော့ လေးကလေး တစ်ချက်ပင်ချွန်မိတာ



ရွှင်ကြည်နူးသွားရ၏။

လှပသော မနက်ခင်းလေးမှာ ပို၍ သာယာစိုပြေသွား
လို့ ထင်မိသည်။

ကိုယ့်နံဘေးမှာ ကိုယ်စိတ်ဝင်စားရတဲ့ အမျိုးသမီး ကလေး
နေရုံနှင့်ပင် အတိုင်းမသိ ကျေနပ်ရပါသည်။

မက်မုံသည် စွမ်းပြည့် အမူအယာလေးကို အကဲခတ်
င်း သူတကယ်နှစ်လိုပျော်ဝင်နေပြီဆိုတာ ယုံမိလေသည်။

အခုတော့ မခရမ်းမှာ ထူးခြားတဲ့ ဆွဲဆောင်မှုရှိ
ယ်ဆိုတာ အတူနေရတဲ့ ရက်ကလေးအတွင်းမှာ မက်မုံသိလာ
ပြီ . . .။

ဆုံလိုက်တဲ့ ယောက်ျားလေး အတော်များများဟာ
မ်းပြာဆီက အကြည့်ကို ချက်ချင်းမခွဲနိုင်ကြ။ ငေးခနဲခိုက်တန့်
ပြီးသက်ကုန်ကြသည်။

ဘာကြောင့် ယောက်ျားတွေ ဒီလို အလေးအနက်
တ်ဝင် စားသလဲ မက်မုံမတွေးတတ်။

ဆိုင်က မန်နေဂျာကိုထိုက်ဆိုလည်း မခရမ်းဆို ပျာပျာ

သလဲ အရေးပေးတာပဲ။ ဟိုဖက်တိုက်က ဆရာဝန် ပေါက်စ
ဆိုလည်း မခရမ်းဆီ ဖုန်းဆက်တတ်သလို မကြာခဏ ဆိုင်
ဝင်ထွက်တတ်သည်။

အနည်းဆုံးတော့ ခင်မင်သဘောကျသူတွေ ဝိုင်း
ပတ်ချာလည် နေတာ မက်မုံမျက်မြင်. . . .။

"မ, ဘယ်ဆိုင်သွားချင်လဲ. . ."

"မသိဘူးလေ. . . . မက်မုံကိုမေး"

"မခရမ်းပြာ စားချင်တာ ပြောမှပေါ့၊ သူက မမကို
ဉစ္စာ"

"ဒါဆိုရင် ငါက နန်းကြီးသုပ်"

" Feel ကို သွားမလား. . ."

"ကောင်းသားပဲ စွမ်းပြည့် မလ
မုန့်ဟင်းခါးကောင်းကောင်း နဲ့ မြန်မာမုန့်လေး
စားချင်နေတာ အတော်ပဲပေါ့. . ."

ခရမ်းပြာ နှုတ်ဖျားက အခုမှပဲ စားချင်းတဲ့မုန့်အ
ထွက်လာသည်။



စွမ်းပြည့်က ကားကို အလုံဖက်ဦးတည်းလိုက်သည်။

မနက်ခင်းမှာ ဆိုင်ကလေးက ရှင်းလင်းသန့်ပြန့်
သည်။ မုန့်ဟင်းခါး ရနံ့ကလည်း မွှေးကြိုင်သင်းပျံ့နေ၏။

စွမ်းပြည့်တို့ သုံးယောက်သည် အပြင်ဖက် ကစားပွဲလေး
နေရာယူသည်။

စွမ်းပြည့်က ခရမ်းပြာနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံကို
မသာ ရွှေလျက် သူကိုယ်ကြီးက အလိုလိုရွေ့ဖက် ကိုင်းချင်
သည်။

ဖြစ်နိုင်လျှင် စားပွဲပေါ်တင်ထားတဲ့ ခရမ်းပြာ လက်
လေးကိုပင် ထိတွေ့ကိုင်လိုက်ချင်တဲ့ပုံ။

စားစရာတွေမှာထားပြီး နောက်မှာလည်း သူ့အကြည့်က
မ်းပြာ မျက်နှာလေးဆီမှ မခွါနိုင်. . .။

"မ, ဘာမှာဦးမလဲ"

"အခုကိုပဲ မှာတာတွေ များနေပြီ"

"ဘာပဲဖြစ်ဖြစ် စုံအောင် ထပ်မှာလိုက်မယ်"

"အို . . . . တော်ပါပြီဆိုမှ. . . ."

"စွမ်းပြည့်နော်. . . . နင်အကဲပိုတာ နည်းနည်းလျှော့"

မက်မိုက အမြင်ကပ်သလို သတိပေး၏။

စွမ်းပြည့် ရယ်ကျဲကျဲနှင့်. . . . .

"ဘာလဲဟာ. . . ငါက မ,ကို စားစေချင်လို့ပါ. . ."

"အချိန်တွေရှိပါသေးတယ်ဟဲ့၊ နင်အခုလို မနက်တိုင်း

လာခေါ်မလား ငါတို့မနက်တိုင်းလာ ဒကာပေး မယ်လေ"

"မနက်တိုင်း မဟုတ်ဘူး. . . . . တစ်သက်လုံး. . ."

"အေး. . . ကောင်းသားပဲ၊ ငါပါလိုက်မှာနော်"

"ခေါ် ရမှာပေါ့. ။ မြင်ချင်တဲ့သူ. . .' ကျွေးချင်တဲ့သူတို့

စေတနာပေါက်မိတာကိုးဟ. . ."

"ဩော်ကောင်စုတ်၊ ငါ့ကိုတော့ စေတနာ မပေါက်ဘူး

ပေါ့လေ သိပါတယ်"

"ဟ. . . ငါအဲလိုမှ မပြောဘဲ. . . ."

"နင့်ပုံစံက ပေါ်တင်ကြီးပဲ. . . . အသိသာကြီး"

"မဟုတ်ပါဘူးဟာ. . . .၊ စိတ်မဆိုးပါနဲ့. . . "

စွမ်းပြည့်သည် မက်မိုနှင့်စကားပြောလျှင် ရိုးရိုးသားသား



သူငယ်ချင်းလေသံပေါက်လျှက် မခရမ်းဘက်ကြည့်ပြီးဆိုတာနှင့်

မျက်လုံးက အရောင်ပြောင်းသွားပြီ. . . စကားသံကလည်း

အလိုလို ချိုသာလိုက်လှဲသွားတတ်သည်။

အခွင့်သာတာနှင့် သတိလက်လွတ် စူးစူးငေးငေး

စိုက်ကြည့် ငြိမ်သက်သွားတတ်သည်။

တချက်တလေများ ရင့်ကျက်ပါတယ်ဆိုတဲ့ ခရမ်းပြာပင်

ကောင်ကလေးရဲ့ ချိုရီရီ နူးညံ့ပျော်ဝင်သော အကြည့်ငေးကြောင့်

မျက်နှာကလေး မထားတတ်သလို ဖြစ်သွားတတ်သည်။

ခုတလော စွမ်းပြည့်က ပို၍ပင် ပျက်ယာခတ်ယောင်

ချာစိုက် ကြင်နာဟန်ရှိသေးသည်။

"အေးပါ. . . မဟုတ်ရင်ပြီးတာပဲ. . . .၊ မခရမ်းက

ငါ့လူ နော်. . . အခုတောင် ငါ့အတင်းခေါ်လို့ လိုက်လာတာ၊

သိရဲ့လား. . ."

"ကျေးဇူးမမေ့ပါဘူး ခင်ဗျား . . . ရှဲ့ရှဲ့. . ."

စွမ်းပြည့် နောက်တီးနောက်တောက် ရှဲ့ရှဲ့ လုပ်လိုက်

သေးသည်။

ထိုအချိန်မှာပင် ပူပူနွေးနွေး ဖွယ်ဖွယ်ရာရာ စားသောက်စရာတို့ ရောက်ရှိလာပြီမို့ ဗိုက်ဆာဆာနှင့် အတူတကွ စားသောက် လိုက်ကြသည်။

ခရမ်းပြာက ကျူငြှေရရလေးပင်. . .။

ကောင်ကလေးရဲ့ တရိုက်မက်မက် ရောက်လာတတ်သော အကြည့်စူးရှရှလေးများကို မသိဟန်ဆောင်ထားသည်။

စွမ်းပြည့် ကတော့ မ,ရဲ့ မုန့်စားပုံလေးကိုလည်း သဘောကျမိသည်။

သပ်သပ်ရပ်ရပ် ကြော့ကြော့မော့မော့လေး. . .။

သူမှာ ကြည့်ရင်း. . . ကြည့်ရင်းက ရင်ထဲမြတ်နိုးမှုတွေ တရိပ်ရိပ် တိုးနေရသည်။

သူမကို ချစ်မိပြီလား. . . .။

သေချာသည်။ စွမ်းပြည့် တမြတ်တနိုးစွဲမက်ရတဲ့ ချစ်သူကို တွေ့နေရပြီ. . . .။

တစိမ့်စိမ့်ထိုင်ကြည့် နေချင်မိတာ. . .။



မ, ဖက်ကသာ သူ့ကို ချစ်ခွင့်မပေးရင်ရော. . . . သူတကယ်မလွယ်။

တဖြည်းဖြည်းနဲ့ မရဲ့ဆွဲငင်အားမှာ သူပိုပြီးနစ်မျောကျွံခဲ့သာမြင်သည်။

ပြင်းပြင်းပြပြ နှောင်ဖွဲ့ချင်လာတဲ့ သူ့စိတ်ကို စွမ်းပြည့်ကိုယ်တိုင်လည်း အံ့ဩမိပါသည်။

သူဘယ်လောက်ထိ တန်ဖိုးထား ချစ်မိသွားပြီလဲဆိုတာ ခရမ်းပြာယုံအောင် ပြောပြချင်ပါသည်။

“မ, ဒီကအပြန် ဘယ်ဝင်ချင်သေးလဲ”

စွမ်းပြည့်စုံက မခွဲမခွါချင်သေးသလို ဂရုတစိုက်မေးသည်။

ခရမ်းပြာက လက်မှနာရီ ဒိုင်ခွက်အဝိုင်းလေးကို တစ်ချက်ကြည့်ပြီး. . . .

“အချိန်မရတော့ဘူး စွမ်းရဲ့ ဆိုင်ကိုပြန်ဝင်ရတော့မှာလေ. .”

“ဒါဆို နောက်နေ့ စောစောလမ်းလျှောက်ကြမလား၊ ဘုန်းတော်ကြီးဖက် တစ်ပတ်လောက်ပေါ့. . . .”

"ကောင်းသားပဲ. . ."

ရွှေမက်မုံက လက်ဖဝါးပေါ် မေးထောက်လျှက် မမနှင့် စွမ်းပြည့် ကို ငေးကြည့်နေမိ၏။

မမခရမ်းလည်း နောက်တော့ သဘောကျသွားမှာပေါ့ လေ။

ကိုယ့်အပေါ် နွေးထွေးပျာယာခတ်နေတဲ့ ကောင်ကလေး ချောချောကို ငြင်းပယ်ဖို့ဆိုတာ အခက်သားပဲမဟုတ်လား. . .။

စွမ်းပြည့်ကို ကြည့်ရတာလည်း အသည်းအသန်မရအရ ပိုးပန်းတော့မည့်ဟန်. . .။

မက်မုံ သူတို့နံဘေးကနေ ရှောင်ပေးမှပဲ ဖြစ်တော့ မှာပါ. .။

ရင်ထဲမှာ တမျိုးလေးသော ခံစားချက်နှင့်အတူ ကိုကို ကို သတိရသည်။

ကိုကိုကတော့ မက်မုံအပေါ် ဒီလောက်ကြီး အောက်ကျို့ ပျာယာခတ်မနေ။

သူက လူကြီးဆန်သည်။



ကိုကို့ရဲ့ အချစ်က မပူလောင် မပြင်းပြ။

မက်မုံကို ဝန်တိုချုပ်ချယ်တာမျိုးလည်း မရှိပေ. . .။

အသစ်တစ်ယောက်များ တွဲနေမလားဟု ကိုကို ဘယ်တော့မှ စိတ်မပူ။

ဒါဟာ သိပ်မချစ်လို့များ သဘောထားကြီးချင်ယောင် ဆောင်တာလား မက်မုံမဝေခွဲတတ်။

ဘာပဲဖြစ်ဖြစ် မက်မုံဖက်ကလည်း လွမ်းရသည်။

တမ်းတရသည်။

သူတို့နှစ်ယောက်သာ ချစ်သူဖြစ်သွားရင် မက်မုံပိုပြီးတော့ ဘက်ပဲ့ အထီးကျန်လိမ့်မည်။

ဘာကြောင့်မှန်းမသိ တစ်စုံတစ်ရာကို စိတ်ထင့်သလိုလို မရေမရာခံစားချက်နှင့်အတူ အလိုမကျခြင်း ဆန်ဆန်ဖြစ် မိသည်။

တကယ်တော့ မခရမ်းက စွမ်းပြည့်ကို လက်ခံတာ၊ လက်မခံ တာဟာ မက်မုံနှင့်တိုက်ရိုက် ပတ်သတ်ခြင်းလည်း မရှိပါဘဲနှင့်. .။

မမခရမ်းအပေါ် တွယ်တာနှောင်ဖွဲ့မိတဲ့ စိတ်ဟာ ဆန်းကြယ် နေပါသည်။ မက်မုံလောဘကြီးနေမိတာပင် အံ့ဩစရာ ဖြစ်နေပြီ။

စိတ်ထဲက ကိုယ့်ခံစားချက် ကိုယ့်ဘာသာပြုံးမိလေသည်။





ထိုညက ကရဝိတ်ဥယျာဉ်ထဲမှာ ဈေးရောင်းပွဲတော်ရှိတာမို့ မက်မုံက စွမ်းပြည့်ကို လိုက်ပို့ဖို့ စကားစသည်။

ဟိုကလည်း ဘယ်လိုအပြင်ထက်ဖို့ အကြောင်းရှာရမလဲ ဘာစူနေတာမို့ ဟန်ကျသွားသည်။

"ကောင်းတယ် မက်မုံ. . .၊ လမ်းလျှောက်ရင်း လေညှင်းလဲ ခံလို့ရတာပေါ့. . .၊နင်လည်း ရန်ကုန်ရောက်ကတည်းက ဘယ်မှ သိပ်မထွက်ဖြစ်သေးဘူးမို့လား. . ."

"အောင်မယ်၊ ငါ့ကို စေတနာရှိသလိုလို လေသံဖမ်းနေ

ပြန်ပြီ၊ မသိတာမှတ်လို့ စွမ်းပြည့်နော်. . . နင်နဲ့ငါက အယေး အယူရှိတယ်. . . ငါစားချင်တဲ့မုန့်တွေ အကုန်ဝယ်ကျွေး ရမယ်. . . ဒါမှ မခရမ်းကို ငါက ရအောင်ခေါ်မှာ. . . ."

"တို့နားချင်ပြီမက်မုံရယ် ဒီညအိမ်မှာပဲ စာအုပ်ဖတ် တော့မယ်"

"ဟာ. . . မရဘူးဗျာ. . . ဒီလိုတော့မလုပ်နဲ့ လမ်းသွား လျှောက်တယ်ဆိုတာလည်း အပန်းပြေတာပဲ. . ."

စွမ်းပြည့်က အတင်းအကျပ် တိုက်တွန်းသည်။

ဒီလိုနှင့် နှစ်ယောက်သား ခရမ်းကို ကပ်ပြီး ဦးနှောက်စား နေတာမို့ နောက်ဆုံးတော့ အဝတ်အစားလဲပြီး သူတို့နှင့် ကရဝိတ်ကို ရောက်ခဲ့ရပါသည်။

စွမ်းပြည့်က ခရမ်းကို လှည့်တကြည့်ကြည့်နှင့် ပြုံးပျော် ကျေနပ် နေသည်။

မ, ဝတ်ထားတဲ့ ပိတ်စအဆင်အသွေးလေးက အရမ်းလှ သည်။ အဖြူခံပေါ် အပြာနုရင့် ပန်းခင်းလေးပါတဲ့ ဒီဇိုင်း. . .။

မ, က ဆံပင်ရှည်ရှည်စင်းစင်းလေးနှင့် လမ်းလျှောက်ပုံ



လေးကလည်း နွဲ့နှောင်းပြီး မိန်းမဆန်တာမို့ ထိုဝတ်စုံလေးနှင့် ...၍ လိုက်ဖက်ကြည့်ကောင်းသည်။

မက်မုံကတော့ထုံးစံအတိုင်း ဂျင်းဘောင်းဘီအကျပ် လေးနှင့် တီရှပ်ပန်းရောင်လေးကိုသာ ဝတ်ထားတာမို့ ဘာမှ ထူးခြားဟုထင်သည်။

စွမ်းပြည့်စုံက စတိုင်လ်ဘောင်းဘီနှင့် စပို့ရှပ်လက်စည်း နှင့်မို့ ကြည့်လိုက်လျှင် မက်မုံနှင့်ပိုလိုက်ဖက်ညီသလို ဖြစ်နေ သည်။

သို့ပေမယ့် စွမ်းပြည့်က မ,နားသို့သာ ထိလုမတတ် ကပ် လျှောက်သည်။

မ, မျက်နှာလေးကြည့်ရတာနှင့် သူရင်ဖိုရသည်။

"စွမ်းပြည့်. . . ခလုတ်လည်းတိုက်ဦးမယ်နော်. . ."

"ဟား. . . ဘာလဲ. . ."

"မက်မုံ စ,လိုက်သဖြင့် စွမ်းပြည့်မျက်နှာ ရယ်ကျဲကျဲနှင့် အနည်းငယ် ရှက်သွားရသည်။

"ဩော်. . . ဝေါလ်ကင်းရှူးကြီးစီးပြီး လှေကားတက်

ရမှာများ မေ့နေပြီလားလို့ပါ. . .”

သူတို့ လျှောက်လာတဲ့ တံတားပြင်လေးမှာ လှေတား

အတက် အဆင်းတို့လည်း ရှိတာအမှန်. . .”

သူက မမျက်နှာပဲ တစ်ချိန်လုံးငေးနေတော့ ခလုတ်တို

ဖို့ကလည်း သေချာနေရာ မက်မုံ သတိပေးတာလည်

မလွန်ပေ. . .။

“အကောင်းနဲ့ သတိပေးတာနော်. . .။ ငါ့ကို မျက်လုံးပြ

မကြည့်နဲ့. . .။”

“အလိုက်သိသိနဲ့ တိတ်တိတ်လေးနေစမ်းပါကွာ. . .

သာယာတဲ့ ညအလှလေး ခံစားပါရစေ. . .။

“ဟား. . . ဟား. . . ညအလှတဲ့. . . မမရဲ့အလှဖြ

အလှပေါ့. . .။ သွယ်ဝိုက်နေရသေးတယ်. . .”

“ဟုတ်တယ်ကွာ. . . ဘာဖြစ်လဲ. . .”

ခရမ်းပြာက မသိသလိုသာ အဝေးကိုငေးလျှက် မကြာ

ယောင် ဆောင်နေပါသည်. . .။

ဟိုးအဝေးရေပြင်ဆီကို ငေးမောနေသော ဟန်ပန်



းလေးက ငြိမ်းချမ်းလွန်းလှသည်။

မရဲ့ ဆံနွယ်လေးတွေက လေအဝှေ့မှာ လွင့်မျော

နေသည်။

ဘယ်သူက အရင်ခြေလှမ်းရပ်လိုက်သလဲ မသိပေမယ့်

တံတားလေးရဲ့ လက်ရန်းကို အတူတူမှီရပ်မိကြသည်။

မက်မုံတော့ သိပ်မနာလိုချင်ပေ. . .။

စွမ်းပြည့်ရဲ့ တငေးတမော အရိပ်တကြည့်ကြည့် နှစ်လို

မက် သော မျက်လုံးတွေကို တွေ့နေရသောအခါ မက်မုံရင်မှာ

ကို့ကို ပြင်းပြစွာ လွမ်းဆွတ်လာမိသည်။

ကိုကိုလည်း သိပ်မကြာခင်တော့ မြန်မာပြည်ကို ပြန်လာ

တော့ မှာပါလေ. . .။

လွမ်းရက်တွေကို သီချင်းထဲကလိုပဲ တဖြေးဖြေးနဲ့

ပြတ်ကျော် ရမှာပေါ့. . . .။

ရင်ထဲမှာ လစ်ဟာနေတာလည်း အမှန်ပင်. . .။

အင်းလေ. . . သူတို့လည်း အေးအေးလူလူ

ကားပြောချင် ဦးမှာပေါ့. . .။

"မ"

"ဟင်"

စွမ်းပြည့်က အသာအယာတိုးတိုး ကပ်ခေါ်သည်။

ခရမ်းပြာက မျက်နက်ဆန်လေး ရွှေ့ကြည့်၏။

"မနေ့ညက ဖုန်းဘာလို့ မပြောတာလဲ. . ."

"ပြောတယ်လေ"

"ကျွန်တော်မေးတာတွေလည်း မဖြေဘူး. . ."

"ဖြေစရာမှ မလိုပဲ. . ."

"စကားပြောလို့တောင် မဝသေးဘူး. . . မ, က ဂွတ်နိုက် လုပ်ရော. . ."

"အိပ်ငိုက်ပြီလေကွာ. . ."

"ကျွန်တော်က တစ်ညလုံး ပြောချင်တာ. . ."

ဘေးက မက်မုံကို သိပ်ထည့်တွက်မနေတော့ပဲ စွမ်းပြည့် က ရင်ထဲကအရှိအတိုင်း ပြောလိုက်သည်။

မက်မုံက ဟိုဖက် မျက်နှာလွှဲကာ ရယ်ချင်နေမိ၏။

စွမ်းပြည့်တော့ ရင်ထဲကအချစ်တွေကို ဆက်မအောင့်အီး



ိုင်ခတော့ပုံဖြစ်နေသည်။

ညည့်လေပြေအေးအေးမှာ မက်မုံမျက်နှာပူသလိုလို ခနေတတ် ကြီး ဖြစ်နေမိ၏။

မမခရမ်းနှင့် တွဲထားတဲ့လက်ဖျားလေးကို အသာဖြုတ် ်က်လျှင်။

"ဘယ်ကိုလဲ မက်မုံ"

"ဒီနားမှာ ပေါက်ပေါက်ဆုပ်သွားဝယ်ဦးမလို့ ခဏလေး . . .။ မက်မုံ ပြန်လာမယ်နော်. . ."

စွမ်းပြည့်က ကျေးဇူးတင်သလို ပြုံးပြသည်။

မက်မုံ သူတို့နားကနေ လှစ်ခနဲ ထွက်လာခဲ့၏. . .။

ပေါက်ပေါက်ဆိုပ်တို့ ရေခဲချောင်းတို့ ရောင်းတဲ့လှည်း ကလေးဆီ ရောက်ဖို့ ခပ်ဝေးဝေးကို လျှောက်ရဦးမှာလေ. . .။

စွမ်းပြည့်ကတော့ မက်မုံရှောင်ပေးတာကို ကျေနပ် ်မ်းသာ သွားမိရင်း မ,အနားသို့ ပိုတိုးကပ်လိုက်သည်။

"မက်မုံကလေ. . . ကလေးလိုပဲ"

"ကောင်းပါတယ်ဗျာ. . ."

"ဘာကောင်းတာလဲ. . . ဟွန်း. . ."

"ကလေးလို အလိုက်သိတာ ကောင်းတာပေါ့လို့ ပြောတာပါ"

"မင်းနော်"

"ဟား. . . ဟား. . ."

"ဘာရယ်နေတာလဲ. . ."

မ, နားမှာ ခုလိုနေရတာ ပျော်လွန်းလို့ပါဗျာ. . . အမြဲတမ်း နေခွင့်ရချင်တယ်. . ."

ကောင်လေးကို ခရမ်းပြာ မျက်စောင်းရွယ်မိတော့ အခွင့်သာတုန်း ရည်းစားစကားပြောချင်နေတဲ့ ဟန်မျိုးပါလား နော်. . .။

"ကဲ. . . မတို့လည်း မက်မုံနောက်လိုက်ရအောင်. . ."

"ဟာဗျာ. . နေပါဦး. . . မ, ကလည်း. . ."

"ဒီမှာ ဘာလို့ရပ် နေမှာလဲ"

"စကားပြောချင်လို့. . . ."

"ဘာလဲကွာ. . . ."



"မ, မျက်နှာလေး ငေးနေ့ချင်တယ်"

"မင်း အဲဒီလို လျှောက်မပြောနဲ့နော်. . ."

"တကယ်ပြောတာ. . . မ,ကို ကျွန်တော် ချစ်နေပြီ. . ."

"အို. . . ပေါက်ကရ. . ."

"ဟာ. . မ,ရာ . . . အရမ်းချစ်နေတယ်ဆိုမှဗျာ"

"မင်း ဘယ်လိုဖြစ်နေတာလဲ"

"မ,ကို တစ်ရက်မတွေ့ရရင် ကျွန်တော်မနေနိုင်ဘူး. . ."

"တော်ပြီ. . . ထပ်မပြောနဲ့တော့. . ."

"မ,ရယ် နားထောင်ပေးပါ ရင်ထဲမှာ မဆန့်တော့ဘူး"

"ကျွတ်. . . ဒုက္ခပါပဲ. . . ."

"ဟုတ်တယ်. . . . မ, အချစ်ရဲ့ ဒုက္ခပဲ. . .။ မ ...ယ်တင် ဖို့လိုနေပြီ. . ."

"အဓိပ္ပါယ် မရှိတာတွေ လျှောက်မပြောနဲ့. . . ...င်းနဲ့တို့နဲ့ အရွယ်တူလည်း မဟုတ်ဘူး. . ."

"မ. . . အဲ့လို မပြောင်းနဲ့ဗျာ. . ."

"ပြောင်းရမှာပဲ. . .။ တို့ဘာသာ အေးအေးပဲနေစမ်း

ပါရစေ စွမ်းပြည့်ရယ်. . .”

“တစ်ခါလောက် ချစ်ကြည့်လိုက်ရင် စိတ်ချမ်းသာရမှာပါ. . .”

“တော်ပါပြီ. . . အချစ်ဆိုတာကို တို့မယုံဘူး. . .”

“အဲ့ဒါကြောင့် မ,ကို သင်ပေးချင်တယ်”

“ဘာရယ်”

“မ, ယုံအောင် ဘာလုပ်ရမလဲ. . . ကျွန်တော် မ, အပေါ် တကယ်အလိုလိုက်ပြီး။ အရမ်းချစ်မှာပါဗျာ။ မ, ကို တန်ဖိုးလည်း ထားတယ်။ စိတ်ချမ်းသာစေရမယ်။ ကတိလည်းပေးတယ်။”

“ခက်တာပဲ စွမ်းပြည့်ရယ်. . . တို့ရင်ထဲမှာ အချစ်ဆိုတာ မရှိတော့ဘူး. . .”

“မ, အသည်းကွဲဖူးတယ်ဆို. . .”

“မင်းကို ဘယ်သူပြောလဲ. . .”

“ဒီလိုပဲပေါ့. . .”

“မက်မုံ ပြောတာမို့လား”

“ဘာပဲဖြစ်ဖြစ် မ, ကျွန်တော့်ကို စဉ်းစားပေးဗျာ နော်”



“မစဉ်းစားချင်ဘူး စွမ်းပြည့် တို့နဲ့မင်းနဲ့ ဖြစ်လည်း မဖြစ်နိုင်ဘူး”

“အပြတ်မပြောနဲ့ဗျာ. . .”

“လက်လျှော့လိုက်တော့. . . ထပ်မပြောနဲ့”

“ပြောမှာပဲ. . .။ မ, ကို ချစ်တယ်. . .”

စွမ်းပြည့်က မျက်နှာနားသို့ တမင်ကာ တိုးကပ်ကာ ပ်ပြော သည်။

ပြီးတော့ သူမလက်ဖျားကလေးကိုလည်း အတင့်ရဲစွာ မ်းဆုပ်ကိုင်သည်။

ခရမ်းပြာက ဆတ်ခနဲရုန်းရင်း။

“တို့ပြန်မယ်. . .”

“မ, စိတ်မဆိုးပါနဲ့ ကျွန်တော့် ဘဝမှာဘယ်ကောင်မလေး ကိုမှ ဒီလောက်ထိ မမြတ်နိုးခဲ့ဖူးဘူး မကိုတွေ့မှ အချစ်ဆိုတာ ဘာလဲ ကျွန်တော်သိလာရတာ မ,က ကျွန်တော့်အတွက် ပထမဦးဆုံးပါ”

“စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ စွမ်းပြည့်ရယ်. . . တို့က

ဝင်းချစ်သင့်တဲ့ မိန်းမမျိုးလည်း မဟုတ်ပါဘူး။ ကဲသ် သည်း ဦးနှောက် စားမနေနဲ့ လာမက်မုံဆီလိုက်သွားရအောင် . . .

"ကျွန်တော် ချစ်ခွင့်ပန်တာကို မ,ခေါင်းထဲ ထည့်ပေးဗျာ . . .။ အလေးအနက် စဉ်းစားပေး. . ."


"စဉ်းစားလည်းမထူးပါဘူး. . .။ ဒီအဖြေက ဒီအဖြေ . . .။ မင်းက ခင်စရာကောင်းပါတယ် စွမ်းပြည့်ရယ်. . . ဒီတိုင်းလေးပဲ ခင်ရအောင်နော်. . ."

မ, က သူ့ကို ဤသို့ ချော့ချော့ မော့မော့လေးဆိုလျှင် စွမ်းပြည့် အတော်ကြီး ဘဝင်ခိုက်ကြည်နူးသွားရပါသည်။

ပထမအဆင့်မှာ ခင်ရုံခင်မယ်ဆိုလည်း အခြေအနေ မဆိုးလှ ပါဘူး လေဟု သူတထစ်လျော့ ဖြေသိမ့်လိုက်ပါသည်။

တချိန်ချိန်တော့ မ, သူ့ကို ချစ်လာမှာပါဟု စွမ်းပြည့် ယုံကြည်ထားသည်။





ကောင်းညလင်းထွင့်သည် လေ့ကားရင်းက ကျောက်ပြား း်းပေါ် ရပ်လျှက် တိုက်နံပါတ်နှင့် အခန်းကို သေချာအောင် ဘစ်ချက်ပြန်ကြည့်လိုက်သည်။

ဒီအောက်ခြေကနေ ဘဲလ်တီးလျှင် ရနိုင်သောလည်း သူက အပေါ်ထပ်ထိ တက်သွားလိုက်ချင်သည်။

ထိုက်အောက်ခြေ လေ့ကားရင်းက သံပန်းတံခါးမှာ ခေ့ရဲ့ ချေထားတာကို တွေ့ရလျှင် သူအသားအယား တွန်းဖွင့်ဝင် ိက်သည်။

သူ့ကို ရုတ်ခြည်း တွေ့မြင်လိုက်ရလျှင် မက်မုံရဲ့ အံ့အား သင့်သွားတဲ့ အမူအယာကို သူမြင်ရလိမ့်မည်။

သူမကို အံ့ဩသွားစေချင်သည်။

အင်တာနက်ကနေ တစ်ချိန်လုံး အလွမ်းသယ်ကောင်း တဲ့ ကောင်မလေး...။

သူ့ကို စောင့်မျှော်နေရှာသူကလေးမို့ ကောင်းည သနား ဂရုဏာ ပိုရ၏။

ဒါကြောင့် ညကပြန်ရောက်ပြီး မနက်လင်းလင်းချင်း သူဒီကို ထွက်လာတာ...။

သူမအတွက် လက်ဆောင်အဝတ်အထည် အိတ်လေး လက်ကဆွဲလျှက် လေ့ကားပေါ် လှမ်းခနဲတက်ခဲ့သည်။

သုံးလွှာမို့ ခဏလေးနှင့် တံခါးရှေ့ရပ်မိသည်။

ဘယ်ဖက်လား၊ ညာဖက်လား၊ 3B ဆိုတော့ ဒီဘက်ဟုတ်ပြီ။

ကျွန်းတံခါးရွက် ပြောင်ပြောင်လေးက တစ်ထပ်၊ ဂီတသံစဉ် ဒီဇိုင်းပုံဖော်ထားတဲ့ သံပန်းတံခါး အဖြူလေးက



...ထပ်၊ အခန်းလေးက ရှင်းလင်းသန့်ပြန့် သားနားမည် ...င်...။

မက်မုံက သူမ၏ ဦးလေးပိုင် တိုက်မှာပဲ နေရမှာဆိုတော့ ...ာ ဒီလိုတိုက်ခန်း သီးသန့်လို့ပင် မထင်မိပါ...။

ကောင်းညလင်းထွဋ်က တံခါးကို ဖြေးဖြေးလေး အသာ ...က်လိုက်၏...။

"ဒေါက်....ဒေါက်...."

မက်မုံကို ဝမ်းသာပျော်ရွှင်စေလိုစိတ်နှင့် သူ့ရင်မှာ ...နှံမြန် နေရပါသည်။

ချစ်သူသက်တမ်း ဘာမှသိပ်မကြာသေးဘူးဆိုပေမယ့် ...မက်မုံ ဆိုသော မိန်းကလေးဟာ သူ့ရင်က ဒဏ်ရာဒဏ်ချက် ...သက်သာ လျော့ပါးစေနိုင်သူလေးဆိုတာ မမှား...။

နိုင်ငံရပ်ခြားမှာ တစ်ဦးပေါ်တစ်ဦး အဖော်ပြုလျှက် ...အတူ သွားအတူနှင့် သူငယ်ချင်းလိုနေခဲ့ချိန်တွေလည်း ...ာန်ကြာခဲ့တာကြောင့် သူတို့နှစ်ဦးကြားမှာ ရင်းနှီးနားလည်မှု ...ရှိခဲ့ပါသည်။

တို့ရင်းနှီးနားလည်းမှုကနေပဲ ချစ်သူတွေအဖြစ်သို့ တည်တည် ငြိမ်းငြိမ်ကူးပြောင်းခဲ့တာ. . .။

သူတို့နှစ်ဦးရဲ့ ချစ်ခြင်းမေတ္တာဟာ နားလည်ပေးဆပ်မှု ကို အခြေခံသဖြင့် ချမ်းမြေ့သာယာသည်။

မက်မုံကြောင့် သူဘယ်တော့မှ စိတ်အနှောင့်အယှက် မဖြစ်ရပါ။ မက်မုံဟာ ကောင်းညအပေါ် အင်မတန် အနွံတာခံ လိုက်လျောသူလေးပါ. . .။

ဒါကြောင့်လည်း ကောင်းညက မက်မုံကို စိတ်ချမ်းသာအောင် ပေးချင်သည်။

မျက်လုံးလေးဝိုင်းသွားမယ့် ကောင်မလေးကို သူမြင် ယောင်သည်။

မနက်စောစောဆိုတော့ အိမ်မှာရှိကို ရှိလိမ့်မည်။

အိပ်ပုတ်မလေး အိပ်ယာပင်နိုးပါဦးမလား. . .။

ပါးကလေးကို ဖွဖွဆွဲလိမ်ပစ်ချင်စိတ်နှင့် သူ့ရင်မှာ ချစ်စနိုး ဖြစ်ရသည်။

မက်မုံ သူ့ကို သိပ်ချစ်တာ ကောင်းညယုံသည်။



သူ့ဖက်ကရော. . .။

ဒါကိုတော့ ဇေ့ဇေ့တွေးမနေတော့ပါဘူး. . .။

အရာရာဟာ ပြောင်းလဲနေတာ. . . အချိန်တွေလည်း နံလွန်ခဲ့ပြီး. . .။

သူလည်းပဲ အသက်သုံးဆယ်နားနီးပြီ. . .။

ဒီအချိန်မှာ ဘဝတစ်ခု အခြေချသင့်ပြီပေါ့. . .။

ဖယ်မလီလိုက်ဖ်လေးတစ်ခုကို ကောင်ညတောင့်တမိ ာ ကြာပြီ. . .။

ဒီအချိန်မှာတော့ ဘဝအခြေလည်း ကျသင့်ပါပြီလေ။

စိတ်ကူးနှင့်အတူ တံခါးကိုထပ်၍ တစ်ချက်ခေါက် သည်။

“ဒေါက်. . .”

ခရမ်းပြာသည် ဧည့်ခန်းသို့ ထွက်လာရင်းတံခါး ခေါက်သံကြောင့် ဆတ်ခနဲ ဖြစ်သွားသည်။

ဒီလိုခပ်ဖွဖွ တံခါးခေါက်သံကို သူမနားထဲ အလိုလို တ်မိသည်။

ဘုရားရေ. . . ထူးထူးဆန်းဆန်းပါလား. . . ။

ဘယ်သူပါလိမ့်. . . ။

စွမ်းပြည့်လာလျှင် လူခေါ်ဘဲလ်သံကို အောက်ကနေ တဆင့် အကျယ်ကြီး တီးတတ်တာမဟုတ်လား. . . ။

ဒါဟာ စွမ်းပြည့်မဖြစ်နိုင်. . . ။

ခရမ်းပြာအလိုလို ရင်ခုန်မြန်မိသည်. . . ။

တစုံတရာက စေ့ဆော်သလို ရင်ထဲရုတ်တရက် ကတုန်ကယင် ဖြစ်ရသည်. . . ။

ဘာကြောင့်ပါလိမ့်. . . ။

ဤသို့ ညင်သာသော တံခါးခေါက်သံ. . . ။ ဖွင့်လာမည့်သူအတွက် အချိန်ပေးနားလည်မှုကို အပြင်ကနေ ပေးအပ်တတ်သူ. . . ။

သူဟာ ဘယ်သူများလဲကွယ်. . . ။

မောင်. . . . ။

မောင်တော့ မဟုတ်နိုင်ပါဘူးနော်. . . ။

ခရမ်းပြာသည် တံခါးဆီသို့ ဖြေးဖြေးညင်သာနှင့်



. . .ထိပ်ထိပ်ပင် တိုးကပ်သွားမိ၏။

သူထပ်တစ်ကြိမ်ခေါက်လျှင် သံသယက ပိုနိုင်မာ. . .သည်။

ဟင့်အင်း. . . ငါအထင်မှားနေတာပါ. . . ။

ဘာပဲဖြစ်ဖြစ် ထိုတံခါးကို မြန်မြန်ဖွင့်လိုက်မှပဲ စိတ်လှုပ်ရှား. . .ပြေပျောက်လိမ့်မည်. . . ။

ခရမ်းပြာက တံခါးရွက်ကို အသာလေးဟကြည့်လိုက်. . .သည်။

အို. . .

မျက်စိရှေ့မှာ ဘွားခနဲမြင်လိုက်ရသူကို မယုံနိုင်အောင် . . .သက် စိုက်ကြည့်နေမိသည်။

ဆံပင်အထောင်ပုံစံ ပုံကျပန်းကျနှင့် မျက်နှာလေးက . . .ကျက် တည်ငြိမ်အေးချမ်းစွာ. . . ။

ခရင်မ်ကာလာ ရှပ်အင်္ကျီလက်ရှည်နှင့် စတိုင်ပင်နံ. . .က်ရောင် ခပ်ပွပွကို ခါးပတ်ပတ်၍ သပ်ယပ်စွာ ဝတ်ဆင် . . .သည်။ ဘွတ်ရှူးနှင့် ခြေခွဲရပ်နေဟန်က ခပ်မတ်မတ်. . . ။

သူ့သဏ္ဍာန်က ဘာမှ ပြောင်းလဲမသွားပါ။

မျက်လုံးတွေကလည်းသူမကို တအံ့တသြ ငေးကြည့်နေသည်။

တံခါးလာဖွင့်သူက ခရမ်းပြာဖြစ်နေလိမ့်မည်ဟု သူလုံးဝမမျှော်လင့်မိ. . .။

ထို့ကြောင့် အငိုက်မိကာ ကြောင်အမ်း ငြိမ်သက်နေမိသည်။

တိုင်းရင်းသားရိုးရာ ချည်ထည်စ ဆင်စွယ်ရောင်ကို ဂါဝန်လက်ပြတ်လေးအဖြစ် ပုလဲကြယ်သီးတွေ ထပ်ကာ ဝတ်ဆင်ထားပုံလေးက မျက်စိထဲ ချစ်စဖွယ်. . .။

ဆံပင်ဖြောင့်ဖြောင့် စင်းစင်းလေးတွေကိုလည်း အရင်လိုပဲ ဒီဆိုင်းဖားလျားချထားတတ်ဆဲ. . .။

ခရမ်းပြာရယ်. . .။

ကလေးအမေလို့တောင် တစက်မှ မထင်ရပါလား. . .

အရင်ကထက်တောင် ပိုလှနေပါလားကွာ. . .။

ရင်ထဲက လှိုက်လှဲပြင်းပြသော မေတ္တာစိတ်က မပြောင်း



သဲပဲ ရုတ်တရက် နစ်မျောငေးမောသွားမိရာက ကောင်းညသူ့ကိုယ်သူ ထိန်းလိုက်သည်။

စိတ်ကို ငြိမ်သက်အောင် မနည်းကြီး ကြိုးစားထိန်းရပြန်ပြီ။

မက်မုံဟာ မုန့်တိုက်က ဒုမန်နေဂျာအစ်မကြီး ဟစ်ယောက်နှင့် အတူနေရတယ်ဟု ပြောသော်လည်း ထိုမိန်းမဟာ ခရမ်းပြာ ဖြစ်နေလိမ့်မည်ဟု ဘယ်လိုမှမထင်မိ. . .။

ခရမ်းပြာဟာ ကိုဝေယံနဲ့ အတူတူမနေဘူးလား. . .။

သူ့ရဲ့ကလေး. . . သမီးကလေးကရော. . .

ကောင်းညသည် သူ့ကို တစ်စုံတရာက တမင်တကာ ချက်လှည့်ပြသလားဟုပင် အထင်ရောက်မိ၏။

မတွေ့ခဲ့ရသော နှစ်တွေအတွင်းမှာ ခရမ်းပြာဟာ ကလေး တစ်ယောက်မိခင်အဖြစ် အရမ်းကြီးပြောင်းလဲနေပြီလို့သူတွေး မိတာ. . .။

မနက်မိုးလင်းလင်းချင်း အိပ်ယာထဲက မထခင်တုန်းကတောင် သူတအောင့် တွေးနေမိခဲ့သေးတာပဲ. . .။

သူတကယ်တွေးသင့်တာ မက်မုံပဲဆိုပြီး သူ့ကိုယ်သူ သတိပေးကာ ဒီကိုရောက်လာရတာ. . .။

အခုတော့ ခရမ်းက

"နေကောင်းလား. . ."

ကောင်းညက နှုတ်ဆက်လိုက်သည်။

မတော်တဆတွေ့ခဲ့ရင် ဒီလိုပဲ အေးအေးဆေးဆေး နှုတ်ဆက်လိုက်မည်ဟု စိတ်ထဲကနေ အကြိမ်ကြိမ် ပြင်ဆင်ထား ခဲ့ပြီးသားမို့ သူ့အသံက ထစ်ငေါ့မနေ။

ခရမ်းပြာက တံခါးကို လုံးဝဟင်းလင်းဖွင့်လျှက်. . .။

"မက်မုံ ညှို့သည်ထင်တယ် ဝင်ပါ. . ."

ခရမ်းလမ်း လျှင်မြန်စွာ ဟန်ဆောင်မျက်နှာဖုံးကို စွပ်ချ လိုက်သည်။

ညကပဲ မက်မုံပြောနေသေးတယ်. . .။

သူ့ချစ်သူဘန်ကောက်ကနေ ပြန်ရောက်လာမှာတဲ့။

ချစ်သူသက်တမ်း သုံးလမပြည့်ခင်ခွဲလာရတာတဲ့. . .။

အရမ်းလွမ်းတယ်တဲ့. . .။



ဟုတ်မှာပါ. . .။

သူ့အခန်းထဲ ကွန်ပျူတာယူကာ တစ်ချိန်လုံး အွန်လိုင်းကနေ ဆက်သွယ်ဖို့ပဲ ကြိုတ်ကြိုးစားနေတဲ့ ကောင်မလေး. . .။

အပြန်အလှန် အီးမေးလ်ပို့ကြ. . .။ စကားပြောကြနှင့် သူမ သိနေရတာပဲ. . .။

မက်မုံချစ်သူဟာ ဘယ်သူဘယ်ဝါရယ်လို့သာ တိတိကျကျ မသိခဲ့တာ. . .။

ခရန်းက စပ်စုမေးမြန်းဖို့ အားနာခဲ့တာလည်းပါသည်။

အခုတော့ မောင်. . .မောင်က မက်မုံရဲ့ ချစ်သူအဖြစ် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့ပြီတည်း. . .။

ဒါဟာ အမှန်ပဲ. . .။

ခရမ်းလက်ခံနိုင်ရမည်. . .။

"မက်မုံရော. . . သူအိပ်တုန်းလား. . ."

"ဟုတ်တယ် မနိုးသေးဘူးထင်တယ်. . .။ လာပါ ဝင်ပါ. . .။ ခဏစောင့်နော်"

"ဟုတ်ကဲ့. . ."

ကောင်းညက အေးစက်စွာပင် ခေါင်းညိတ်လိုက်သည်။ ဧည့်ခန်းကို လှမ်းဝင်လာပြီး ဆက်တီမှာ ထိုင်လိုက်သည်။

ခရမ်းပြာက ထမင်းစားပွဲဆီလျှောက်သွားကာ ဓါတ်ဗူးထဲ အသင့် ဖျော်ထားသည့် ကော်ဖီတစ်ခွက်ကို ငုံ့ထည့်ကာ ဗန်းကလေး နှင့် ယူဆောင် လာသည်။

"သုံးဆောင်ပါဦး"

သူစိမ်းဆန်သော ဧည့်ဝတ်ကျေပွန်မှုကြောင့် ကောင်းည က နှုတ်ခမ်းတစ်ချက် မသိမသာ မဲ့မိ၏။

သူတို့ပြန်တွေ့ပုံက ကဗျာမဆန်. . . ။

ရင်ထဲမှာ နာကျင်နှမြော ဝမ်းနည်းစိတ်က လှိုက်တက် လာသည်။

သူမနှင့် ပတ်သက်လျှင် ဝမ်းနည်းခြင်းအခါ စိတ်က အခုထိ နှိပ်စက်နေတုန်းပါလား. . . ။

ချစ်ရက်နှင့် စွန့်လွှတ်ခဲ့ရတဲ့ သူ့ရင်ထဲ ဘယ်လို ဝေဒနာ မျိုးရှိမလဲ မင်းစဉ်းစားကြည့်မိ ဖူးရဲ့လား ခရမ်းလေးရယ်. . .

မောင့်ကို စိတ်နာရက်စက်ဖို့ တစ်ခုပဲတွေးမိတာလား



အိုကွာ. . . ဒါတွေ အစဖော်နေလို့ရော ဘာထူးမှာလဲ။

ကောင်းညလင်းထွင့်က သက်ပြင်းတရှိုက်နှင့်. . . ။

"ခရမ်းပြာ. . . "

တွေ့ဆုံချိန်လေးမှာ စကားပြောချင်စိတ်နှင့် သူခေါ် မိသည်။

သို့သော် ခရမ်းပြာက သူ့အနီးသို့ မသီပါ. . . ။

ကော်ဖီဗန်းချပေးပြီးတာနှင့် ပြန်ထွက်ခွါ၏။

သူခေါ်ပေမယ့် မကြားသလိုပင်. . . ။

"ခဏလေးနော်. . . ။ မက်မုံနိုးပြီလား ကြည့်ပေးမယ်"

"အိပ်ပျော်နေရင် မနှိုးပါနဲ့. . . ရပါတယ်. . . ကျွန်တော် စောင့်နိုင်ပါတယ်. . . "

ကောင်းညလည်း အလိုက်သင့်သာ ပြောမိသည်။

ခရမ်းပြာသူနှင့် စကားပြောချင်စိတ်မရှိဘူးဆိုလျှင်လည်း ရှိပါစေ. . . ။

ခပ်စိမ်းစိမ်းပဲနေဖို့ စိတ်ကူးထားရင်လည်း သူမဆန္ဒကိုပဲ ဦးစားပေးမှာပါ. . . ။

သို့သော် ပြန်ဆုံရတာ ရင်ထဲမှာ လှိုင်းထန်ပြီး ဗြောင်းဆန်နေသည်။

သူ့ကန္တြေဆာယ်ထားရတာ. . .။

"ဟော နိုးပြီလား အပြင်မှာ ဘယ်သူလဲ ထွက်ကြည့်ဦး"

ခရမ်းပြာက အခန်းထဲက ထွက်လာတဲ့ မက်မုံကို သတင်းပေးသည်။

မက်မုံက မျက်ခုံးလေး ပွင့်သွားပြီး အလျင်စလို ပြေးထွက်ကြည့်လေသည်။

"ဟယ်. . . ကိုကို. . ."

ဝမ်းပန်းတသာ အော်ဟစ်ရင်း ကလေးတစ်ယောက်လိုပင် ကောင်းညနားသို့ ချက်ချင်းလှစ်ခနဲ ရောက်သွားသည်။

"ကိုကို. . . ကိုကိုရယ်. . . မျော်လိုက်တာ"

မက်မုံက ဘာမှပင် ထွေထွေထူးထူး မမေးတော့ပဲ ကောင်းညနှင့် ပူးကပ်ထိုင်ကာ ခါးကို ဖက်လျှက် ခေါင်းကလေး ပုခုံးပေါ် မှီချသည်။

ကောင်းညက သူမပခုံးကလေးပေါ် အသာအယာ



သက်တင်၍ ဖွဖွ ဖက်လိုက်သည်။

"ကိုကို. . ."

"အိပ်ပုတ်လေး. . ."

"အပေါင်း ဟုတ်ပါရဲ့ မျက်နှာတောင်မသစ်ရသေးဘူး . . . ကိုကိုကမှ ဖုန်းကြိုမဆက်ဘဲ. . ."

"အင်းပါကွာ. . . ကိုကို့အပြစ်ပါ. . ."

နှုတ်က ပြောရင်း ကောင်းညက သူမနှင့် လူချင်း ပြန်ခွါသည်။ စိတ်တွေကျဉ်းကျပ်အားနာပြီး အနေခက်လို့ပါ . . .။

"မက်မုံ"

"ရှင်"

"အဆင်သင့်လုပ်လေ. . . ကိုကိုတို့ အပြင်ထွက်ရအောင်"

"အင်းပါ ကိုကိုရဲ့ သွားမှာပေါ့။ ခဏလေး မက်မုံ အလှပြင်တာ မကြာပါဘူး အာ. . နေဦး မခရမ်းနဲ့ မိတ်ဆက်ပေးမယ်"

မက်မံ့က ကောင်းညကို ပြောရင်း တဆက်တည်း အော်ခေါ် လိုက်တယ်..။

"မမရေ... မမ.... ခဏထွက်ခဲ့ပါဦး..."

ခရမ်းပြာက ချက်ချင်း ထွက်မလာ...။

ကောင်းညက ခရမ်း ရင်မဆိုင်ချင်လို့ ဆိုတာအလိုလို နားလည် မလျှက်....။

"သူနဲ့တွေ့ပြီးပါပြီကွာ... သူပဲတံခါး ဖွင့်ပေးတာပဲ..."

"ဒါပေမဲ့ မိတ်ဆက်ပေးရဦးမှာပေါ့... ကိုကိုရဲ့..."

သူတို့နှစ်ဦး တီးတိုးစကားဆိုနေဆဲ အတွင်းခန်းဖက်မှ ခြေသံ ကြားရသည်။

ခရမ်းက မက်မံ့အော်ခေါ်နေ၍ ပြန်ထွက်ဖို့ ခြေလှမ်း ပြင်မိသော်လည်း ချစ်သူနှစ်ဦးကို ရင်ဆိုင်ဖို့ ခွန်အားတွေ ပျောက်ဆုံးနေသည်။

ရင်ထဲမှာ ငိုချင်ပြင်းပြစိတ်ကို မထိန်းနိုင်တော့သလို ဖြစ်နေပြီ...။

ပြန်ဆုံတဲ့အခါ ဒီလိုအခြေအနေမျိုးနဲ့လား မောင်...။



တစ်ယောက်ထဲ ရင်နင့်အောင် လွမ်းခဲ့ရတဲ့ အချိန်တွေ..။

ဒိုး... နှလုံးသားထဲမှာ နာလိုက်တာ မောင်ရယ်။

ပထမ တစ်ကြိမ် အသဲကွဲခဲ့ရပြီးပြီ...။

ကွဲကြေနေတဲ့ အသည်းကို ထပ်ပြီး ဒဏ်ရာရစေချင်တာလား။

ဒိုး... ခရမ်းဘာကြောင့် ဒီလောက်မိုက်မဲရသလဲ။

ဒီခံစားချက်ဟာ မရှိသင့်တော့ပါဘူး...။

ခရမ်းပြာ စိတ်ရှုပ်ထွေး မွန်းကြပ်နေမှုတွေကြောင့် ရေဘဖန် ခွက်ကို အရင်သောက်သည်။

ပြီးမှ မျက်နှာပေါ် အပြုံးလေးတစ်ပွင့် ဆင်မြန်းလျှက် ဧည့်ခန်းသို့ ပြန်ထွက်လာပါသည်။

ကောင်းညက အကြည့်ကို တမင်လွှဲနေလိုက်သည်။

အေးစက်သော သူမရဲ့ ဆက်ဆံရေးပုံစံကြောင့် ရင်ထဲ အောင့်သီး အောင့်သက် ခံရခက်လှသည်။

ခုထက်ထိ တွယ်တာနေမိတာကိုလည်း သူရှက်မိပါသည်။

ဘယ်အခြေအနေမှာလဲ ဖြစ်ဖြစ် သူ့အသည်းနှလုံးထဲက မေတ္တာက အရောင်မပြောင်းလဲနိုင်တာကို နားလည်လက်ခံ လိုက်သည်။

မက်မှုက ကောင်းညလက်မောင်းကို ပိုင်ပိုင်နိုင်နိုင် ဖက်တွယ်လျှက်. . . .

"မမ ဒါမက်မှုရဲ့ ကိုကိုလေ၊ ကိုကောင်းညလင်းထွန်းရဲ့ ချောတယ်မို့လား"

"တွေ့ရတာ ဝမ်းသာပါတယ် ညီမလေးချစ်သူက လူချောပါပဲ"

ကောင်းညက မရယ်မပြုံး ခပ်တည်တည်ကြည့် နေသည်။ မျက်လုံးတွေထဲမှာ ဖော်ပြရခက်သော အမိပ္ပါယ်များစွာ ရောပြွန်း နေလျှက်။

ခရမ်းပြာ အသက်ရှူ ကျပ်ချင်သည်။

စိတ်တွေက မွန်းကျပ်လျှက် သူတို့ရှေ့မှ ပြေးထွက် ရှောင်ခွါ ချင်စိတ် ပေါက်မိသည်။

တယုတယ စုံတွဲလေး. . .။



ခရမ်းဘယ်လိုမှ ကြည့်နိုင်စွမ်းမရှိ. . .။

မောင့်ကို ကြည့်ရတာ စိတ်မကောင်းဖြစ်နေပုံနှင့် ...တောင့်တောင့် ငြိမ်သက်လျှက်။ သူ ခရမ်းကို ကြည့်တဲ့ ...က်လုံးတွေ မှာ နွေးထွေးသက်ဝင်လှိုက်လှဲမှုတွေ ရှိနေဆဲ ...တာကိုလည်း တအံ့တသြ တွေ့ရပါသည်။

ခရမ်းပြာကို ယတိပြတ် ကျောခိုင်းစွန့်ခွာခဲ့ ထားရစ်ခဲ့သူ ... ရက်စက်ခဲ့သူဟု နည်းနည်းလေးမှ ထင်စရာ မရှိ. . .။

ဒါပေမဲ့ မောင်ရယ်. . .။

အရင်က ခံနိုင်ရည်နည်းနည်းနဲ့ ဖြေသိမ့်နိုင်စွမ်း ရှိသေး ...ယ်. .။

တစ်ချိန်ချိန် မောင် ခရမ်းဆီ ပြန်လာကောင်းရဲ့လို့ ...တရဲ မျှော်လင့်ချက်ရှိသေးတယ်။

အခုတော့ တိတ်တဆိတ် မျှော်လင့်ချက် ယုံ့ယုံ့လေးကို ...ာင်က ဖျက်ဆီးစေပြန်ပြီ. . .။

ခရမ်းရင်မှာ ဘာမှ မကျန်တော့ဘူး. . . .။

ကောင်းပါတယ် မောင်. . . .။

အခုလို ရှင်းရှင်းလင်းလင်း သိရတော့ ခရမ်းလည်း စိတ်ဒုံးဒုံး ချနိုင်ပါပြီ...။

ကျေးဇူးတင်ပါတယ်။

အရွယ်လွန်မှာကိုတောင် ကြောက်ရကောင်းမှန်းမသိ မိုက်မဲတဲ့ မိန်းမတစ်ယောက်အတွက် ဒီရလဒ်က ထိုက်တ ပါတယ်...။

ချစ်မိခြင်းရဲ့ အပြစ်ဒဏ်ပေါ့...။

ခရမ်းက မသိမသာအံကလေး တင်းတင်းကြိတ်ထား မိသည်။

ခရမ်းပြာ..။

နင် ဟန်ဆောင်ကောင်းစမ်းပါ။

နင် အထီးကျန်ပြီး အလူးအလဲခံစားရချိန်မှာ သူ့နံဘေး မှာတော့ အဖော်သစ်ကလေးနဲ့...။

နွေးထွေးတက်ကြွတဲ့ ချစ်စဖွယ်ကောင်မလေးနဲ့...

နင်မက်မောတန်ဖိုးထားတဲ့ အချစ်ဆိုတာ ဘာလဲ...

တကယ်တော့ အချစ်ဆိုတာ မရှိဘူး....။



အထူးသဖြင့် ကောင်းညလင်းထွန်း ဆိုတဲ့ ယောကျ်ား ...စ်ယောက်ဆီမှာ အချစ်ဆိုတာ မရှိဘူး...။

အခု နင်ယုံပြီမို့လား....။

ခရမ်းပြာက သူ့ကိုယ်သူ သတိပေးကာ ကောက်ချက်ချ နေမိသည်။

"မမ"

"ဟင်"

"မက်မုံတို့ ဘရိတ်ဖတ်စ် သွားစားရအောင် မမလည်း ...က်ခဲ့နော်..."

သြော်... ဘာမှမသိရှာတဲ့ မက်မုံလေး..။

ခရမ်းက ပြုံးစစလေး ခေါင်းယမ်းရင်း...။

"မလိုက်တော့ပါဘူး... မက်မုံတို့ပဲ အေးအေးဆေးဆေး သွားကြပါ"

မက်မုံက နှုတ်ခမ်းလေး စူထော်ထော်နှင့် ကောက်ချိတ် ...သလို

"ဘာလဲ... မမနော်..၊ မမက စွမ်းပြည့်လာခေါ်မှ

ထွက်မယ်ပေါ့လေ. . . ဟုတ်တယ်မို့လား. . . သိသားပဲ. . .

ကောင်းညရှေ့မှာ စွမ်းပြည့်အမည်ကို ထည့်ပြောလိုက်သဖြင့် ခရမ်းမျက်နှာလေး တစ်မျိုးဖြစ်သွားသည်။

ကြားလိုက်ရတဲ့ ကောင်းညလည်း အံ့အားသင့် သွားသည်။

ခရမ်းနှင့် ပတ်သက်၍ ပဟေဠိတွေ သိပ်များနေပြီ . . .

မနေ့က ကောင်းည ခရီးရောက်မဆိုက်ပင် အိမ်မှာ အတူနေ တပည့်ကျော် ကောက်ညှင်းက သူ့ကို . .

"ဆရာကတော့ အခုထိတစ်ယောက်ထည်းပဲ ကိုဝေယံကတော့ ကလေးအဖေတောင် ဖြစ်နေပြီဗျ. . . ဟိုတစ်ရက်ကပဲ သူ့ကလေးရဲ့ မွေးနေ့ဆုတောင်း သတင်းစာ ထဲမှာပါလို့ ကျွန်တော်တောင် ဖြတ်ယူထားသေးတယ်. . . ဟဲ. . ဟဲ. . . ဒီမှာကြည့်. . . ဆရာအားကျအောင်. . ."

ကောက်ညှင်းက မှန်စားပွဲအောက် ထည့်ထားတဲ့ ကြော်ငြာ ဖြတ်ပိုင်းလေးကို သူ့ကိုပြတာကြောင့် သူပင် အကြာကြီး ငိုင်သွားခဲ့ရသေးတာ. . ။



ခရမ်းဟာ သမီးတစ်ယောက်ရပြီးမှ ကိုဝေယံနဲ့ အခန့်သင့် ဖြစ်လို့လား. . . ။

အခု စွမ်းပြည့်ဆိုတာကရော ဘယ်ကနေ ပေါ်လာရသလဲ. . ။

ကောင်းည တွေးမရပေ. . ။

မေးချင်လိုက်တာလည်း ရင်ထဲ လှုံလွန့်နေသည်။

သို့သော် သူဘယ်လို မေးရမလဲ. . ။

ခရမ်းကလည်း သူနှင့် အပို စကားတစ်ခွန်း တလေပင် ပြောချင်ပုံမရပါလား. . . ။

"ဒါဆို မက်မုံ တို့ပဲသွားလိုက်မယ်နော် ကိုကို ခဏလေးနော်. . ."

"အိုကေ. . ."

မက်မုံ အလှပြင်ဖို့ အထဲဝင်ဟန်ပြင်လျှင် ခရမ်းကပါ အဘူလှည့်ထွက်သည်။

ထိုအချိန်မှာပဲ လူခေါ်ဘဲလ်သံ တီးတောင်လေး ပြည်လာ၏။

"ဟော ပြောရင်းဆိုရင် စွမ်းပြည့်လာပြီ ထင်တယ်. . ."

မက်မုံပြောရင်း သွက်သွက်လက်လက်ပဲ တံခါးပြ
ပြေးဖွင့်လိုက်သည်။

"ကြွပါရှင်. . ."

ကက်ပ်ဦးထုပ် အဖြူလေး ဘေးတခြမ်းစောင်း ခေါင်း
ပေါ် စောင်းထားတဲ့ စွမ်းပြည့်က ပြုံးစစနှင့် လှမ်းဝင်လာပါသည်

မိုးကာသားလို ဂျာကင်အကျႌ စိမ်းပြာတောက် တောက်
ခေါင်းစောင်းနောက်လှန်ချထားပြီး ဖရိုဖရဲ စတိုင် ဝတ်ထားက
ဘောင်းဘီ ကလည်း ဘလူးဂျင်း ပုံစံခပ်မိုက်မိုက် လေးနှင့်. . .

ကြည့်လိုက်တာနှင့် မြူးကြွသော လူငယ်စတိုင်
လေးမှန်း သိသာသည်။

မျက်နှာလေးကလည်း နုပျိုလန်းဆန်းနေ၏။ စွမ်းပြည့်
က လှမ်းဝင်လာပြီးမှ ဧည့်ခန်းမှာ ဧည့်သည် မျက်နှာစိမ်
တစ်ယောက် ရှိနေတာ တွေ့လျှင်ပြုန်းခနဲ ကိုယ်ရှိန်သတ်
လိုက်ပါသည်။

"ဟဲ့. . ကြည့်မနေနဲ့. . . အဲဒါ ငါ့ကိုကို. . ."



မက်မုံကလည်း ပွင့်ပွင့်လင်းလင်းပင်. . .။

"ဪ ဟုတ်ကဲ့. . . . ကျွန်တော်က စွမ်းပြည့်ပါ. .
ေမုံနဲ့ ခင်မင်ပါတယ် ခင်ဗျာ. . ."

"ကိုယ်က ကောင်းညလင်းထွဋ်ပါ တွေ့ရတာ ဝမ်းသာပါ
ယ်ကွာ. . ."

ယောကျ်ားလေး နှစ်ယောက်က တလေးတစား လက်ဆွဲ
ဆက်လိုက်ကြ၏။

ခရမ်းမှာ ပင့်သက်မျှင်းမျှင်းလေးသာ ရှိုက်မိတော့သည်။

ဒီအချိန်မှာ စွမ်းပြည့်ရောက်ချလာတာ သူမ အတွက်
ော့ မဟာအင်အားလို ဖြစ်သွားရပါသည်။

"စွမ်း သူတို့က အပြင်သွားမှာ မင်းကို
မကော်ဖီတိုက်မယ် လာ"

စွမ်းပြည့် လိုက်ခနဲ အံ့သြဝမ်းသာသွားမိ၏။

မ, ရဲ့ "စွမ်း" ဆိုတဲ့ တရင်းတနှီး နှစ်လိုဖွယ် အခေါ် အဝေါ်
လေးရယ် "ကော်ဖီတိုက်မယ် လာ" ဟုမောင်လေးကို အလိုလိုက်
သလိုလေသံ ဟန်ပန်လေးရယ်ကို သူမယုံနိုင်အောင်ပင် ကြည်နူး

ပျော်ရွှင်သွားမိ၏။

တက်ကြွသောခြေလှမ်းတွေနှင့် မ, နံဘေးသို့ ရောက်သွားမိသည်။

ကောင်းညက မျက်နှာ ကွက်ခနဲပျက်သွားသည်။

ခရမ်းပြာဟာ ဒီလေးနှစ်လောက်အတွင်းမှာ ဘယ်လိုမိန်းမမျိုး ဖြစ်သွားတာလဲ. . .။

ကောင်လေးတစ်ယောက်ကို ထမင်းစားပွဲထိခေါ်သွားရအောင် တရင်းတနှီး လက်ပွန်းတတီးရှိလှချည်လား. . .။

မြင်ရ ကြားရသမျှဟာ ခေါင်းထဲ တွေးချင်စရာ. . .ရင်မောစရာတွေချည်း ဖြစ်နေပါလား. . .။

ထမင်းစားပွဲကို လိုက်ကာပါးပါးလေးက တဆင့်လှမ်းမြင်နေရသည်။

အတူရယ်မော စကားဆိုရင်း ကော်ဖီငှဲ့ပေးနေသော မြင်းကွင်းက သူ့ကို စိတ်မသက်မသာဖြစ်စေသည်။

ကောင်းည ခေါင်းတွေ ကိုက်လာ၏။

အကြည့်ကို လွှဲလိုက်ပေမဲ့ သူ့အာရုံထဲ ရှုပ်ထွေးနေမိသည်။



ရှုပ်ထွေးနေမိသည်။

ဆက်တီပေါ် ကိုယ်ကိုမှီရင်း သူ့ရင်ထဲ ဟာတာတာ ဝေဒနာနှင့် ဘယ်လိုကြီး ခံစားရမှန်း မသိတော့ချေ. . .။



ရွှေမက်မုံက ပန်းနုရောင်ဝတ်စုံလေးနှင့် ကမန်းကတန်း အလှ ပြင်ကာ ကြော့မော့မော့လေး ထွက်လာပြီးနောက် သူတို့နှစ်ဦးသား လှေကားမှအတူ ဆင်းလာသည်။

“ကိုကို. . . . ဘယ်သွားမှာလဲဟင်”

မက်မုံ မေးသံလေးက ရွှင်မြူးတက်ကြွစွာ. . .။

ချစ်ရသော ကိုကောင်းည၏ လက်မောင်းကို ကြည်နူးစွာ ခိုတွဲလျှက် ခြေလှမ်းလေးများက အလိုလိုနွဲ့ကာ ကျေနပ်ခြင်း အပြည့်နှင့်ဖြစ်သည်။



ကောင်းညကမူ ခေါင်းထဲမှာရှုပ်ထွေးလျှက် ရင်ထဲမှာ သစ်ဟာဟာကြီးဖြစ် နေသောကြောင့် စိတ်နှင့်လူနှင့် မကပ်သှပေ။

သူ့စိတ်တွေက အိမ်ပေါ်ထပ် တိုက်ခန်းလေးဆီမှ ခရမ်းပြာထံမှာ ကျန်ရစ်ခဲ့သည်။

ချစ်သူအသစ်တောင် ရနေပြီလား. . . . ခရမ်းလေး ရယ်။

မောင်နဲ့ အမှတ်မထင်လာဆုံတဲ့ အချိန်မှာ မင်းက ဘာကြောင့် ဒီလောက်ထိ စဉ်းစာစရာတွေ ရှိနေစေရ တာလဲ. . . .။

“ကိုကို. . .”

“ဗျာ. .”

“ဘယ်သွားမှာလဲဆိုမှ. . . ဘာလို့ ပလက်ဖောင်းမှာပဲ ဇွတ်လျှောက်နေရတာလဲလို့. .”

“စဉ်းစားနေတာပါကွာ”

“ဘာကို ဒီလောက် စဉ်းစားနေတာလဲ”

"တဲ . . . မက်မုံ သွားချင်တဲ့နေရာသွား ဟုတ်ပြီ လား . . ."

"အဲ့ဒါဆို တက္ကစီတွေလာနေတာ တားပေးလေ"

"အိုကေ"

ကောင်းညက ဖြတ်သွားတဲ့တက္ကစီခပ်သန့်သန့်လေး တစ်စီးကို လက်တား၍ ငှားရမ်းလိုက်ပါသည်။

"Feel ကိုသွားမယ် . ."

နေရာကို မက်မုံက ရွေးချယ်ပြသည်။

ဘရိတ်ဖတ်စ် သွားစားတိုင်း ကိုကို့ကို သတိရမိတယ်တဲ့ ဆိုင်လေးကို ကိုကိုနှင့် သွားထိုင်ဖို့ မက်မုံက ဆုံးဖြတ်လိုက်တာ ဖြစ်သည်။

ကောင်းညက မက်မုံနှင့်အတူ ကားနောက်ခန်းမှာ ထိုင်သည်။

မက်မုံက သူ့ပုခုံးပေါ် ခေါင်းလာမှီထား၏။

ကားမှန်ကို အနည်းငယ်ချထားတာမို့ သန့်စင်လတ်ဆတ် သော လေအေးအေးလေးက တိုးဝှေ့နေရာ ချမ်းမြေ့ကြည်နူး



စရာ ကောင်းလှပါသည်။

"ကိုကို"

သူမက အနားနားကပ်၍ တီးတိုးလေးခေါ်၏။

"မက်မုံကို ချစ်သေးရဲ့လားဟင် . . ."

ကောင်းညက ခေါင်းညိတ်လိုက်သည်။ ပြီးတော့ သူမ လက်ဖျားလေးကို ခပ်ဖွဖွဆုပ်ကိုင်လိုက်၏။

မက်မုံမှာ ကိုကို့ အမူအယာကို အားမလိုအားမရ ဖြစ်နေသည်။

"တကယ်နော် . . ."

"အင်း . . ."

"ကိုကို ဒီနေ့တစ်မျိုးပဲ . . .၊ နေရော ကောင်းရဲ့လား"

"ကောင်းပါတယ် . . .၊ အိပ်ရေးပျက်ထားလို့ပါကွာ . . . ဘာမှ မဖြစ်ပါဘူး . . ."

ကောင်းညအဖြေကြောင့် မက်မုံက ကျေနပ်သွားသည်။ သူမကို ဂရုမစိုက်တာ မဟုတ်ပါဘူး . . .။

ဟုတ်သားပဲ . . . . နော်၊ ကိုကို ခရီးပန်းထားခဲ့တာ

ပဲ. . .။

"မက်မုံ၊ ခရမ်းနဲ့ အဲ ခရမ်းပြာနဲ့အတူနေရ

အဆင်ပြေရဲ့လား"

"ပြေပါတယ်. . .၊ တကယ်စိတ်ထားပြည့်တယ်. . .

အစ်မ တစ်ယောက်ရလိုက်သလိုပဲ. . . .၊ သိလား. . ."

"သူက ဘာလို့ အဲဒီမှာနေတာလဲ. . ."

"ဟင်. . . . အဲဒီမှာ မနေလို့ ဘယ်မှာနေရမှာ

သူပိုင်တဲ့ တိုက်ခန်းလည်း ငှါးထားတယ်လို့ ပြောတာပဲ. . ."

"သူက. . . အိမ်ထောင်နဲ့မို့လား. . ."

မက်မုံက ကောင်ညကို ဖျပ်ခနဲ မော့ကြည့်

မျက်မှောက်ကုပ်လိုက်သည်။

"မဟုတ်ပါဘူး. . . . အပျိုပါ. . ."

"အပျို. . !"

ကောင်းည ယောင်ယမ်း၍ ရေရွတ်မိသည်။ ခရမ်း

လျှို့ဝှက် ထားတာလား. . .။

"ကိုကိုက သူ့ကိုဘာကြောင့် အိမ်ထောင်နဲ့လို့ထင်



ဘာလဲ. ."

ခွန်းတုန့်မေးလိုက်မှ. . . သူကမန်းကတန်း ပြန်ဖြေရှင်း

ရသည်။

"အဲ. . ဟို. . . မထင်ပါဘူး. . . မက်မုံက မန်နေဂျာ

အစ်မကြီးလို့ ပြောထားတော့ ကိုကိုက အန်တီကြီးတစ်ယောက်

ဖြစ်လိမ့်မယ်လို့ ထင်နေတာ ဟား. . . ဟား. ."

မက်မုံသည် အမြဲတမ်း ရိုးသားသော ကိုကို့မျက်နှာကို

ဒီတစ်ခါ မလုံမလဲဟန်ဖြစ်နေသည်လို့ အလိုလို ထင်မိသည်။

ဘာကြောင့် အဲ့လို အမူအယာဖြစ်ရတာလဲ. . . .။

အခုဏတုန်းကလည်း မမခရမ်းကို စေ့စေ့မကြည့်ပဲ

ခပ်တည်တည် အကြည့်လွှဲထားသည်။

သို့ပေမယ့် မမက ကျောခိုင်းလှည့်ထွက်သွား ပြန်တော့

လည်း ကျောပြင်လေးကို တငေးတမော လှမ်းကြည့်နေတာ

မက်မုံ သတိထားမိခဲ့သည်။

မမခရမ်းကို မြင်လိုက်လျှင် ယောကျ်ားတွေက ဘာဖြစ်

သွားကြတာလဲ။

ဒါကို မက်မုံနားမလည်နိုင်. . .။

သူမနှင့် ကိုကိုဟာ အခုမှ ပြန်တွေ့ရတာမို့ စိတ်အနှောင့်အယှက်လည်း မဖြစ်ချင်ပါ. . .။

ထို့အတူ ကိုကို့အပေါ်လည်း စိတ်မကောက်ချင်. . .။

သို့ပေမယ့် ကားပေါ်ရောက်ပြီး နှစ်ယောက်သားလူချင်းကပ် ကြည်နူးရသည့်အချိန်မှာ ကိုကို့နှုတ်ဖျားက တခြားသော မိန်းမတစ်ယောက်အကြောင်း စကားစ,တာကိုဖြင့် မနှစ်သက် နိုင်တာ အမှန်ပဲ ဖြစ်သည်။

သူမနှုတ်ဆိတ်နေလိုက်ပေမယ့် ကိုကိုက ထိုအကြောင်းအရာ ကိုပဲ စိတ်ဝင်တစားဖြစ်နေ၏။

"ဒါဆိုရင် အခုဏ စွမ်းပြည့်ဆိုတဲ့ ချာတိတ်လေးက ခရမ်းပြာ ရည်းစားလား. . .။ မက်မုံ သူငယ်ချင်းဆို သူတို့ချင်း ဘယ်လို သိတာလဲ. . .။ မက်မုံက မိတ်ဆက်ပေး တာလား. ."

"ကိုကို့ မေးခွန်းတွေက များလိုက်တာနော်. . ."

"အဟဲ. . . ဟဲ. . . ဟဲ. . ."

ကောင်းည ရယ်လိုက်သည်။ မက်မုံက မျက်စောင်းလေး



ငံချက် မပို့တာပီခဲမိလျှက်. . .။

"စွမ်းပြည့်က မမခရမ်းကို စိတ်ဝင်စားပြီး မုန့်ဆိုင်ကို ခဲ့ လာနေတာတဲ့. . .။ မက်မုံရောက်လာတော့ သူတို့ချင်း ပ်သွား တာပေါ့။ စွမ်းပြည့်က ကြိုက်တာသေတော့မယ်. . .။ ခရမ်း ကတော့ အေးဆေးပဲ. . .။"

"ဘာအေးဆေးတာလဲ. . . အခုဗီကောင်နဲ့ နှစ်ယောက် ကျန်ခဲ့တယ်လေ. .။ ကျွတ် သူဘာလို့ ဒီလောက်အနေ သိုင် ရဲတင်းရတာလဲ. . ."

"ကိုကို အထင်လွဲနေပြီ မမခရမ်းက အဲလိုမဟုတ်ပါဘူး"

မက်မုံက အလန့်တကြားလေး ကာကွယ်ဖြေရှင်း၏။

ကိုကို့ မျက်နှာက ဒေါသတွေကို ကြိတ်ပြီး ဖိနှိပ်ထားရ န်မျိုး ဖြစ်နေသည်။

"ဘရိတ်ဖတ်စားပြီးတာနဲ့ မမအ ပ်ဆင်းမှာလေ။ က ဣန္ဒြေရပါတယ်။ စွမ်းကို အိမ်ထဲက ထမင်းစားပွဲ ်ခေါ်တာ ဒါပထမဆုံးပဲ. . .။ အဲဒါလည်း ဧည့်ခန်းမှာ ကိုကိုရှိ သို့ပါ. . .။ မမက ကိုကိုထင်နေသလိုမျိုး လုံးဝမဟုတ်ပါဘူး

နော်. . .”

ကောင်းညက သက်ပြင်းတစ်ချက်ရှိုက်သည်။

“ဘာပဲဖြစ်ဖြစ်သူတို့ ရင်းနှီးလွန်းတယ်. . .”

“ဒါကတော့ မမက စွမ်းပြည့်ကို လက်တွဲဖို့လေ့လာ
တာပါ”

“ဒီကောင်နဲ့ သိတာဘာကြာသေးလို့လဲ. . .
မင်းပြန်လာမှ စသိတာဆိုရင် အခုမှ နှစ်လကျော်သုံးလပေါ့. . .
ဒီလောက်နဲ့ လက်တွဲ ဖစ်လိုက်မှာလား. . .”

မက်မုံသည် ကိုကို့အပြောအဆိုတွေကို ဆက်ပြီးသီး
နိုင်တော့. . .။

“ကိုကို. . . ဘယ်လိုဖြစ်နေတာလဲဟင်. . . မခရမ်း
အကြောင်းပဲ ပြောနေမှာလား. . .။ သူ့အကြောင်းနဲ့
ဘယ်လိုပဲ ဖြစ်ဖြစ် ကိုကိုနဲ့ဘာဆိုင်လို့လဲ. . .။”

ရုတ်တရက်ကောင်းည ကိုယ်ကြီး မတ်ခနဲ ဖြစ်သွား
သူစိတ်လိုက်မာန်ပါ ဖြစ်သွားမိတာကို ပြန်လည်သတိ
လိုက်သည်။



ချက်ချင်းပင် မျက်နှာထားကို ကြိုးစားပြင်လျှက်. . .။

“မဆိုင်ပါဘူး။ ဟုတ်ပါတယ်။ ဒါပေမယ့် မက်မုံက လော
ဆယ် သူနဲ့ အတူတူနေနေတာလေ ကိုကိုစိတ်ပူလို့ပါ။”

သူ့အဓလျောက် ကောင်းသွားပုံရပါသည်။

မက်မုံက သူ့ကိုတစ်ချက်ထုလျှက်. . .။

“ဘာမှ စိတ်ပူမနေနဲ့ မက်မုံက ကိုကို့အပေါ် တသက်လုံး
ရှိမှာပါနော်. . . ဟွန်း. . .”

ဟုဆိုကာ ကြည်ကြည်သာသာ ဖြစ်သွားပါသည်။

“စွမ်းပြည့်ကလည်း မိကောင်းဖခင်သားတစ် ယောက်ပါ
ကိုရဲ့ သူက အရမ်းလည်း ချမ်းသာတယ်။ မခရမ်းကံကောင်း
ပဲ. . .။ ပျာနေအောင်လည်း ချစ်တယ် လေ. . .”

ကောင်းညမှာ မက်မုံရဲ့ နောက်ဆက်တွဲစကားကြောင့်
ထဲ မလေးလံတင်ကြပ်သွားရပါသည်။

ကိုဝေယံလို သူဌေးသား တစ်ယောက်နှင့် ဆုံပြီးတဲ့
ောက်တစ်ကြိမ်မှာလည်း သူဌေးသား လူချောလေးနဲ့ ထပ်တွေ့

ပြန်ပြီ.တဲ့လား. . .။

ဘာပဲဖြစ်ဖြစ်သူသိချင်တာတွေကို ဝေယံကို မေးကြည့်
တော မည်. . .။

သူ့ဖက်က အဆက်အသွယ်တွေ ဖြတ်ထားခဲ့ မိတာ
ကြာပြီ. . .။ သို့ပေမယ့် ခရမ်းတို့အိမ်ထောင်ရေး ပြိုကွဲနေလိမ့်
မည် ဟုသူယောင်၍ပင် မစဉ်းစားမိခဲ့ပါ. . .။

သူအရမ်းစိတ်လှုပ်ရှား ယောက်ယက်ခတ်နေမိ သည်။

ဘေးနားက မက်မုံတစ်ယောက်ရိပ်မိ မသွားအောင်
လည်း ကြိုးစားဖုံးဖိရပါဦးမည်။

လောလောဆယ်မှာ မက်မုံဟာ သူ့ရဲ့ချစ်သူ တစ်
ယောက်ပဲ မဟုတ်လား။

မက်မုံကိုလည်း သူသောကမဖြစ်စေချင်ပါ။





မက်မုံနှင့် သူရည်းစားတို့ ထွက်သွားကြပြီးလျှင် မ,ရဲ့
အလ္လာပ သလ္လာပ စကားသံတို့က လုံးဝ တိတ်ဆိတ်သွားသည်။

သူမပုံစံဟာ တုန့်နှေးနှေး တွေဝေဝေနှင့် သိသိသာသာ
င် ငြိမ်ကျသွား၏။

စွမ်းပြည့်သည် ခရမ်းပြာမျက်နှာလေးကို အရိပ်လို
ပြတ်တမ်း စူးစိုက်ကြည့်နေမိတာမို့ ညှိုးနွမ်းသွားတဲ့ ဟန်ပန်
လေးကို မြင်ရသောအခါ သူပါ မျက်နှာလေး ရှုံ့သွားရသည်။

မ, ဘာဖြစ်နေတာလဲ. . .။

မရဲ့ အမူအရာက အင်မတန် တည်ငြိမ်လှသည်။ သို့သော် သူမရဲ့ မျက်နှာလေးမှာ နာကျင်ပင်ပန်း ဆင်းရဲခြင်းတို့ ရှိနေသည်။

မ, ကို ကြည့်နေမိရင်း ဘာကြောင့်မှန်းမသိ စွမ်းပြည့် နှလုံးသားမှာ တုန်ခါ လှိုင်းထလာရသည်။

ခရမ်းပြာသည် စိတ်နှင့်လူမကပ်လှသလို ပေါင်မုန့် တစ်ချပ်ပေါ် မာဂျရင်းတို့ ထပ်ကာထပ်ကာ သုတ်နေ၏။

ရင်ထဲမှာဆို့နင့် မွန်းကြပ်လွန်းသဖြင့် လူကဟန်မ ဆောင်နိုင်။

မောင်နဲ့ မက်မုံတို့ စုံတွဲကို ငါက နေရင်းထိုင်ရင်း ရင်ဆိုင် ရတယ်။

ဒီမြင်ကွင်းမျိုးကို ငါဘာလို့မြင်ဖြစ်အောင် လာမြင်ရ တာလဲ . . ။ ကြုံဖြစ်အောင် လာကြုံရတာလဲ . . . ။

ဒါဟာ ဘယ်လိုဝဋ်ကြွေးများလဲ . . . ။

မောင်ရယ် . . . ။

စိတ်ထဲက ငိုချင်ပြင်းပြမှုကို ဆက်ပြီး ထိန်းချုပ်ဖို့ ခက်လ



ါသည်။

ဝမ်းနည်းဆို့နင့်မှုက နှလုံးသားကို ဖိစီးထားသည်။

"မ . . ."

စွမ်းပြည့်က တိုးဖွဖွခေါ်သည်။

ခရမ်းပြာ မထူး . . . ။

ငုံ့ချထားတဲ့ ဦးခေါင်းလေးကလည်း မော့မလာ . . . ။

ဒီအတိုင်းပဲ ငြိမ်နေမိသည်။

သူချစ်တဲ့ ခရမ်းပြာ ဘာကိုခံစားကြေကွဲနေတာ လဲ . . . ။

ဘာမှန်းမသိသော်လည်း ခရမ်းပြာ စိတ်ထိခိုက်ဝမ်းနည်း နေတာကို စွမ်းပြည့် အလိုလို နားလည်လိုက်သည်။

ဘာကြောင့်ပဲဖြစ်ဖြစ် မရဲ့ ရင်မှာဝေဒနာ မရှိစေချင်။

အချစ်ဆိုတာ ဆန်းကြယ်သည်။

ချစ်သူရဲ့ ဝေဒနာက စွမ်းပြည့်ဆီသို့ ချက်ချင်း ကူးစက် လာသည်။

"မ, ရယ် . . ."

စွမ်းပြည့်က သူမရဲ့ မျက်နှာလေးကို အသာပင့် မော့ယူ

လိုက်သည်။

မျက်ရည်တွေနှင့် ပြည့်လျှံစိုစွတ်နေသော မရဲ့မျက်ဝန်း တွေကို သူအလန့်တကြား တွေ့လိုက်ရသည်။

ခရမ်းပြာက မျက်ရည်တွေကို ကွယ်ဝှက်ဖို့ကြိုးစား မနေတော့ပဲ စွမ်းရဲ့ ပုခုံးပေါ် အသာမှီလိုက်၏။

ကောင်လေးက သူမကိုဘာမှမမေးတော့ပဲ ပုခုံးကလေးကို ထွေးပွေ့နှစ်သိမ့်သည်။

ကျေးဇူးတင်ပါတယ် မောင်လေး....။

ဒီအချိန်မှာ တို့နား မင်းရှိနေတာ သိပ်ကို အားရှိ ပါတယ်...။

"မ, ငိုချင်နေတာလား...၊ ငိုချင်လည်း အောင့်မထားပဲ ငိုချလိုက်ဗျာ..."

ခရမ်းပြာက တစ်ချက်ရှိုက်မိသည်။

ငိုပစ်ပါဆိုတော့လည်း ငိုမရပါဘူး....။

စွမ်းရင်ခွင်ထဲသို့ ခေါင်းတိုးဝင် ပစ်လိုက်မိသည်။

သူမရဲ့ အားငယ်မှုတွေ၊ ကြေကွဲမှု၊ ဆုံးရှုံးမှုတွေ....



အားလုံးဟာ ဒီနေ့အဆုံးသတ်သွားပြီ....။

သူမဟာ အသစ်တဖန် ခိုလှုံစရာ ရင်ခွင်တစ်ခု ရှိခဲ့ပြီ။

"မ, ကို ချစ်တယ်ဗျာ ကျွန်တော် ပျော်လည်း ပျော်တယ် ..။ မ, စိတ်ညစ်နေတဲ့ အချိန်မှာ အခုလို အတူတူရှိပေး ရတာကို ကျေနပ်တယ်... ကျွန်တော်တို့နှစ်ယောက် အမြဲတမ်း အေးအတူ ပူအမျှ နေသွားမယ်ဗျာ.... ဘယ်လိုလဲ ... ပြောနိုင်တယ် မဟုတ်လားဟင် မ,လက်ခံမယ် မဟုတ်လား ..."

စွမ်းပြည့်က သူမကို ရင်ခွင်ထဲ ထွေးပွေ့လျှက် စိတ်လှုပ် ရှားသံ နှင့် တတွတ်တွတ် မေးနေ၏။

ခရမ်းပြာက ဘာတစ်ခွန်းမှ ပြန်မပြော....။

မျက်စိကို စုံမှိတ်ထားလိုက်သည်။

မ, ဘာဖြစ်နေတာလည်း သူမသိရပေမဲ့ ဒီအချိန်မှာ သူ့ဖက်က ဖေးမနှစ်သိမ့် ကြင်နာမှုပေးဖို့ လိုအပ်တာတော့ သေချာသည်။

မ, ကို သူအမှတ်မထင် ချစ်ခွင့်ရသည်။

မ,သူ့ကို ဘယ်နှတော့လောက်များ အဖြေပေးနိုင်ပါမလဲဟု

သူ့ရင်တမမနှင့် စောင့်စားမျှော်လင့် နေခဲ့တာ. . . .။

အခုတော့ မ,ရဲ့ အဖြေပေးပုံလေးဟာ ကမ္ဘာ့ရှုထ ဆန်သည်။ ပဟေဠိဆန်သည်။

သို့သော် အင်မတန် အငိုက်မိ စိတ်လှုပ်ရှားဖို့လည်း ကောင်းသည်။

အမှတ်မထင် ဖြုန်းခနဲ သူ့ရင်ခွင်ထဲ ရောက်လာတာ။

မ, ရုတ်တရက် သူ့ရင်ခွင်ထဲ တိုးဝင်လာတာကို စွမ်းပြ မယုံနိုင်. . .။

နှလုံးသားမှာ ခုန်ပေါက် ပူနွေးလာသည်။

နူးညံ့နွေးထွေးသော အထိအတွေ့မှာ သူ့ရင်ထ ပြောင်းဆန်လှုပ်ရှားမိတာ ဝန်ခံပါသည်။

ဒီအခြေအနေမျိုးပေးလာခိုက်မှာ သူ့ရင်ထဲအခုန်ကြ လာမိတာ အပြစ်တစ်ခု တော့အဟုတ်နိုင် အရမ်းနှစ်သ သဘောကျလွန်းလို့ တစိမ့်စိမ့်ငေးကြည့်ခဲ့ရတဲ့ ချစ်စရာမျက်နှ လေး။

အခု ထိုမျက်နှာလေးမှာ မျက်ရည်တို့စိုလူးနေသည်



မျက်ရည်တို့ကို သူ့ရဲ့ ဒေချစ်တွေနဲ့ ကုစားဖယ်ရှားပေး သည်။

ရှိုက်သံမထွက်အောင် ထိန်းချုပ် ငြိမ်ယက်နေတဲ့ သူမကို ပြည့် တအားပင်တိုးဖက်လိုက်သည်။

အခုသူ့ရင်ထဲမှာ မ,ကို ချစ်တာ တစ်ခုပဲသိသည်။ မရဲ့ ပန်း တနည်း အမူအယာလေးကြောင့် ပို၍မချင့်မရဲဖြစ် သည်။

ထို့ကြောင့် သူစိတ်မထိန်းနိုင်တော့ပါ။ မျက်ရည်တို့နှင့် ဘ်နေသော မျက်နှာလေးကို တရှိုက်မက်မက်ထိကပ် ရှိုက်ပစ် လိုက်သည်။

စွမ်းရဲ့ အဆက်မပြတ် အနမ်းမိုးတွေ သည်းထန်နေ ကြောင့် ခရမ်းပြာ အသက်ရှုမှားသွားရသည်။

သူမဘယ်လိုက ဘယ်လို စွမ်းရင်ခွင်ထဲရောက် သွားရ သလဲ။ ကောင်လေးရဲ့ အယုအယမှာ တခဏနစ်မျော က်မောသွားရသည်။

သတိဝင်တော့မှ ခရမ်းပြာ ဖွဖွရုန်းသည်။ စွမ်းပြည့်က

ဖြေလွှတ်မပေး။ မချင့်မရဲနှင့် နမ်းလို့မဝသေး။ ခရမ်းပြာသည် သူ့ရဲ့ဆုံးဖြတ်ချက် မှားသလား မှန်သလား မဝေခွဲနိုင်။

ဒါဟာ ဆုံးဖြတ်ချက်ရယ်လည်း မဆိုနိုင်ပါဘူး အမှတ်မထင် အဖြစ်အပျက်ကလေးတစ်ခုပါ။ ကောင်လေးကတော့ ချစ်တယ်ဟု တဖွဖွဆိုနေသည်။ တစ်သက်လုံး ချစ်မယ်ဟုလည်း ကတိတွေပေးနေသည်။

ယုံရမလား စွမ်းရယ်။

မင်းတကယ်ပြောနေတာလား။

တို့ရင်ထဲက ဒဏ်ရာ ဒဏ်ချက်တွေ အနည်းငယ် သက်သာ သွားနိုင်မလား။

ခရမ်းပြာသည် စွမ်းပြည့်စုံ၏ လည်ပင်လေးကို အားကိုးတကြီး သိုင်းယှက်ကာ

"မောင်လေးရယ် တို့ကို ချစ်တဲ့အတွက် မင်းနောင်တရမှာ မစိုးရိမ်ဘူးလားဟင်"

ဟု တိုးတိုး ဖွဖွမေးမိသည်။

"ဟင့်အင်း မ,ကို ချစ်မိတာ မောင်လေးဘယ်တော့မှ



နောင်တရမှာ မဟုတ်ဘူး။ အဲ့ဒါ သိပ်သေချာပါတယ်ဗျာ။ မ ဒီဘဲချလက်ချ ယုံလိုက်နော်"

အမှတ်မထင် ချစ်သူဖြစ်သွားရတာကို စွမ်းအရမ်းပျော်နေပုံရသည်။

ခရမ်းပြာသည် စိတ်သက်သာရမှုတစ်ခုနှင့် ကျေနပ်မိသော်လည်း စွမ်းမျက်လုံးတွေကို ခပ်ရှက်ရှက်နှင့် ရင်ဆိုင်ရတာ တစ်မျိုးကြီးဖြစ်နေသည်။

အမြဲတမ်းငြင်းဆန်နိုင်ခဲ့ပြီးမှ ထိုခဏမှာ ခရမ်းရင်ထဲဘာဖြစ်သွားရ သလဲ မပြောတတ်တော့ပေ။

စွမ်းပြည့်ကတော့ ခရမ်းကိုဖက်ထားရင်း စိတ်လှုပ်ရှားနေဆဲ။

နူးညံ့ပျော့ပျောင်းသော မ,ရဲ့ ကိုယ်လုံးအိအိလေးကို သွေးပွေ့ ဖက်ထားမိရာ သူလွှတ်မပေးနိုင်။

"မ"

"ဟင်"

"စွမ်းကိုချစ်လား"

“အို ဖြေစရာ လိုသေးလို့လား ဖယ်လွှတ်ဦး”

ရင်ခွင်ထဲငြိမ်နေမိရာက ခရမ်းက ရုန်းထွက်သည်။

“မလွှတ်ချင်သေးဘူးဗျာ”

“မင်းနော်”

“မ,က ချစ်တယ်လို့မှ မပြောသေးတာ”

ခုထိ မျက်နှာလေးတပြင်လုံး ပူထူရှိန်းမြနေဆဲ။ ဒါကို သူက အဖြေတောင်းနေရဆဲ။

“ကဲ ပြောမယ်”

“အင်း”

“အစတုန်းကတော့ မင်းကို မစဉ်းစားတာအမှန်ပဲ စွမ်းရဲ့ ဒါပေမယ့် အခုအမှတ်တမဲ့နဲ့ မ,ဘာဖြစ်သွားသလဲ မသိဘူးကွာ”

“အဲ့ဒါ စွမ်းကို မ,ရင်ထဲမှာ ချစ်နေ၊ အားကိုးနေလို့ပေါ့။ ကဲ အခု ပြောတော့ မ,ဘာကို ဝမ်းနည်းအားငယ်နေတာလဲဟင်”

“ဘာမှ မဟုတ်ဘူး။ ထားလိုက်တော့”

“အခု စိတ်ချမ်းသာသွားပြီး မဟုတ်လား”

သူ့က အပိုင်မေးသည်။



ခရမ်းပြာက ရှက်စနိုးနှင့် မျက်စောင်းလေးတစ်ချက် …ခဲ့၏။

စွမ်းပြည့်က သူမကို ရင်ခွင်ထဲ မချင့်မရဲတိုးဖက်လိုက် …သည်။

ခရမ်း ကိုယ်လုံးလေးမှာ ကောင်လေးရင်ခွင်ထဲ …မြုပ်နေ ရ၏။

ရစ်ပတ်နှောင်တွယ်ထားတဲ့ သူ့ရဲ့ လက်မောင်းတွေက …မဲ့လှစွာ သူမကို လှုပ်မရအောင် တင်းကျပ်စေသည်။

စွမ်းရဲ့ တယုတယ အထိအတွေ့မှာ သူမရင်ထဲ လှိုက်ဖို …း တခဏအတူ လွင့်မျောသွားရပြန်၏။

အတန်ကြာမှ စွမ်းက သူမကို ဖြေလွှတ်ပေးသည်။

ဒီတော့မှပင် ခရမ်းပြာလည်း ဖရိုဖရဲဖြစ်သွားသော …နှယ်လေးတွေကို အသာအယာ ပင့်တင်ပြီး အင်္ကျီလေး …လည်း သပ်ရပ်အောင် ပြုပြင်ဆွဲချရသည်။

စွမ်းပြည့်က သူမကို ရွှန်းရွှန်းရီရီ မျက်လုံးတွေနှင့် …င်စနိုး ကြည့်နေတုန်းပင်။

"ဘာလို့ ကြည့်နေတာလဲ"

သူက နှုတ်ခမ်းကို ချွန်ပြပြီး

"အရမ်းချစ်ဖို့ကောင်းလို့"

"သွား"

"မ,ကွာ ချစ်ရဲ့သားနဲ့ အချိန်တွေ အကြာကြီးဆွဲထား တယ် နှမြောစရာဗျာ"

"အောင်မယ် ဘယ်သူကချစ်နေတာလဲ ဟွန်းသိပ်ကို သေချာ နေခဲ့တယ်ပေါ့လေ"

"မ, ချစ်တာသိပါတယ်"

"သိရင်ပြီးရော ပြန်တော့"

"ဟာဗျာ ဘာလို့ ပြန်ရမှာလဲ"

"မ,အခု ဆိုင်ကို ဆင်းရဦးမှာလေကွာ"

"မသွားနဲ့တော့ ကျွန်တော်တို့ လျှောက်လည်မယ်"

ခရမ်းပြာက ခေါင်းလေးယမ်းကာ

"မဖြစ်ပါဘူး ဒီနေ့မင်းပြန်လိုက်တော့"

"မ,ကွာ"



စွမ်းပြည့်က နာရီတကြည့်ကြည့်နှင့် ကမန်းကတန်း ြင်ဆင်ဖို့ တာဆူနေတဲ့ ခရမ်းကို လက်ကောက်ဝတ်လေး မ်းဆွဲထားသည်။

ဒီတစ်ခါတော့ ခရမ်းက သူမလက်ကို မြန်မြန်ပြန်ရုန်း က်၏။

တော်ကြာ နောက်တကြိမ် သူ့ရင်ခွင်ထဲ ခိုဝင်မိလျှင် ေလွယ်

"လွှတ်ကွာ မ, စကားနားထောင်"

"ဒီနေ့ တစ်နေ့လုံး မ,အနားမှာနေချင်တယ်"

သူက ဖွတ်တိုးပြောကာ ခရမ်းပုခုံးလေးကို ဆုပ်ကိုင် ိုက်သည်။

ခရမ်းက သူ့ပါးပြင်လေးကို လက်ချောင်းလေးများဖြင့် ဖွပွတ်သပ်ကာ

"မ,လည်း စွမ်းကို အချိန်ပေးချင်ပါတယ်။ ဒီနေ့တော့ ခွင့်လွှတ်ကွာနော်"

ဟု ချော့မော့သော လေသံလေးနှင့် ဆိုလျှင် စွမ်းပြည့်

မ,သဘောအတိုင်း ခေါင်းညိတ်မိတော့သည်။

အခုမှ ချစ်ခွင့်ရတာလေ။

မ,စိတ်ပြိုပြင်မှာကို သူမခံနိုင်။

သို့သော် မ,ရဲ့ ပါးမို့လေးကို ရှိုက်နမ်းမိသေးကာ. . .။

"ဒါဆို မောင့်ကို ချစ်တယ်လို့ပြော"


"မောင်လေးကို ချစ်တယ်"

ကြားဖူးသမျှ စကားသံတို့ထဲ မ,ရဲ့တိုးညှင်းသော အသံလေးက ကြည်နူးဖွယ် အကောင်းဆုံးပင်. . .။

စွမ်းပြည့် နှလုံးသားမှာ လှိုက်ဖို အရည်ပျော်ကာ သူမရဲ့ ခါးလေးကို တင်းတင်းသိမ်းဖက်လို့ အနမ်းတစ်ပွင့် ခြွေလိုက်မိသည်။

မ,က သူ့ရဲ့ အနမ်းကို မငြင်းဆန်တာမို့ စွမ်းပြည့်ရင်ခွင်ထဲ ချမ်းမြေ့ ကျေနပ်သွားမိသည်။





ကုမ္ပဏီရဲ့ နှစ်ပတ်လည်ပျော်ပွဲ ရွှင်ပွဲလေးမှာ ခရမ်းပြာ က သူ့ကို အသာခိုးငေးနေခဲ့မိတာကို ပြန်အမှတ်ရမိသည်။

ကောင်းညလင်းထွန်း. . . .

ရိုးသားယဉ်ကျေးကာ ဆွဲဆောင်မှုရှိသော သူ့ပုံစံလေးကို ခမ်းတိတ် တခိုး နှစ်သက်သဘောကျနေတာ ကြာပါပြီ. . . .။

သူကလည်း ဆုံတဲ့အခါတိုင်း ခရမ်းပြာကို စူးစူးငေးငေး င့် နှစ်လို မြတ်နိုးစွာ တမေ့တမော ကြည့်တတ်သည်။

အကြည့်ချင်းဖလှယ်ရင်း စကားလေးဘာလေး အလ္လာပ သလ္လာပ ပြောရင်း အချိန်တွေ အတော်အတန်ကြာခဲ့သည်မှာ အားမလိုအားမရ ဖြစ်ချင်စရာပါ။

ကုမ္ပဏီတစ်ခုထဲမှာ လုပ်ဖော်ကိုင်ဖက်ချင်းမို့ အမ
တကယ်တော့ အနေနီးစပ်ပြီးသားပါ။

သူကတော့ အန်ကယ်လ်ချမ်းသာရဲ့ လူရင်းလူ
တပည့်ရင်း မွေးစားသား လိုလို ပုံစံပင်ဖြစ်နေခဲ့တော့. . .

အန်ကယ်လ်ချမ်းသာက စီးစရာကားပင်သူ့ကို ပေးထာ
သည်။ သူက အခွင့်အရေး အတော်ရတဲ့သူမို့ ကုမ္ပဏီကတခြာ
ဝန်ထမ်းကောင်မလေးတွေ ဟာ သူ့ကိုမှဆိုလျှင် ပျာပျာသ
မျက်နှာသာ ပေးတတ်ပါသည်။

သို့သော် အထင်ကြီး လေးစားမိတာက ကောင်းည
အနေတည်တံ့ အေးဆေးတာကိုပင်။ သူ့မှာ နာမည်ပျ
စည်းကမ်း ပျက်တာမျိုး တစ်ခါမှ မကြားမိ။

ခရမ်းပြာအတွက် အမှတ်ပေးချင်စရာတွေချည်းပါ။

ကုမ္ပဏီရဲ့ နှစ်ပတ်လည်ပွဲမှာ မျက်လှည့်ပွဲတွေ ဂိမ်းကစာ
နည်းတွေ ထည့်သွင်းထားတာမို့ အားလုံးဟာ တပျော်တပါ
ရယ်မောဆူညံနေကြပါသည်။

ခရမ်းပြာသည် ထိုညက အီးဗီးနင်းဒရက်စ် ရွှေရောင်



နုလေးဖြင့် ပုလဲပုတီး ရွှေရောင်လည်ပင်း အကပ်လေးဖြင့်
သေဒီရှူး အနက်ရောင်လေးစီးကာ တစ်နေရာ၌ ငြိမ်ငြိမ်ထိုင်၍
သူ့ကို အသာငေးနေမိသည်။

ကောင်းည ဝတ်ထားသည်မှာ အနောက်တိုင်းဝတ်စုံ
ရင်မ်ကာလာ နုနုနှင့် အတွင်းက ရှပ်အင်္ကျီစိမ်းပြာရောင်လေးမို့
သူ့သဏ္ဌာန်က ခန့်ညား ရှင်းသန့်နေသည်။

အရပ်မြင့်မြင့်ခပ်ဖြောင့်ဖြောင့် စတိုင်လ်လေးနှင့် ဟိုဖက်
က် လျှောက်သွားနေတာ လှုပ်ရှားစကား ပြောနေတာ
ည်ပင် မျက်စိမလွှဲချင်အောင် ကြည့်ကောင်း နေသည်။

ခရမ်းပြာဘေးက သူငယ်ချင်း ဟေမာက မျက်လှည့်ပြပွဲ
း လူတွေ စုပြုံနေရာဆီ ထထွက်သွားချိန်မို့ အနားမှာ ဘယ်သူမှ
ည်းမရှိပါ။

ထိုအချိန်မှာ သူက ရေခဲမုန့် နှစ်ခွက်သွားယူကာ
ရမ်းပြာ ရှိနေရာ စားပွဲဆီ တန်းတန်းမတ်မတ် လျှောက်လာ
ဖြင့် ရင်ခုန်သံ မြန်သွားရသည်။

နှစ်ဦးသား အကြည့်ချင်းဆုံရင်း ပြုံးမိကြသည်။

ခရမ်းပြာနှလုံးသားမှာ ပြောင်းဆန်အောင် ကြည်

လှုပ်ရှားလာ၏။

"ခရမ်း. . . . ဂိမ်းမကစားဘူးလား"

"ဟင့်အင်း"

သူက ရှက်တတ်တဲ့ ပုံစံလေးနှင့်ပင် ခရမ်းအနား

ထိုင်သည်။

လက်ထဲက ရေခဲမုန့်တစ်ခွက်ကိုလည်း အသာအ

လှမ်းပေးသည်။

ခရမ်းပြာက ရေခဲမုန့်ကိုယူကာ သူ့ကို မရဲတရဲ မျက်

လေးပင့်ကာ ကြည့်မိ၏။

"ကောင်းညရော သီချင်းမဆိုဘူးလား"

ဘာရယ်မဟုတ် ခရမ်းမေးမိ၏။ သူကဂစ်တာအ

ကောင်းပြီး အဆိုပိုင်နိုင်သူ တစ်ယောက်မို့လား

"ကျွန်တော် ဒီည သီချင်းမဆိုချင်ဘူး"

"ဘာလို့လဲဟင်"

"စိတ်လှုပ်ရှားနေလို့"



သူ့အခုဖြစ်ကားကြောင့် ခရမ်းပြာ မျက်မှောင်လေး

ကုပ်မိသည်။

နူးညံ့ညံ့နှင့် ရီဝေနေသော သူ့မျက်လုံး အကြည့်ကြောင့်

သည်း လူက အသက်ရှုမှားကာ တုန်တုန်ရီရီ ဖြစ်ချင်သည်။

ဘုရားရေ . . . သူတစ်ခုခု ပြောမှာလား

မျှော်လင့်ခဲ့တာလည်း ကြာပြီ. . .။

စောင့်စားခဲ့ရတာလည်း ကြာပြီ။

စောင့်စားခဲ့ရတာလည်း ရင်မောလှပြီ။ ခရမ်းပြာကိုယ့်

ဘာသာလည်း ရှက်နေမိသည်။ လူကတော့ အိန္ဒြေဆယ်ကာ

ဟန်ဆောင် ပန်ဆောင်လေးနှင့် ဘာမှမဖြစ်တဲ့ပုံဖမ်းထားရ၏။

"ဘာကြောင့်လဲဆိုတာ မမေးဘူးလား ခရမ်း"

"ရှင်"

"ကျွန်တော်လေ ဒီညမှာ ကောင်မလေး တစ်ယောက်ကို

ဖြစ်တဲ့နည်းနဲ့ ရည်းစားစကားပြော တော့မယ်လို့ ဆုံးဖြတ်

ထားတယ်"

"ရှင်"

"အံ့ဩတယ်မို့လား"

ခရမ်းပြာရင်မှာ လှိုင်းထလျှက် ပူနွေးတုန်ယင်လာသည်။

ကောင်းညက ချစ်စဖွယ်ကောင်းလှသော ခရမ်းပြာရဲ့ ညို့မျက်လုံး ဝိုင်းဝိုင်းလေးကို မြတ်နိုးစွာ ငေးကြည့်နေမိသည်။

ခရမ်းပြာရယ်. . . .

မင်းလည်းရိပ်စားမိမှာပါ. . . .။

အချစ်ဆိုတာညာလို့ရတဲ့ အရာမဟုတ်ဘူးလေ. . .။

ကိုယ့်မျက်လုံးထဲမှာ မင်းကိုဘယ်လောက်ထိ ချစ်နေမိသလဲ အဖြေရှာ ကြည့်လိုက်ပါ. . . .။

"ခရမ်း ကျွန်တော်ခရမ်းကို လက်ဆောင်လေးတစ်ခု ပေးချင်တယ် ကားထဲမှာ ကျန်ခဲ့တယ်ဗျာ အတူတူသွားယူရအောင်"

သူက ခရမ်းလက်ကောက်ဝတ်ကလေးကို ဖျပ်ခနဲ ရဲရဲတင်းတင်း ဆွဲခေါ်သဖြင့် လန့်ဖျပ်သွားမိကာ ဘေးဘီ ပတ်ဝန်းကျင်ကို မရဲတရဲ ကြည့်မိသည်။

ဘယ်သူမှတော့ သတိမထားမိ . . .။



အားလုံးဟာ ကိုယ့်အာရုံနှင့်ကိုယ် ဆူညံရှုပ်ထွေး ...ပ်ရှားနေကြတာ မို့လား. . .။

ခရမ်းပြာသည် ငြင်းဆန်ဖို့ပင် မေ့လျော့စွာသူဆွဲခေါ်ရာ ...လာသည်။

သူ့ကားက ခြံပြင်ဟိုး ခပ်လှမ်းလှမ်းမှာ

ကုက္ကိုပင်အောက် တစ်နေရာလေးမှာ အုတ်တံတိုင်း ...က် ခေါင်းထိုးရပ်ထားတာ လှမ်းတွေ့ရသည်။

ခရမ်းပြာစိတ်တွေက ထိုအချိန်မှာ ပူထူရှက်ရွံ့နေခဲ့ ...ည်။

သူ့ကိုလည်း မော့မကြည့်ရဲ. . . .။

သူမ အလိုလိုနှုတ်ဆိတ်လျှက် ရင်ခုန်မြန်နေသည်။

"ခဏလောက် စကားပြောချင်တယ်ကွာ"

သူက လက်ဆောင်မွေးပွရုပ်ကြီးကို ကားနောက်ခန်းက ...ထုတ်ရင်း ခရမ်းထံခွင့်တောင်းသည်။

ခရမ်းက သူပေးတဲ့ အရုပ်ကြီးကို ရင်ခွင်ထဲ ပိုက်ကာ။

"သင့်ခ်ယူပဲ. . . ခရမ်းကိုဘာလို့ လက်ဆောင်ပေး တာလဲ. . . ."

"ချစ်လို့ပေါ့. . ."

"ဟင်"

ခရမ်းအငိုက်မိစွာ မျက်နှာလေး ရှက်အမ်းသွားရသည်။

"နောက်ထပ် လက်ဆောင်တစ်ခုလည်း ရှိသေးတယ် ကျွန်တော့်ဘဝ တစ်ခုလုံးကို ခရမ်းလက်ထဲ ပေးချင်တယ် ယူမလား"

"အို"

တိုးတိုးဖွဖွအနားကပ် ပြောလိုက်ပုံကြောင့် ခရမ်းပါးပြင် လေးမှာ နွေးခနဲဖြစ်သွားရ၏။

သူက မချင့်မရဲပုံစံနှင့် ခရမ်းပြာရဲ့ ပုခုံးလေးနှစ်ဖက်ကို တင်းတင်း ကျစ်ကျစ် ဆုပ်ကိုင်လိုက်သည်။

"ချစ်တယ်ကွာ. . . ခရမ်းပြာကို ချစ်မိတာ ကြာပြီ သိလား"

"ဟင့်. . . အင်း ဖယ်ကွာ သူများတွေမြင်သွားဦးမယ်"



ခရမ်းပြာကရုန်းလျှင် သူက ကားတံခါးဖွင့်ထားတဲ့ဆီ ...ိုင်စေလိုက်သည်။

"ကောင်းညနော်. . . . ဘာမှန်းလည်း မသိဘူး. . ."

သူမက ရှက်ရှက်နှင့် ရေရွတ်သည်။

"ချစ်လို့ ချစ်တယ် ပြောတာပဲ. . ."

"မပြောနဲ့. . . ."

"သိပြီးသားလား. . ."

သူက ခရမ်းမျက်နှာလေးကို မော့ဆွဲယူကာ တည့်တည့် ...ကြည့်လျှက် မေးလေသည်။

သူမရဲ့ စိတ်အာရုံဟာ ရုတ်တရက် ညို့ဆေးမိထားသလို ...အကြည့် သူ့မျက်လုံးဆီမှ ခွါမရ။

ရင်ထဲမှာ ပျော်လည်းပျော်၊ ရှက်လည်းရှက်နှင့် ကြည်နူး ...ဟာ ဘာနှင့်မှနှိုင်းမရအောင် လူတကိုယ်လုံး လွှမ်းခြုံထား ...သည်။

ခရမ်းရဲ့ မေးစေ့လေးကို လက်ညှိုးလက်မတို့နှင့် ...ကိုင်ထားတာဆိုပေမဲ့ ခရမ်း တကိုယ်လုံးဟာ လှုပ်လို့

မရသလိုပင်။

"ခရမ်းလည်း ကျွန်တော့်ကို ချစ်ပါတယ်. . .

ဟုတ်တယ် မို့လား"

သူက အပိုင်မေးသည်။

ခရမ်းကခေါင်းလေးယမ်းသည်။

"မညာပါနဲ့ဗျာ"

ကောင်းညသည် ခရမ်းအမူအရာလေးကို ခန့်မှန်း

ပါသည်။ ရင်တွေ အခုန်ကြမ်းလာကာ ခရမ်းကိုယ်လုံးလေး

မြုန်းခနဲရင်ခွင်ထဲ တအားဖက်ထားလိုက်မိသည်။

သူ့ရဲ့ ထွက်သက်နွေးနွေးက ခရမ်းမျက်နှာလေး

ကျရောက်လာသည်။

ခရမ်းအတွက် သူဟာ ပထမဦးဆုံးပင်. . .။

သူစိမ်းယောကျ်ားသားတစ်ယောက်၏ ရင်ခွင်ထဲ

အမှတ်တမဲ့ နစ်မြုပ်သွားရပုံက မြန်ဆန်သည်။

ကောင်းညက ခရမ်းပြာရဲ့ ပါးပြင်နုနုလေးကို မချင့်မ

ထိကပ် နမ်းရှိုက်သည်။



ခရမ်းက သူ့ရင်ဘတ်ကို ဖွဖွတွန်းဖယ်နေမိသော်လည်း

ကယ်တမ်းမှာ မငြင်းဆန်နိုင်ပါ။

သူက ပိုမိုတင်းကျပ်အောင် ဖက်ထားကာ တယုတယ

အကြင်နာမိုးတို့ ရွာလိုက်သည်။

ခရမ်းပြာနှလုံးသားမှာ မည်သို့ ဖြစ်သွားရသလဲ

သိတော့ပါ။

အထိအတွေ့နွေးနွေးမှာ အသက်ရှုမှားအောင် နစ်မျော

သွားမိ၏။

သူကလည်း စိတ်လှုပ်ရှားနေပုံဖြင့် တော်တော်ကြာ

အောင် ဖြေလွှတ်မပေးပဲ အထပ်ထပ်နမ်းရှိုက်နေရာ ခရမ်းပြာမှာ

ခန်မဆောင်နိုင်တော့ပဲ ကျေနပ် ကြည်ဖြူစွာ မျက်ဝန်းလေးတွေ

မှိတ်ထားမိတော့၏။

အထင်သေးမှာလား ကောင်းညရယ်. . .။


ခရမ်းလည်းကောင်းညကို သိပ်ချစ်တယ်. . .။

စစ်မှန်တဲ့ အချစ်ဆိုတာ ခရမ်းယုံတယ်. . .။

ချစ်သူနှစ်ဦးသည် အမှတ်မထင် နီးကပ်သွားကြပြီး နောက် လောကကြီးကို တခဏမေ့နေမိကြလေသည်။

တိတ်ဆိတ်ငြိမ်သက်သော ဝန်းကျင်မှာ သူတို့ရဲ့ အသက်ရှူသံ မျှင်းမျှင်းလေးသာ ကြားနေရသည်။





မောင်နှင့် ချစ်သူဖြစ်ခွင့်ရခြင်းဟာ သူမဘဝရဲ့ ကျေနပ် [illegible] အကောင်းဆုံး ဆုလာဒ်တစ်တခုလို့သာ ထင်မိသည်။

မောင်က ခရမ်းပြာထင်ထားတာထက် သူမကို [illegible]နိုင်သည်။ လူကြီး လူကောင်းဆန်သည်။ အမြဲတမ်းပဲ သူမကို [illegible]ချမ်းသာ ကြည်နူးစေသည်။

မျက်နှာလေးတစ်ချက် မညှိုးအောင်လည်း ဂရုတစိုက် [illegible]ပြကြည့် နေတတ်သည်။

ပြီးတော့ သူမကို အကဲခတ်တတ်သလို နားလည် [illegible]နိုင်စွမ်းလည်း ရှိသည်။

အလိုလိုက်ပြီး အကြိုက်လည်း ဆောင်တတ်ေ
ဘာလိုသေးလဲနော်. . .။

မောင့်အကြောင်းတွေ တွေးမိတာနှင့်ပင် ခရမ်း
ရင်ခုန်သံတွေက ပူနွေးရှိန်းမြလာတတ်သည်။

လက်ထပ်ရမည့် ရက်ကလေး ရောက်လာဖို့ကိုလ
ကြည်နူးစွာ စိတ်ကူးယဉ်မိသည်။

မောင့်ဖက်မှာ သူမကို သဘောမတူ ကန့်ကွက်မယ့်
မရှိသလို သူမဟာလည်း ကိုယ့်ဘဝကိုယ်ဆုံးဖြတ်နိုင်တဲ့ အ
အနေမျိုးမို့ လက်ထပ်ဖို့အရေး အဆင်တပြေ ဖြစ်နိုင်မှာပဲ
မျှော်လင့်ထားသည်။

ချစ်သူနှစ်ယောက်စလုံးကလည်း သစ္စာရှိရှိ ချစ်သူ
ကြမှာဆိုတော့ ဘာမှ ပြဿနာ မရှိလောက်ပါဘူးဟု ယုံကြ
မိသည်။

သို့ပေမယ့်လည်း ဘယ်အရာကိုမျှ ကြိုတင်မှန်း
ထားလို့ မသေချာဘူးလေ. . .။

ကောင်းညသည် ထိုမနက်ခင်းက အနက်ကယ်လ်ချမ်းသာ



ိမ်သို့ ရောက်နေခိုက်မှာ အနက်တီသူဇာလွင်က သူ့နားထဲသို့
ဒြိမ်းသံလို စကားတစ်ခွန်းကို စတင်ပြောဆိုခဲ့တာဖြစ်သည်။

ကော်ဖီစားပွဲသို့ နောက်ကျမှ ကမန်းကတန်း လာဝင်ထိုင်
သော သားဖြစ်သူ ဝေယံကို ကြည့်ပြီး သူ့မာမီက. . .

"ဝေယံ ညကအပြန် ညဥ့်နက်တယ်နော် ဘီယာပါခ်ပဲ
ခြဦးလှည့် မနေနဲ့ဦး. . . သား ဒက်ဒီအလုပ်ထဲလည်း စိတ်ဝင်
ားစမ်းပါဦး. . .။ မောင်ကောင်း မင်းအစ်ကိုလည်း ခေါ်ချည်ဦး"

ကောင်းညက ပြုံးပြုံးရယ်ရယ်နှင့် ခေါင်းသာညိတ်သည်။

တကယ်တော့ တစ်ဦးတည်းသော သူဌေးသားအတွက်
ာများ အရေးတကြီး အလုပ်လုပ်စရာရှိမှာလဲ. . .။

ဝေယံကဂေါက်ဖ်ရိုက်မည်၊ ရှော်ပင်ထွက်မည်၊
ီယာဆိုင်ထိုင်မည်။ ဒါတွေနှင့်သာ အလုပ်ရှုပ်နေတတ်တာပါ။

အလုပ်လည်းမရှိဘူး. . . အချိန်လည်း မအားဘူး
ဆိုသည့် လူစားမျိုးထဲ ပါသည်။

ကောင်းညဖက်သို့ မာမီမမြင်အောင် မျက်စိတစ်ဖက်
ျက်ခနဲမှိတ်ပြလိုက်ရင်း ဝေယံက. . .

"မာမီရာ . . . မောင်ကောင်းကို သိပ်လည်း အထင်ကြီး မနေပါနဲ့ ညက ဝိုင်းမှာ သူလည်းပါတယ်. . ."

"ဟဲ့ . . . တကယ်လား"

တစ်ခါမှ ဒီဃာသောက်တတ်တယ်လို့ မကြားဖူးခဲ့တော့ ဒေါ်သူဇာလွင်က မျက်ခုံးပင့်ကာ အံ့သြသွားသည်။

"ကျွန်တော် အတင်းခေါ်သွားတာပါ. . . ဟား. . . ဟား. . ."

ဒီလိုတော့လည်း ဝေယံက ပြန်လျော့ချ ပေးပါသည်။

"အေး. . . ရယ်နေပါ မင်းဒက်ဒီက မိန်းမတောင်းပေးတော့မှာ ပြီးရင် ဘဝအခြေကျဖို့ကြိုးစား ဒါပဲ"

ဒေါ်သူဇာလွင် စကားကြောင့် ကောင်းညက ဝေယံ မျက်နှာကို ဖျက်ခနဲကြည့်မိသည်။

မိန်းမယူတော့မှာလား. . .။

ဒီအစီအစဉ်ကို သူမသိ. . .။

"မာမီ. . . ကောင်းည သိချင်နေပြီ . . . ဘယ်က ကောင်မလေးဆိုတာ ပြောပြလိုက်ဦးလေ. . ."



"ဝေယံ သဘောကျနေတဲ့ မိန်းကလေးကို သားသိမှာပေါ့"

"ဗျာ"

"မောင်ကောင်းတို့ ကုမ္ပဏီက ပဲလေ"

ဝေယံ မျက်မှာက ပြုံးစိစိနှင့်

ကုမ္ပဏီက မိန်းကလေး ဘယ်သူပါလိမ့်။

"နာမည်လေးက ချစ်စရာလေးလေ ရုံးမှာ သူကလေးက အလှဆုံးပဲ အန်တီ့သားကလည်း လှတာကိုမှ လိုချင်တာ"

ကောင်းညသည် ထိုင်ခုံနောက်မှီကို ခပ်တောင့်တောင့်မှီလျက်သား အသက်ရှူဖို့ပင်မေ့သွားရသည်။

"ခရမ်းပြာကို ကြိုက်သတဲ့လေ"

ပေါ့ပေါ့ပါးပါးလေး ပြောလိုက်သံဟာ သူ့ရင်ထဲမှာ မိုးကြိုး ပစ်သံလို တုန်ခါသွားစေသည်။

ကောင်းည အကြီးအကျယ် မျက်စိမျက်နှာ ပျက်သွားရသည်။

သူနဲ့ခရမ်းက ချစ်သူသက်တမ်း သုံးလေးလပဲ ရှိသေးတာပါ

သိုသိုသိပ်သိပ်ကလေးနေတတ်တဲ့ ခရမ်းကြောင့်သာ ပတ်ဝန်းကျင်က လူတွေမရိပ်မိသေးတာပါ. . .။

"အဲ့ဒါ ဒက်ဒီကို တောင်းပေးဖို့ ပူဆာနေတာ အန်တီလည်း အဲ့ဒီကလေးမကို သဘောကျပါတယ်။ ကောင်မလေးက နောက်ကြောင်းရှင်းတယ်။ ထက်ထက်မြက်မြက်ကလေးလည်း ရှိတယ်။ အန်တီကတော့ ချွေးမလေးကို ကြိုဆိုပါတယ်။ ဆီဒိုးနားမှာ မင်္ဂလာဆောင်ပေးလိုက်မယ်. . .။ တိုက်တစ်လုံးလည်း သပ်သပ်ဝယ်ပေးမယ်လို့ စဉ်းစားထားတယ်"

"ဟာ. . . ဒါမှ မာမီကွ"

ဝေယံက သူ့မိခင်ပါးပြင်ကို ချစ်စနိုး လှမ်းဆွဲသည်။

"ဟဲ့ ကောင်ကလေး. . . အိမ်ထောင်ပဲ ပြုတော့မယ် ကြွေရရနေစမ်း"

သားအမိနှစ်ယောက်သား ကျိုဝယ်သံတွေက ကြည်နူးဖွယ် ဖြစ်ပေမယ့် ကောင်းညရင်မှာတော့ လှိုင်းထန်နေသည်။

ဝေယံ မျက်နှာဟာ ခရမ်းပြာကို သူ့ရဲ့သတို့သမီး ဖြစ်လာဖို့ သေချာနေဟန်. . .။



သူတို့ကသာ ကမ်းလှမ်းရင် ခရမ်းပြာငြင်းမှာ မဟုတ်ဘူး ဟု ထစ်ချ ယူဆထားဟန်. . .။

ခရမ်းဖက်ကရော. . .။

ဒီကိစ္စကြိုသိထားသလား. . .။ သိထားလျှက်နှင့် သူ့ကို ကြောင့် ဖုံးကွယ်ထိန်းချန်ထားရသလဲ။

ရုတ်တရက်တော့ ရင်ထဲအတော်မခံမရပ် ဖြစ်မိသည်။

ချစ်သူရှိပြီးသားလို့ မပြောတဲ့အတွက်သာ ဝေယံဖက်က ကြီးတွေ ဖွင့်ပြောတောင်းယမ်းခိုင်းတဲ့ အဆင့်ထိ တက်လာခဲ့ပါ. . .။

ခရမ်းရယ်. . .။

ကောင်းည စိတ်မကောင်းလည်း ဖြစ်မိပါသည်။

ဝေယံနှင့်တော့ သူကမယှဉ်သာဘူးပေါ့. . .။

မိန်းကလေးတစ်ယောက်အနေနှင့် မက်မောမယ် လည်း အပြစ်ဆိုစရာတော့ မရှိပါဘူး. . .။

နှလုံးသားမှာ နာကျင်မှုန်းကြပ်လာသည်။

ခရမ်းပြာဟာ ဝေယံချမ်းသာနှင့်မှ ပိုပြီးလိုက်ဖက်

တင့်တယ်တယ်ဆိုတာ ငြင်းစရာကိစ္စမဟုတ်. . . ။

ဒါပေမယ့် ခရမ်းကို မောင်နှမြောတယ်. . . ။

မစွန့်လွှတ်နိုင်ဘူး. . . ။

ကျွတ်. . . ဝေယံ. . . ။

မင်းကရော လောကကြီးမှာ ဒီလောက်မိန်းကလေး

အများကြီးရှိတာ. . . ။

ဘာကြောင့် ငါ့ရည်းစားကိုမှ လုချင်ရတာလဲ. . .

အား. . . မဟုတ်သေးပါဘူး. . . ။

ဝေယံ့ကို ငါဘာလို့ ရန်လိုချင်ရမှာလဲ. . . ။

ဝေယံက အန်ကယ်လ်ချမ်းသာရဲ့ ရင်နှစ်သည်း

တစ်ဦးတည်း သောသား. . . ။

ငယ်ငယ်ကတည်းက လိုလေသေးမရှိ ဖူးဖူးမှုတ်

အရေးပေး ခံခဲ့ရတဲ့သူ။

ငါ့မှာက အန်ကယ်လ်ကျေးဇူးတွေ တပုံတပင်. . .

ဒီအခြေအနေ ဒီအဆင့်အတန်းမျိုးနဲ့ နေနိုင်

ဦးချမ်းသာရဲ့ ကျေးဇူးကြောင့်ပါ. . . ။



ငါဘယ်လို ကျေးဇူးကန်းနိုင်မှာလဲ. . . ။

ရည်မွန်ယဉ်ကျေးပြီး သိမ်မွေ့သော ပညာတတ်

ယောက် ဖြစ်သောမို့ ကောင်းညက သူ့ရင်ဘက်ထဲက

က် သောခံစားချက်တို့ကို ချက်ချင်းချိုးနှိမ်သည်။

တကယ်တော့ အသည်းကွဲဖို့ ကံတရားကရှိနေရင် သူ

များ ဆင်ခြေတက်နိုင်မှာ မို့လို့လဲ. . . ။

ခရမ်းပြာအနေနှင့်လည်း သူနှင့် ရည်းစားဖြစ်တာဟာ

များ ဝမ်းသာစရာရှိလို့လဲ. . . ။

ဝေယံချမ်းသာကတော့ စိတ်ဝင်တစား လက်ထပ်ခွင့်

ာင်းတာကသာ သူမကို ဂုဏ်တက်စေမှာပါ. . . ။

ခရမ်းပြာလည်း စိတ်ထဲမှာတော့ ဝေယံကိုသာ

ဆင်ကြီး သဘောကျချင်မှာပါ. . . ။

မိန်းကလေးတွေဟာ အထင်ကြီးလေးစားအားကိုး

နဲ့ ဘဝတစ်ခုကို ပေးအပ်နှံဖို့ အသင့်ရှိကြသူတွေလို့

ကြားဖူးသည်။

ကဲ. . . ဒီတော့ ဘယ်လိုလုပ်ရမလဲ. . . ။

ကောင်းညသည် တွေဝေမွန်းကြပ် ရင်မောခြင်းများနှင့် ထိုညက စိတ်နှင့် လူမကပ်လှပဲ အိပ်မပျော်နိုင်ခဲ့ပေ. . .။

သူ့အတွေးထဲမှာ ခရမ်းမျက်နှာလေးကိုသာ လွမ်းဆွတ်တမ်းတနေမိ၏။





နတ်သုဒ္ဓါရေခဲမုန့်ကို တစ်ဇွန်းခပ်စားပြီးချိန်မှာ ောင်းည မျက်လုံးတွေက အနောက်ဖက်မှန်ချပ်ကြီးရဲ့အပြင်မှာ ျှောက်သွားနေတဲ့ မိသားစုလေးကို လှမ်းမြင်လိုက်မိသည်။

ဟာ. . .။

မနေ့ညက သူဖုန်းဆက်တော့ စက်ပိတ်ထားတဲ့ ငယ်ချမ်း . . .။

ခုတော့ ချစ်စရာကောင်းတဲ့ သမီးငယ်လေးကို လက်ဆွဲ ားပြီး မိန်းကလေးတစ်ယောက်နှင့် ရယ်မော စကားဆို သည်။

သူ့ကိုပြောတော့ ခရမ်းပြာနဲ့ လက်ထပ်လိုက်ပြီတဲ့. . .။ ာ ပွဲပေးရမလားတဲ့. . .။

အခုဒါက ဘယ်ကအမျိုးသမီးလဲ. . .။

ရှင်းအောင်တော့ မေးကြည့်ရမည်. . .။

ကောင်းညက မျက်မှောင်ကြုတ်ကာ ထိုင်နေရာမှ ထ ရပ်လိုက်သည်။

ရွှေပုဇွန်အအေးဆိုင်ထဲ ဒီညနေ လူအနည်းငယ်ရှိ နေသည်။

"ကိုကို. . . ဘယ်ကိုလဲ"

"ခဏလေး. . ."

မက်မုံသည် ကိုကို့မျက်နှာ တင်းမာသွားတာကိုရော အပြင်ဖက် ပန်းခြံဆီ လှမ်းကြည့်တာကိုရော သတိပြုမိသည်။

ဘယ်သူ့ကို တွေ့လိုပါလိမ့်. . .။

မှန်တံခါးကို ထဖွင့်ကာ ကောင်းညက အလျင်အမြန် ထွက်လာခဲ့သည်။

မက်မုံက စားပွဲမှာ ထိုင်နေရစ်ကာ သူလျှောက်သွား ရာဆီ ကြည့်နေမိသည်။

ကာကီရောင်ဘောင်းဘီရှည် ပွပွနှင့် ရှပ်အင်္ကျီ



မ်းခိုးရောင်ဖျော့ဖျော့ကို ဝတ်ဆင်ထားတဲ့ ကောင်းညရဲ့ သဏ္ဌာန်က ရှင်းသန့် ကြည့်ကောင်းလှသည်။

သူသည် ကလေးငယ်တစ်ယောက်ကို အတူလက်ဆွဲ ထားတဲ့ စုံတွဲဆီသို့ လှမ်းခနဲ ချဉ်းကပ်သွားသည်။

"ကိုဝေယံ"

အနားကပ်ကာ ခေါ်လိုက်သံကြောင့် ဝေယံချမ်းက ခေါင်းလှည့် ကြည့်သည်။

"ဩော်"

ကောင်းညကို ဖြန်းခနဲတွေ့လျှင် မျက်နှာထားက တစ်မျိုးပြောင်းသွားလျက် ဖုံ့ဖြိုသွားသည်။

"ကိုဝေယံနဲ့ စကားပြောချင်တယ်"

"ဟေ. . . အဲ့ဒါဆို အိမ်ကို တစ်ရက်လာလေကွာ"

"အခုပဲ မေးစရာရှိတယ်"

ကောင်းညက ခပ်တင်းတင်းပဲ တောင်းဆိုလိုက်၏။

ဝေယံပုံစံက မဖော်ရွေတဲ့အပြင် မလိုလား မနှစ်သက်ပုံ ဖြစ်နေတယ်ဟု သူခံစားမိသည်။

သူ့ဖက်ကတော့ ရင်ကွဲခံပြီး နောက်ဆုတ်ပေးခဲ့ရတာ

ကိုယ်မြတ်နိုးလွန်းရတဲ့ မိန်းကလေးကို စွန့်လွှတ်ခဲ့ရ

ဒဏ်ရာကို ဒီလူက ကိုယ်ချင်းမစာ. . .။

"မောင်. . . ခိုင်. . . သမီးကို ရွှေငါးလေး

သွားပြဦးမယ်. . .။

"အိုခေ"

သူ့အမျိုးသမီးက အလိုက်သိစွာ ကလေးကို လက်ဆွဲ

စမ်းချောင်း ကလေးရှိရာထွက်ခွါသွားသည်။

ဒီတော့မှ ဝေယံနှင့် ကောင်းညတို့ မျက်နှာချင်းဆို

မိကြသည်။

"မင်းဘာတွေ အရေးကြီးလာတာလဲ"

"ခရမ်းပြာနဲ့ လက်မထပ်ဖြစ်တာလား. . .။ လက်ထ

ပြီးမှ သစ္စာဖောက်တာလား. . ."

"ဘာတွေ လာပြောနေတာလဲ. . .။ ငါ့မိန်းမကလည်း

ခရမ်းပြာပဲ လေးကွာ. . ."

"ဘာဗျ. . ."



ဝေယံနှုတ်ခမ်းမှာ မထီမဲ့မြင် ဆန်သော အပြုံးတစ်ခု

ထင်ဟပ် လာသည်။

"နားမရှင်းဘူးလား. . .။ ငါ့မိန်းမ နာမည်ရင်းက

မသူခိုင် . . .။ ဒါပေမယ့် သူတက္ကသိုလ်တက်တုန်းက ကဗျာ

ရေးတော့ ခရမ်းပြာနံမည်နဲ့လေ။ ငါက အဲဒီနာမည်ပိုသဘော

ကျလို့. . ."

"ဝေယံ. . . မင်းဝေ့လည်ကြောင်ပတ်မလုပ်နဲ့"

ကောင်းညက ကိုဝေယံလည်းမခေါ်တော့ မင်းနဲ့ငါနဲ့ပဲ

ပြောပစ်လိုက်သည်။

"ငါ့ကို မင်းပြောတော့ ခရမ်းပြာနဲ့ပဲ လက်ထပ်ခဲ့

တယ်ဆိုကွ"

"အေးလေ နံမည်တူတာငါက ရှင်းပြရဦးမှာလား"

"တောက်. . ."

ကောင်းည ဝေယံ့သဘောကို နားလည်သွားပါပြီ. . .။

သူ့ကို မလိမ့်တပတ်လှည့်စားခဲ့တာ. . .။

"မင်းရည်ရွယ်ချက်ကဘာလဲ. . .။

“ဟား. . . ဟာ. . . ဒါကို ငါက ပြောပြရဦးမလား. . . ငတုံးရ ခရမ်းပြာဆိုတဲ့ ဒက်ဒီ့စာရေးမက မင်းကိုချစ်တယ် တဲ့. . .။ ငါ့ကို ငြင်းပယ်တယ်. .။ မင်းနဲ့ငါနဲ့က တကယ်ဆိုရင် ယှဉ်စရာ နှိုင်းစရာလား ။ မင်းစဉ်းစားကြည့်. . .။ ဒါကြောင့် အမြင်ကပ်လို့ ဘာမှ မရှင်းပြပဲထားလိုက်တာ မင်းဖက်က ထင်ချင်သလိုထင် . .။

“ဝေယံ မင်းစိတ်ဓါတ် အောက်တန်းကျလှချည် လား. . .”

“ဒါတွေက အခြေအနေအရ ဖြစ်လာတာပဲ. . . မင်းတို့နှစ်ယောက် ဖူးစာကံမရှိလို့ ဝေးသွားကြတာ ငါ့ကိုမေးရင် တော့ ငါကဝမ်းသာတယ်လို့ ဖြေမှာပဲ. . .။ ရှင်းရှင်းပဲ မင်း မကျေနပ်လည်း ငါဂရုမစိုက်ဘူး. . .”

ကောင်းညသည် လက်သီးနှစ်ဖက်ကို တင်းတင်း ဆုပ်ထားမိ၏။

မထီတရီ မျက်နှာကို သူလက်သီးနှင့်ဆွဲထိုးပစ်လိုက် ချင်သည်။



သို့သော် ဒါဟာသူ့ရဲ့ နောက်ပြန်လှည့်မကြည့်စတမ်း ဒွန့်ခွါ ရှောင်ပြေးခဲ့မှုကြောင့်လည်း ဆိုင်သည်။

ကောင်းညက အရင်ဆုံး ကိုယ့်ကိုကိုယ်သာ အပြစ်တင် လျှက် မချိတင်ကဲ ခံစားမိသည်။

သူ့ရင်ထဲမှာ ဆို့နစ်ဝမ်းနည်းလာသည်။

“သူကတော့ မင်းဘယ်မှာနေလဲ. . . မင်းလိပ်စာ ငါ့ဆီ တစ်ခေါက် လာမေးပါတယ်. . .။ ငါမပြောပြလိုက်ဘူး. . .။ မင်းအမေရိကား ထွက်သွား ပြီးလို့ ညာလိုက်တယ်. . .။”

“အဲ့ဒီလို လုပ်လိုက်တော့ မင်းအတွက် ဘာအကျိုးရှိလဲ ဝေယံ. . . ငါတို့ကို ဘာလို့ ကွဲစေချင်တာလဲ. . . ”

ဝေယံအဖြေက သည်းမခံချင်စရာပါ။

“မင်းက ငါ့ဒက်ဒီကျေးဇူးနဲ့ လူတလုံး သူတစ်လုံးဖြစ် လာတဲ့ ကောင်လေကွာ. . .။ ကျေးဇူးမမေ့သင့်ဘူးပေါ့. . .။ ဒါပေမယ့် မင်းက ဟိုရောက်တော့ ခြေစုံကန်ထွက်သွား တယ်. . .”

“ငါ့ခြေထောက်ပေါ် ငါရပ်တည်တာ အပြစ်လား. . .

ခရမ်းနဲ့ ပတ်သက်ပြီး မင်းတို့ အရိပ်မှာ မခိုချင်တော့လို့. . .

"အဲ့ဒါဆိုလည်း ပြီးတာပဲ။ အခု ငါ့ကိုဘာရစ် စရာရှိ

"ကျွတ်. . . မင်းကွာ. . ."

"အခု မင်းရဲ့စာရေးမ ခရမ်းပြာ ဘယ်ရောက်နေ

ပြောပြ ရမလား. . .။"

"မလိုတော့ဘူး. . . ပော့ကောင် ရတယ်. . ."

ဝေယံက ခေါင်းမော့လှန်ကာ ရယ်သွမ်းသွေးလိုက်

သူ့ပုံစံမှာ မထီမဲ့မြင်စတိုင်လ်. . .။

ခရမ်းပြာက ကောင်းညကိုပဲချစ်တယ်ဆိုပြီး သူ့

အပြတ်ငြင်းပယ်တုန်းက သူ့ရင်ထဲမှာ ရသွားခဲ့တဲ့ ဒဏ်ရာ

ဝေယံ မမေ့နိုင်ပါ. . .။

ဒါကြောင့်လည်း မလိုတမာစိတ်တွေနဲ့ သူတို့နှစ်ဦး

ဝေးကွာစေ ချင်ခဲ့တာ. . .။

ပထမအဆင့်အနေနဲ့ ဒက်ဒီ့ကို သူတောင်းဆိုခဲ့တာ

ကတော့ ကောင်းညကို စင်ကာပူမှာပဲ ကျောင်းတက် အလုပ်လု

စေဖို့. . .။ တတ်နိုင်သမျှ ဒီကို ပြန်မခေါ်ဖို့. . .။



သို့သော် ကောင်းညက ဒက်ဒီ့ထံမှ အလုပ်နှုတ်ထွက်

သွားပြီး ဘန်ကောက်မှာ သူ့ဟာသူ အလုပ်ရှာ လုပ်နေခဲ့သည်။

ခရမ်းပြာနဲ့ ပြန်မဆုံ. . .။

ဝေယံ ရည်ရွယ်ချက် အလိုလို ပြည့်ဝခဲ့တယ်

ပြောရမှာပင်။

"သူလည်း အိမ်ထောင်ကျနေလောက်ပြီကွ. . . စိတ်

လျှော့လိုက် တော့ကောင်းည. . .။ ဟား. . . ဟား. . . တော်ကြာ

င်းသွားဆက်သွယ်လို့ ပြဿနာတွေ တက်နေပါ့မယ်ကွာ. . .။

ပဲမဟုတ်လား. . . မင်းမေးချင်တာတွေ ငါဖြေပြီးပြီနော်. . .

ဘိုင့်ဘိုင်. . ."

လက်ကို ဝှေ့ယမ်း နှုတ်ဆက်ရင်း ကလေးတစ်ယောက်

လို အနိုင်ပိုင်း အနိုင်လိုချင်သော ဝေယံကို သူဘယ်လို

သတ်မှတ်ရမလဲ မသိတော့ပါ. . .။

ရင်ထဲမှာတော့ ခရမ်းကိုပဲ သနားမိသည်။

မောင့်ကို စိတ်နာနေတာလား ခရမ်းရယ်. . .။

တကယ်တော့ ရင်မဆိုင်ရဲခဲ့တာ မောင့်အမှားပါ. . .။

သတ္တိမရှိခဲ့တာ. . . မဖြေရှင်းရဲခဲ့တာ. . .။ အဘ
မောင့်အပြစ်တွေပါ ခရမ်းရယ်. . .။ စိတ်နာမယ်ဆိုရင်
နာသင့်တဲ့သူပါပဲ။ ကောင်းညရင်ထဲ လစ်ဟာကြေကွဲစွာ နေ
အကြီးအကျယ် ရသွားမိသည်။

သူကြိတ်မှတ်ပြီး မေ့ထားခဲ့တာတွေက အလ
သက်သက် စိတ်ပင်ပန်းရုံရှိခဲ့တာပေါ့။

ခရမ်းက သူ့ကို ဆက်သွယ်လို့မရပဲ ဘယ်လောက်
မချင့်မရဲ ဝမ်းနည်းနေလိုက်မလဲ. . .။

သူကတော့ နီးစပ်ပက်သက်ရာ မိန်းက
တစ်ယောက် အစားထိုး ဖြေသိမ့်ပြီး ဘဝခရီးကို အေး
ဖြတ်သန်းဖို့တောင် ရည်ရွယ်ချက်တွေ ထားလို့. . .။

သူကိုယ်သူ ကောင်းည အပြစ်တင်လိုက်မိ၏. . .

တကယ်ဆို မောင်အရမ်း တကိုယ်ကောင်းဆ
သွားတယ် ကွာ. . .။

တစ်ဖက်သက်စီရင်ချက်တွေ ချက်လိုက်မိတယ်. . .

ခရမ်းဖက်က အခြေအနေမှန်ကို မလေ့လာခဲ့မိဘူး. . .




ဒီလိုဖြစ်လာမယ်လို့ လုံးလုံးမထင်မိလို့ပါ. . .။

ခရမ်းသာ လွတ်လပ်သူတစ်ယောက်ဆိုရင်
င်အစောကြီး ကတည်းက ခရမ်းဆီ
ပြေးလာခဲ့မှာပေါ့. . .။

အခုတော့ မောင့်အမှားတွေကို ဘယ်လိုပြန်ပြင်
လဲ. . .။

ဘယ်လိုပြန်ပေးဆပ်ရမလဲ. . .။



အတိတ်က ဖြစ်ရပ်လေးတွေကို ဟိုဒီပြန်တွေး လွှမ်းဆွတ် ရင်း မှေးခနဲ အိပ်ပျော်သွားရာကနေ တံခါးဘဲလ်သံကြားရမှပဲ ခရမ်းပြာ လူးလူးလွန့်လွန့် ပြန်နိုးလာခဲ့သည်။

မက်မုံ ပြန်လာပြီထင်သည်။

သူမအိပ်ယာထက်မှ အသာအယာထထိုင်လိုက်သည်။

တံခါးဘဲလ်သံလေးက ကြားနေရဆဲ. . .။

ခရမ်းပြာက ဆံပင်လေးတွေ စုစည်းသပ်ရပ်အောင်ပြုပြင်ရင်း အခန်းပြင်သို့ ထွက်လာသည်။

တံခါးကို ဖွင့်လိုက်တော့ မြူးပျသော မျက်နှာပေးလေးနှင့် ခပ်ရွှဲရွှဲ ရပ်နေသည့် မက်မုံကို တွေ့ရသည်။



"ပြန်လာပြီလား မက်မုံ"

"မခရမ်း အိပ်နေတာလား"

"အင်း. . ."

"နိုးသွားပြီပေါ့ . . . . အားနာလိုက်တာ. ."

"ရပါတယ်"

မခရမ်းရဲ့ ဖြေသံက တမျိုးဖြစ်နေသည်။ မက်မုံနှင့်
. . .လုံးချင်း သိပ်မဆုံလိုပုံ. . . .။

အိပ်ရေးပျက်သွားလို့ တမျိုးဖြစ်နေဟန်ပင်. . . .
သို့သော် ချစ်သူနှင့် ပြန်ဆုံ၍ ကြည်နူးမြူးတူးလာရသော
. . .မုံက ဘာဘာညာညာ မစဉ်းစားမိပေ။

"မခရမ်းအတွက် ကြေးအိုးဆီချက် ဝယ်လာတယ်"

"သင့်ခ်ယူ. ."

မက်မုံက အိပ်ခန်းထဲလှမ်းဝင်ရင်း မခရမ်းရဲ့ ခါးလေး
. . .င် ရှင်ရှင်ပျပျ လှမ်းဖက်မိသည်။

"အို. . . ကောင်မလေး ဘယ်လိုဖြစ်လာသလဲ"

ခရမ်းပြာက ပုံမှန်ဖြစ်အောင် ဟန်ဆောင်ဖို့ကြိုးစားသည်။

တကယ်တမ်းတော့ ရင်ထဲမှာ ဘယ်လိုမှမကောင်းနိုင်ပါ။

ဆို့နင့်ကြေကွဲနေမိသည်။

"ပျော်နေတာလေ. . . အားမကျဘူးလား"

"မကျပေါင်"

ခရမ်းပြာရဲ့အသံမှာ အက်ရှနေသည်။

အခုကိုယ်က မင်းကို အားကျရမှာတဲ့လား မက်မုံရယ်. . .။

မင်းက အခုလက်ရှိ ကောင်းညလင်းထွန်းရဲ့ ချစ်စရာအသည်းကျော် မလေးပေါ့. . .။

ခရမ်းပြာ မျက်ရည်မဝိုင်းဖို့မနည်း သတိထားရသည်။

မောင့်ကို တွေ့လိုက်ရကတည်းက ဒီဝိုချင်စိတ်ကတားမရ ဆီးမရ တလှိုက်တနင့် ဖြစ်နေခဲ့တာ. . .။

စွမ်းဆီက ဖေးမနှစ်သိမ့်မှုလေးရခဲ့လို့သာ ဒီလောက်ထိအားတင်းထားနိုင်တာပါ. . .။

မက်မုံလေးကတော့ ဘာမှမရိပ်မိပုံမရသေးပါ။



သူ မသိတာပဲ ပိုကောင်းပါတယ်။

ကောင်းညကို စိတ်ရှင်းရှင်းလေးသာ ချစ်မြတ်နိုး နိုင်ပါစေတော့. . ။

"ဟုတ်လို့လား. : စွမ်းပြည့်နဲ့ အဆင့်တွေတက်သွားပြီလား"

ခရမ်းပြာက မဖြေပဲ နှုတ်ခမ်းလေးစေ့ရုံသာ ပြုံးမိသည်။

မက်မုံဟာ မနေ့က မက်မုံမဟုတ်တော့ပြီ. . .

အစစအရာရာ ပွင့်ပွင့်လင်းလင်း ပြောခွင့်မရတော့ပြီ. . .။

အခု မက်မုံက မောင့်ရဲ့ချစ်သူ. . . မောင့်ရဲ့ချစ်သူတဲ့လေ. . .။

ခုထက်ထိ မယုံနိုင်အောင် ခံစားနေမိဆဲ. . . .။

မက်မုံ နှုတ်က တဖွဖွရေရွတ် တမ်းတတက်တဲ့ ကိုကိုဆိုတာ ကောင်းညလင်းထွန်းတဲ့. . . .။

ကံတရားရဲ့ အစီအစဉ်တွေက ကျနသေသပ်လွန်းလို့ထင်က်လဲ မတွေးတတ်တော့ပါဘူး. . .။

ခရမ်းကို အလွယ်တကူလေး စွန့်ခွာထားရင်
မောင်က မက်မုံလို မိန်းကလေးနှင့် ကြုံကြိုက်ဆုံ
နေသတဲ့လား. . . ။

မောင် ရက်စက်တယ်ကွာ. . . ။

အို. . . ဒါတွေ ငါဘာလို့ တွေးနေမလဲ. . .။

ထားလိုက်စမ်းပါတော့. . . ။

ခရမ်းပြာက ပင့်သက်ရှိုက်သည်။

ပြီးလျှင် မက်မုံ ဆွဲထားတဲ့ လက်ကို အသာရုန်း
ကိုယ့်အခန်းထဲ ကိုယ်ပြန်ခွေနေဖို့ ရည်ရွယ်သည်။

"မခရမ်း. . . ဘာဖြစ်နေတာလဲဟင်. . ."

"တို့နည်းနည်း နေမကောင်းချင်လို့ မက်မုံ"

"ဟင် ဟုတ်လား အဲဒါဆို မက်မုံပြုစုပေးမှာ ပေ
နှိပ်ပေးရမလား အခုလောလောဆယ် ကြေးအိုး ပူပူသော
လိုက်ပါလား၊ မက်မုံထည့် လာခဲ့မယ်၊ ရပါတယ်၊ နေပါစေ. . ."

"အို မရပါဘူး ဒီက သောက်စေချင်လို့ ဝယ်လာတဲ့
လာပါ"



မက်မုံက ထမင်းစားပွဲဆီဆွဲခေါ်၏။

ခရမ်းပြာက ခပ်လေးလေးနှင့် ထမင်းစားပွဲက ထိုင်ခုံမှာ
ခ်လျှက်သား ထိုင်ချလိုက်သည်။

လူက ဘာမှမလှုပ်ရှားချင်အောင် ခွန်အားတွေ
ပျောက်ဆုံး ပျော့ယိုင်နေသည်။

မက်မုံက ကြေးအိုး သွားထည့်ကာ ပန်းကန်လုံးကို
န်ကန်ပြားခံကာ သယ်မလာသည်။

"ကဲ. . . . သောက်လို့ရပါပြီရှင်. . ."

"မက်မုံ ရေမိုးချိုးပြီး နားတော့လေ. ."

"မနားနိုင်သေးပါဘူး. . . ဟင်း. . . ဟင်း. ."

မက်မုံက ရှက်စနိုး အမူအရာနှင့် တစ်ချက်ရယ်
လိုက်သည်။

"ဘာဖြစ်လို့"

"ရင်ထဲမှာ ပျော်နေလိုပေါ့ မမရဲ့. . ."

"ဩော်"

ခရမ်းပြာက မျက်လွှာချလိုက်သည်။

"မမ. . . မက်မုံ ကိုကို ချောရဲ့လား. . ."

"အင်း. . . ကြည့်ကောင်းသားပဲ. . ."

"မက်မုံနဲ့ရော လိုက်ရဲ့လားဟင်"

"ဩော်. . . လိုက်ဖက်သင့်တော်လို့ပဲ ချစ်သူတွေ ဖြစ်နေပြီဟာ. . "

ခရမ်းပြာက အလိုက်သင့်ဖြေနေမိ၏။

ရင်ထဲမှာတော့ မွန်းကြပ်ပြီး အသက်ရှုလို့ပင်မဝ ဒီအကြောင်းတွေ တို့မကြားပါရစေနဲ့လား မက်မုံရယ် . . .။

တို့နားထောင်မှ ကျေနပ်မှာလား. . .။

မက်မုံ မျက်နှာလေးမှာတော့ ပြုံးပီတိလေးတစ်စု ထင်ဟပ်နေ၏။

"ကိုကိုကတောင် မခရမ်းအကြောင်းတွေ မေး တယ်. ."

"ဘာရယ်. . . ."

သူမရင်ထဲ ထိပ်ခနဲ ဆောင့်ခုန်သွားရ၏။

"အိမ်ထောင်နဲ့လားတဲ့. . . ."



"ဟင်"

မက်မုံစကားကြောင့် ခရမ်းပြာ ကိုယ်လေး ဆတ်ခနဲ ဖြစ်အောင် အံ့သြသွားရသည်။

ကြည့်ပါဦး. . . . မောင်က အထင်သေးရက် ပါလား . . .။

ကိုဝေယံနဲ့ လက်ထပ်ဖြစ်တယ် ထင်နေလား. . .

ဘုရားရေ. . သူမသိဘူးလား. . .

ခရမ်းပြာ အလန့်တကြားတွေးရင်း ရင်တလှပ်လှပ် ခုန်လာမိ၏။

ကိုဝေယံ ယူသွားတဲ့ မိန်းမကလည်း ခရမ်းပြာပဲ ဆိုတော့ တော်တဆ သူက ငါနဲ့လို့ထင်နေတာလား. . . .

အို. . . ထင်နိုင်တာပဲ. . . . .။

သူမသိဘူးဆိုရင် တကယ်ပဲ အထင်လွဲနေခဲ့ရင်. . .။ ဖြစ်နိုင်ပါဘူး. . သူတို့ အဆက်အသွယ် ရှိနိုင်တာပဲဟာ။ လောက်ထိတော့ အထင်မမှားနိုင်ပါဘူးနော်. . . .။

ရုတ်တရက် ခရမ်းခေါင်းထဲ အတွေးမျိုးစုံ ပေါ်ပေါက်

လာရ၏။

လက်ဖျားလေးတွေပင် အေးစက်လာတဲ့အထိလည်း စိတ်လှုပ်ရှား လာမိသည်။

"မက်မုံလည်း ကိုကို့ကို စိတ်ဆိုးတာပေါ့. . . အပျိုလေးကို ဒီလိုထင်စရာ လားလို့. . ."

ခရမ်းပြာသည် မက်မုံကို ဘာပြောရမှန်း မသိ။

မျက်စိရှေ့က ကြေးအိုးပန်းကန်းကိုသာ ဆွဲယူမွှေနှောက် နေမိသည်။

"စွမ်းနဲ့ကလည်း ရည်းစားတောင် မဖြစ်သေးပါဘူးလို့ ရှင်းပြရတယ်. . "

မခရမ်းပြာသည် ကြေးအိုးတစ်ဇွန်းကို စိတ်ရှည်ရှည် ခပ်ယူနေကာ မက်မုံစကားကို စိတ်ဝင်စားဟန် မပြလေ. . ။ ထို့ကြောင့် မက်မုံကလည်း ကိုကို့စကားတွေအကြောင်း ထပ်မပြော တော့ပဲ နှုတ်ဆိတ်နေလိုက်သည်။

ခရမ်းပြာမှာတော့ မက်မုံ မျက်ဝန်းထဲကို မကြည့်ပဲ ရှောင်နေရ၏။



သူကလေးက ခရမ်းပြာတို့ အတိတ်ဇာတ်လမ်းကို ဘာလို့သာ ရိုးရိုးသားသား ပြောနေတာ. . ။

မတော်တဆ သိများ သိသွားခဲ့ရင်. . .

မက်မုံရယ်. . ။

အဲ့ဒီအခါကျရင် တို့နှစ်ယောက်ကြားမှာ မျက်နှာ ာတွေ အခင် အမင်ပျက်စရာတွေ ဖြစ်လာနိုင် တယ်နော်။

တို့ဘာလုပ်ရမလဲ. . ။

တို့မက်မုံနဲ့ မျက်နှာမပျက်ချင်ပါဘူး. . ။

အခင်အမင်လည်း မပျက်ချင်ပါဘူး. . ။

ဒါပေမယ့် မက်မုံက မောင့်ရည်းစားလေး ဖြစ်နေတဲ့ က် တို့တွေရဲ့ ဆက်ဆံရေးမှာ အနှောင့်အယှက် ဖြစ်နေလိမ့် . . ။

ခင်မင်နွေးထွေးမှုတွေ ပျောက်သွားလိမ့်မယ်. . ။

ဒါကို တို့စိုးရိမ်မိပါတယ် မက်မုံရယ်. . ။



ခရမ်းပြာရဲ့ ဖုန်းကလေးက ညင်သာစွာထမြည်လာ
ချိန်မှာ မက်မုံက သူ့အခန်းမှာသူ အိပ်ပျော်နေပြီဖြစ်သည်။

ညဉ့်နက်မှာ ဖုန်းဝင်လာခဲ့တာမို့ ပထမတော့ ခရမ်း
စွမ်းလို့ထင် လိုက်မိသည်။

သို့ပေမယ့် စွမ်းနဲ့ ဒီညဦးပိုင်းက ပြောပြီးသွားပြီ။

စွမ်းက သူ့အမေကို နေပြည်တော်လိုက်ပို့ပေးရမှာ
မနက်ဖန်မှ ပြန်လာခဲ့မယ်လို့ နှုတ်ဆက်ပြီး သွားပြီ. . .။

ဖုန်းကို ကြည့်လိုက်တဲ့အခါ ခရမ်းမသိတဲ့ နံပါတ်တစ်
ဖြစ်နေသည်။



ခရမ်းက မျက်မှောင်လေးကုပ်လျက်သား တွေးဆဆနှင့်
န်းကိုဖွင့်ကာထူးလိုက်သည်။

"ဟယ်လို. ."

"ခရမ်း. . ."

"ဟင်. . ."

သူမထိပ်ခနဲရင်ခုန်သွားသည်။

တိုးချိုသော ထိုခေါ်သံကို နှလုံးက ယစ်မူးနှောင်တွယ်ခဲ့
းသည်။

အခု သူဘာကြောင့် ခရမ်းဆီဖုန်းဆက်တာလဲ. . .။

ခရမ်းပြာသည် ဖုန်းလေးကို နားနှင့်ကပ်ကာ
အခန်းထဲက ထွက်ပြီး ဝရံတာဆီ လျှောက်ခဲ့သည်။

"ခရမ်း ဖုန်းမချနဲ့နော် စကားနည်းနည်းပြော ချင်လို့ပါ"

ကောင်းညအသံလေးက တခဲတယနှင့် အရေးတကြီး
ဖြစ်နေဟန်

"မက်မုံနဲ့ ပြောမလို့ထင်တယ်. . . သူအိပ်ယာဝင်သွားပြီ
ခါ ပေးရ. . ."

"ခရမ်းနဲ့ ပြောချင်တာ. . . ဒီညခရမ်းကို မတောင်းပန်ရရင် မောင် အိပ်ပျော်မှာမဟုတ်ဘူး. . ."

"ရှင်ဘာဖြစ်နေတာလဲ"

"မောင် ဒီနေ့ဝေယံနဲ့ တွေ့တယ်သူ့မိန်းမနဲ့ သူ့သမီးလည်းပါတယ်"

"အဲ့ဒါ ဘာဖြစ်လဲ. . ."

"သူ့မိန်းမက ခရမ်းပြာဆိုတဲ့ ကလောင်နဲ့ကဗျာရေးဖူးလို့တဲ့။ ဒီကောင်ပြောပုံဆိုပုံကကွာ လက်သီးနဲ့ ပိတ်ထိုးပစ်လိုက်ချင်တယ်။ ဝေယံ မောင့်ကို တင်မင်ပညာပြထားတာ၊ ခရမ်းကို လက်ထပ်ဖြစ် သလိုလို ပုံမှားရိုက်ထားတာ။ တောက်ယုတ်မာတဲ့ ကောင်ကွာ။ သူက မောင်နဲ့ ခရမ်းကို ကွဲစေချင်လို့ဆိုတာ ဝန်ခံတယ်။ ဒါပေမယ့် သေချာ စဉ်းစား ကြည့်တော့ မောင့်အမှားပါ ခရမ်းရယ်။ မောင်ကခရမ်းတို့ လက်ထပ်ပွဲကို မမြင်ရဲလို့ အမြန်ကျောင်းပြေးခဲ့တာ. . .။ အခုမှ အရမ်းမှားသွားခဲ့ မှန်းသိတယ်"

"ဝေယံ့ကို လက်ထပ်မယ်လို့ ရှင့်ကို ဘယ်သူကပြောလဲ"



"ခရမ်း မပြောပေမယ့် မလွန်ဆန်နိုင်ဘူးလို့ မောင်ယူဆ ယ်. . ."

"အဲ့ဒါက ရှင့်ရဲ့ တဖက်သက်အမြင်လေ နှုတ်မဆက်ပဲ းခဲ့ရှောင် ပုန်းသွားတာက ရှင်ပဲ အခုအဲ့ဒါတွေ ဘာကြောင့် ာနေတော့မှာလဲ"

"မောင့်ရင်ထဲမှာ ဘယ်လောက်ယူကျုံးမရဖြစ်နေမလဲ ာ ခရမ်း ခန့်မှန်းလို့ ရမှာမဟုတ်ဘူး. . . အခု မောင်ဘာ ်ရမလဲ ခရမ်း. . .။ မောင် တောင်းပန်ပါတယ်ကွာ း်လက်ထပ်သွားခဲ့ပြီ ဆိုပြီး မောင်က ကြိတ်မှိတ် မေ့ထားခဲ့ . . ."

"မေ့နိုင်ခဲ့တယ်မို့လား. . . ပြီးရောပေါ့. . ."

"ဟာ. . . မပြီးပါဘူး. . . မေ့လည်းမမေ့နိုင်ဘူး. . ."

"ကိစ္စမရှိဘူး. . . နှောင်တမရပါနဲ့. . ."

"ဘာလို့လဲ. . . ခရမ်း ဟိုကောင်လေးကို လက်ခံလိုက် ား. . ."

သူက အမောတကော မေးသည်။

"အဲ့ဒါတွေ မမေးပါနဲ့တော့မောင်။ အဲ ကောင်းည ပြီးတာတွေ ထားလိုက်ပါတော့ အခု အတိုင်းလေး အဆင်ပြေပါတယ်"

"ခရမ်း. . . အဲ့လိုမပြောနဲ့ . . . မောင်မခံ နိုင်ဘူး. . . မောင် မက်မုံကို သံယောဇဉ်တစ်ခုနဲ့ သနားလို့ လက်တွဲဖို့ ဆုံးဖြတ်တာပါ. . ."

"တော်ပါပြီ. . . အဲ့ဒါတွေ မရှင်းပြပါနဲ့တော့ . . . ရပါတယ်. . ."

"ခရမ်းအထင်လွဲနေပြီ. . . မောင့်ကို စိတ်နာနေ မဟုတ် လား. . ."

"စိတ်မနာပါဘူး. . ."

"ဒါဆိုရင် ခွင့်လွှတ်လား"

"အင်း. . ."

"တကယ်လား ခရမ်းရယ်. . . မောင့်အပြစ်တွေကြော ခရမ်းနဲ့ ဝေးရတာလို့တွေးမိရင် မောင့်ကိုယ်မော ခွင့်မလွှတ်နိုင်ဘူး. . ."



"ကဲ. . . ဒါဘဲမဟုတ်လား။ တော်ကြာမက်မုံနိုးလာရင် ကောင်းဘူး"

အခန်းတံခါးဖွင့်သံကြားသဖြင့် ခရမ်းပြောက ားဖြတ်ဖို့ သတိပေး လိုက်၏။

မက်မုံသည် ခရမ်း ခြေသံတရှပ်ရှပ်နှင့် ပြေးသွားသံ ေးကို ကြားကတည်းက နိုးနေခဲ့တာဖြစ်သည်။

ဝရံတာကနေ တီးတိုးတီးတိုး မသဲမကွဲ စကားသံတစ်ချို့ ားနေရ ပေမယ့် စွမ်းပြည့်နှင့် ပြောနေတယ်ထင်မိ၍ ဝိုက်နားမစွင့်မိပေ။

အခုအပြင်ထွက်လိုက်တော့မှ "မက်မုံနိုးလာရင် ကောင်းဘူး"ဟု အမှတ်မထင်ကြားလိုက်ရတာ။

မက်မုံရှိနေရင်ဘာဖြစ်လို့လဲ. . .။

အနှောင့်အယှက်ဖြစ်လို့လား. . .။

"ခရမ်းရယ် မောင့်ကိုတကယ်ခွင့်လွှတ်တယ်နော် ောကျည်းဘူးနော်"

သူက စိတ်လှုပ်ရှားနေသံနှင့် ထပ်ပြောချင်သေးပုံ

ခရမ်းက အိမ်အတွင်းဖက်သို့ နားစွင့်ထားရင်း. . .

"အခုအချိန်မှာ ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့

ပါဘူး. . .။ ကိုယ့်ဘဝနဲ့ ကိုယ်ပဲပေါ့. . ."

အရှုံးပေးထားသော ချစ်သူလေးရဲ့ စကားသံ

ကြေကွဲမှုကို သူနင့်နင့် သည်းသည်းခံစားရသည်။

ကောင်းညရင်ထဲ ထိထိခိုက်ခိုက်နှင့် ငြိမ်သက်သွား

မိသည်။

သူ့နှလုံးသားမှာ တင်းကျပ်နာကျင်လာမိသည်။

ဝေယံဖြစ်စေချင်သလို သူတို့နှစ်ယောက်တစ်သက်

ဝေးကြပြီလား။ သူ့ရဲ့ဆန္ဒအတိုင်း ဖြစ်မြောက်သွားပြီလား။

ဟား. . . ဒီလိုမဖြစ်ချင်ဘူးကွာ. . .။

ဒီလိုတော့ မရဘူး ဝေယံ။ တကယ်တော့ ငါကအချစ်

မွန်မြတ်စွာ စွန့်လွှတ်ခဲ့တာပါ။ -

ဒါဟာ မင်းကို အရှုံးပေတာ မဟုတ်ဘူး။

တစ်စုံတစ်ယောက်ကြောင့် မောင်တို့ အချစ်တွေပြို

ဆုံးရှုံးခံရ မှာလား. . .။ မဖြစ်ဘူး ခရမ်း။



မောင်တို့မှာ အခွင့်အရေးမရှိတော့ဘူးလား. . .။

လမ်းဆုံးထိရောက်နေပြီလား. . .။

မဟုတ်သေးဘူး ခရမ်း. . .။ ပြန်ရှာကြည့်ရအောင်။

မောင်တို့အနာဂတ်ကို မျှော်လင့်ကြည့်ရအောင်

ဘစ်ချက်လောက် ဖြစ်ဖြစ် ပြန်မျှော်လင့်ပါရစေ။

"ခရမ်း. . ."

သူတမ်းတမ်းမက်မက်ခေါ်မိသည်။

"ပြောစရာရှိသေးလို့လား. . ."

"မောင်ခရမ်းကိုချစ်တယ်. . ."

"အို. . . ရှင်ကတော့. . ."

ခရမ်းနှလုံးသားမှာ လှုင့်စဉ်သွားမတတ် အံ့ဩတုန်လှုပ်

သွားသည်။

ဘုရားရေ. . .

ဒီအချိန်မှာ ချစ်တယ်ဆိုတဲ့ စကားကို ဆိုနိုင်သေးလား

မောင်ရယ်. . .။

"မောင်ခရမ်းကို သိပ်ချစ်တယ်။ အဲ့ဒါကို ယုံထားပေးပါလား"

"မပြောပါနဲ့တော့"

သူမက တိုးတိတ်စွာတားမြစ်သည်။

"ခရမ်းတစ်ယောက်ထဲကိုပဲ ချစ်တယ်"

"မကြားချင်တော့ဘူး. . ."

"ခရမ်း စွမ်းပြည်ကို မချစ်ရဘူး. . ."

"စွမ်းကို အဖြေပေးပြီးပြီ"

"ဘယ်တုန်းကပေးလိုက်တာလဲ. . .။ မောင့်မျက်နှာကို တွေ့လိုက်တဲ့ ပထမဆုံးနေ့က မဟုတ်လား. . ."

သူက အတတ်ဟောနိုင်လေသည်။

ကောင်းစွာရိပ်မိပုံပင်။

ခရမ်းက စိတ်မကောင်းစွာမျက်ရည်လေးပင် ရစ်ဝဲလာမိသည်။

"ခရမ်း"

". . . . . . . . ."

"ပြောလေကွာ. . .။ ဟုတ်တယ်မို့လား. . ."

"အဲ့ဒါတွေ မသိချင်ပါနဲ့တော. . .။ တို့ဆုံးဖြတ်ချက်နဲ့



...ပါ. . .။ ကောင်းညလည်း ကိုယ့်ဘဝခရီးကိုယ် စိတ်ချမ်းချမ်း ...သာ ရှေ့ဆက်လျှောက် ပါ. . ."

မက်မုံသည် အခန်းကွယ်လေးတစ်နေရာမှာ အသာ ...န်းကွယ် ရပ်နေရင်း ရင်တွေ တထိတ်ထိတ်တုန်လာခဲ့ရ၏။

မခရမ်းဖုန်းပြောနေတာ ဘယ်သူလဲ. . .။

စွမ်းမဟုတ်ဘူးပေါ့. . .။

သေချာ မသဲကွဲသော်လည်း ကောင်းညလို့များ ကြားလိုက် သလား ထင်မိ၏။

ဟုတ်ပါ့မလား. . .။

ဆက်လက်နားထောင်နေသော်လည်း ခုနလိုပင် မသဲမကွဲ ...တ် သော နှုတ်ဆက်သံနှင့် ဖုန်းပြောလို့ပြီးသွားသည်။

ထို့နောက် ခရမ်းပြာက အိမ်အတွင်းသို့ ပြန်ဝင်လာသည်။

မီးပိတ်ထားသော်လည်း မက်မုံကို ဖြန်းခနဲ တွေ့လျှင် ခရမ်းခြေလှမ်း တုန့်သွားပြီး။

"ဟယ်. . . မက်မုံ. . ."

မက်မုံသည် အမူအယာ ပျက်သလိုလို ဖြစ်နေ

မခရမ်းကိုပဲ အံ့ဩမိသည်။

"တရေးနိုးလာတာလား. . .။ ကော်ဖီသောက် မလား

ခရမ်းက ဟန်မပျက်မေး၏။

မက်မုံသည် ခရမ်းပြာမေးခွန်းကို မဖြေပဲ. . .။

"စွမ်းပြည့်နဲ့ ဖုန်းပြောနေတာထင်လို့ မက်မုံ

ထွက်မလာ တာ ပါ. . .။ မခရမ်းဘယ်သူနဲ့ ပြောနေတာလဲ"

"ဟို. . . တို့မိတ်ဆွေ တစ်ယောက်ပါ. . ."

"ဪ. . ."

မက်မုံက ခေါင်းလေးသာဆက်၏. . .။

မသေချာပဲလည်း တစုံတရာကို မမေးချင်. . .။

သို့သော် ခရမ်းပြာရဲ့ ဟန်ပန်လေးက မရိုးသားဘူး

အလိုလို ထင်မိသည်။

"ဒါဆိုမမအိပ်တော့မယ်နော်. . .။ ဂွတ်နိုက်မက်မုံ"

ခရမ်းပြာသည် အခုအချိန်မှာ ဘယ်သူနဲ့မှ စကား

များများမပြောချင်။



အထူးသဖြင့် မက်မုံလေးကို ရင်မဆိုင်ချင်ပေ. . .။

မောင့်ရဲ့ တောင်းပန်အယူခံဝင်သော အသံနှင့်ယှဉ် ကျုံး

း နောင်တရမှုတို့အတွက် သူမဘာများ တတ်နိုင်ပါမည်

း. . .။

ခရမ်းတို့ကို ကွဲကွာစေဖို့ ဖန်တီးလုပ်ကြံခဲ့တဲ့ ဝေယံကိုသာ

ဘီး နာကျည်းရမလား. . .။ ဘယ်သူ့ကိုမှလည်း စိတ်မနာချင်။

မောင်ရယ်. . .။



"မက်မုံ. . .။ ဒီညငါတို့တွေ ဆန်းမစ်မှာ ဒင်နာသွား
ရအောင်. . . ငါနဲ့ "မ"နဲ့ ချစ်သူဖြစ်သွားတဲ့ အထိမ်းအမှတ်
ကျွေးမှာနော် နင့် ကိုကောင်းညပါ ဖိတ်လိုက် သိလား. . ."

စွမ်းပြည့်က ဝမ်းသာအားရ ဖိတ်ခေါ်နေသော်လည်း
ခရမ်းပြာက တော့ ခပ်ငြိမ်ငြိမ်သာ. . .။

"မ, ဘယ်လိုလဲ. . .။ မောင်လေး အစီအစဉ်ကြ
တယ် မဟုတ်လား. . .။ မ,လည်း ဆူကီကြိုက်တယ်ဆို. . ."

စွမ်းက သူ့မမဖက်သို့ လှည့်မေးပြန်သည်။

"အင်း. . . ကောင်းပါတယ်. . ."

ခရမ်းပြာက အသာအယာ ခေါင်းညိတ်၏။



စွမ်းက ကောက်ခါငင်ကာ အစီအစဉ်ထပြောလို့သာ။

ခရမ်းပြာအနေနှင့်က ကောင်းညနှင့် ဤသို့မဆုံချင်။

ကိုယ်လည်း ဘေးမှာ အဖော်နှင့်. . .။

သူကလည်း နံဘေးမှာ အဖော်နှင့်. . .။

စိတ်မသက်သာစရာမို့ ခရမ်းပြာရှောင်ပုန်းလို့သာ
နေချင်ပါသည်။

မက်မုံဆီလာရင် `တွေ့ရမှာစိုး၍ ဘယ်လုပ်ရမလဲ
းစားရခက်နေဆဲ စွမ်းက လေးယောက်ဆုံပြီး ထမင်းလက်စုံ
းဖို့တွေးနေသည်။

"မက်မုံ. . . နင့်ဘဲဘဲဆီ ဖုန်းကြိုဆက်လေဟာ. . ."

"စွမ်းပြည့်နော်. . ငါ့ကို ဒီနားက နှင်နေတာလား"

မက်မုံက မျက်စောင်းလေးချီရင်းဆိုသည်။

"ဟား. . . ဟား. . . ဟာ. . . ဒါကတော့
ယ်ချင်းစာကြည့်ပေါ့ကွာ. . ."

"ဟွန်း... အဖြစ်သည်းလိုက်တာ"

မက်မုံက ပြောပြောဆိုဆို စားပွဲဝိုင်းကနေ ထထွက်

သွား၏။

မက်မှုံဖုန်းပြောဖို့ထွက်သွားတာနှင့် စွမ်းပြည့်က ခရမ်းပြာ အနားသို့ တိုးကပ်ကာ လက်ဖျားလေးကို အမြတ်တနိုး ဆုပ်ကိုင်လိုက်သည်။

စွမ်းလက်ဖဝါးပြင် ပြန့်ပြန့်လေးက မ်နေ့ကလိုပဲ နွေးထွေးနေဆဲပါ။

သို့ပေမယ့် ခရမ်းအခု ရင်ခုန်နေတာက သူ့ကြောင့် မဟုတ်။

မောင်နှင့် ဆုံရမှာကို ကြိုတင်စိတ်လှုပ်ရှားနေမိသည်။

ခွင့်လွှတ်ပါ စွမ်းရယ်. . .။

မ,ရဲ့ နှလုံးသားက ကောင်းညဆိုတဲ့ ယောကျ်ား တစ်ယောက်နဲ့ ပတ်သက်ရင် ဘယ်တော့မှ ထိန်းချုပ်လို့မရသေး လို့ပါ။

အချစ်ဦးကို မေ့မရသေးတာ ခရမ်းအပြစ်ပါစွမ်းရယ်။

သူနဲ့တို့က တစ်ယောက်နဲ့ တစ်ယောက်မုန်းတီး အဆင်မပြေလို့ ကွဲကွာ ခဲ့တာလည်း မဟုတ်ပါဘူး. . .။



ချစ်လျက်နဲ့ ဝေးနေကြတာမို့ပါ. . .။

"မ"

"ဟင်. . ."

"ဘာတွေတွေးနေတာလဲ. . ."

". . . . . . . . . . ."

"မောင်လေးကိုကြည့်လေဗျာ"

ခရမ်းပြာ မျက်နှာလေးကို သူကဆွဲမော့ယူကာ နီးနီးကပ်ကပ် စူးစိုက် ကြည့်သည်။

စွမ်းမျက်လုံးတွေမှာ ရွှန်းရီစိုလက်နေပါသည်။

"ချစ်လား. . ."

မရိုးနိုင်စွာ သူကအမြဲမေးတတ်၏။

ခရမ်းပြာက မျက်လွှာလေးချပိတ်၍ မျက်လုံးနှင့်သာ အဖြေပေး သည်။

"မ, ကို အရမ်းချစ်တယ်. . ."

စွမ်းက သူ့မဆံနွယ်လေးတွေကို ထိတွေ့သပ်တင် ပေးရင်း ချစ်စနိုးဆိုသည်။

ထို့နောက်သူက ငုံ့နမ်းလျှင် ခရမ်းကိုယ်လေး နောက်ဆုတ်ကာ. . .။

"ဟိတ်. . . ကောင်းကောင်းနေလေကွာ. . ."

"မက်မုံရှိလို့လား. . . သူမကြည့်ပါဘူး. . ."

မက်မုံဝရံတာမှာ ဖုန်းထွက်ပြောနေသည်။

"အို. . . မောင်လေးနော်. . ."

သူတင်းတင်း သိမ်းဖက်လျှင် ခရမ်းအနေခက် သွားမိ၏။ သူ့ရင်ဘက် ကို ယောင်ယမ်း၍ တွန်းဖယ်လိုက်သည်။

"လွှတ်ကွာ. . ."

စွမ်းက လစ်ပြီဆိုတာနှင့် သူမကို ကြင်ကြင်နာနာ ပွေ့ပိုက်ယုယလျက် အနမ်းလေးပေးလိုက်ရမှ ကျေနပ်တတ်တဲ့ သူလေ။ ခရမ်းက ရှက်သွေးစွာ ရုန်းဖယ်ရသည်။

စွမ်းက မချင့်မရဲနှင့် သူမပါးပြင်လေးကို ထိကပ်နမ်းရှိုက်ပြီးမှ ဖြေလွှတ်ပေးသည်။

စွမ်းလွှတ်ပေးလိုက်ပေမယ့် ခရမ်းပြာရင်ထဲမှာ တင်းကျပ်နေရဆဲပါ။



တော်ကြာ ညနေရောက်တော့မှာ. . .။

ဒီည ငကောင်းနှင့်မက်မုံကို အတူယှဉ်တွဲလျက် ရင်ဆိုင် ဦးမည်။

ဘယ်လိုမျက်နှာထားနှင့် ရင်ဆိုင်ရပါ့မလဲ မောင်ရယ်။ မောင်ရော စိတ်မလှုပ်ရှားပဲ နေနိုင်သလားဟင်။



သူတို့လေးဦးသား စားပွဲတစ်ဝိုင်းတည်း ဆုံဆည်ဖြစ်သော ညချမ်းလေးက အမှန်တကယ် သက်ဝင်လှုပ်နေခဲ့ပါသည်။

ဆန်းမစ်ဟိုတယ်ရဲ့ ညဦးပိုင်းလေးက သစ်လွင်လတ်ဆတ်နေသည်။

မီးရောင်လဲ့လဲ့လေးအောက်မှာ ခရမ်းပြာက အရင်လိုပဲ ကဗျာဆန်စွာ သိမ်မွေ့နူးညံ့ ကြည့်ကောင်းနေသည်။

ခရင်မ်ကာလာလုံချည် ရှည်ရှည်နှင့် ရင်လျှားပုံ အင်္ကျီလေးပေါ်က အနွေးထည်ပုံစံ လက်စကပါးပါး အင်္ကျီ အနက်ကလေးကိုထပ်စွပ်ကာ ဆံနွယ်လေးတွေ ဖားလျား



ကော ကပိုကရို ပုခုံးပေါ်ကျနေဟန်က အရင်လိုပဲ ကောင်းည သားကို ပူနွေးလိုက်ခုန် စေသည်။

သူ့စိတ်တွေ မပြောင်းလဲနိုင်သေး. . .။

ခရမ်းပြာမျက်နှာလေးကို သတိလက်လွတ်ခိုးငုက် ေးမောနေမိ၏။

ခရမ်းက သူ့ကို မကြည့်ပဲ ခေါင်းငုံ့ထားသည်။

စွမ်းပြည့်က နှစ်ထပ်ပုံစံ စပို့ရှပ်လက်ရှည်နှင့် င်းဘောင်းဘီနက်မှောင်မှောင်ကို ဝတ်ဆင်ထားကာ လေးယောက်ထဲမှာတော့ သူက တက်ကြွရွှင်လန်းဆုံး ဖြစ်နေသည်။

"ကိုကောင်း. . . မက်မုံ စားချင်တာမှာနော်. . . ဘာမှ ားမနေနဲ့"

ဝိတ်တာလေး အနားလာရပ်လျှင် စွမ်းနှင့် မက်မုံက းသောက် ဖွယ်ရာတွေ မှာကြသည်။

"မမ. . . ဘာမှာမလဲ"

"စွမ်း စားတာပဲစားမယ်"

ကောင်းညက ခရမ်းပြာတို့ရဲ့ တီးတိုးစကားပြောဟန်ကို စူးငေး ကြည့်နေမိသည်. . .။

"ကို. . . ကို. . ."

"ဗျာ. . ."

မက်မုံလက်တို့မှ သူလှုပ်ရှားမိသည်။

"ကိုကိုကရော မက်မုံမှာတာပဲစားမှာလား ဟင်း. ဟင်း"

"ကိုယ်က သီးရွက်စုံကြော်တစ်ပွဲနဲ့ ပုဇွန်တန်ပူရာ. . ."

"အဟင်း. . . . ဟင်း. . . "

မက်မုံကာ ဘာရယ်မဟုတ် သဘောကျရယ်မောသည်။

ကောင်းညသည် သူ့ဘာသာ စိတ်ထဲသိပ်မလုံပေ. . .။

ခရမ်းပြာ ခေါင်းလေးမော့လာလျှင် သူနှင့် အကြည့်ချင်း တစ်ချက် ဆုံမိ၏။ နှစ်ဦးသား မလုံမလဲဖျက်ခနဲ အကြည့်လွှဲမိကြသည်။

ဘေးမှာ စွမ်းပြည့်ပါလာပြီး ခရမ်းပြာက မောင့်ကို ရင်ခုန်နေမိတာ သိပ်မုန်းစရာကောင်းသည် ထင်မိ၏။

သို့သော် စိတ်ထဲက သူ့ဘာသာဖြစ်ပေါ်နေတဲ့ အရာကို



ခရမ်းလည်း ထိန်းချုပ်လို့မရ။

မောင်လည်း ခရမ်းလိုပဲ နေရခက်ဟန် စိတ်ကျဉ်းကျပ်နေဟန် ပေါ်နေပါသည်။

ခရမ်းပြာရင်ထဲ မောင့်အပေါ်လည်း နားလည်ကိုယ်ချင်း စာမိပါသည်။

နေရာထိုင်ခင်းလေးက လှပပိုပြေပေမယ့် ရင်ထဲမှာ သက်တောင့် သက်သာမရှိ. . .။

တစုံတရာကို ကြိုတင်၍ စိုးထိပ်နေခဲ့မိသည်။

ခရမ်းသည် မောင့်ကို မကြည့်ပဲ မျက်လုံးလွှဲထားခဲ့ပေမယ့် မက်မုံက သူ့ကို ပုခုံးတစ်ချက်မှီကာ ချွဲနွဲ့လိုက်တာကို မြင်မိသည်။

ကြုံနေရသော အဖြစ်အပျက်ကို ဝဋ်ကြွေးတစ်ခုလားဟု ထင်မှတ် မိသည်။

ခရမ်းရင်ထဲ မနာလိုဖြစ်ရမလား။ ဝမ်းနည်းရမလား မသိပေ။ စွမ်းကိုပဲ အာရုံစိုက်ပြီး ချစ်နေချင်ပါသည်။

သူကပဲ ကိုယ့်ဘဝ ကိုယ့်အဓိပ္ပါယ် ဖြစ်စေချင်ပါသည်။

သို့သော် နှလုံးသားက ကလေးငယ်တစ်ဦးလိုပင် သူပျော်မွေ့ချင်ရာ သူတမ်းတနေသည်။ ဆင်ခြင်တုံတရား မရှိလို့လား. . .။

စားသောက်ဖွယ်ရာတွေ ရောက်လာလျှင် ခေါင်း... စားသောက် နေလိုက်တာမို့ အဆင်ပြေသွားသည်။

မောင့်ကိုလုံးဝ မော့မကြည့်။

မောင်လေးစွမ်းက သူ့ မ အပေါ် အရမ်းဂရုစိုက်ရှာသည်။

ရေသောက်ချင်လို့ကြည့်တာနှင့် ဖန်ခွက်ထဲကရေကို ကမ်းပေးပြီးသား ပင်. .။ တစ်သျှူးဆိုလည်း ဖျက်ခနဲအသင့် . . .။

အရိပ်ကြည့် ချစ်နေသော စွမ်းပြည့်ကြောင့် ပို၍အနေခက် စိတ်ကျဉ်းကျပ်ရတာအမှန်။ သို့သော် ထိုသို့လည်း မတွေးရက် . . .။

ထမင်းစားပြီး သစ်သီးစားတဲ့ အချိန်သာ ရောက်လာရော ခရမ်းပြာ စိတ်တွေ ရှုပ်ထွေးမွှန်းကြပ်နေရဆဲပါ။



လေးယောက် ဆုံဆည်းကြသော ဤနေရာမှ ထွက်ခွါ ွားချင်လှပြီ။

နောက်ဆိုလျှင် စွမ်းကို ကြိုတင်တိုင်ပင်ဖို့ မှာထားပြီး ောင်နှင့် မျက်နှာချင်းမဆိုင် ဖြစ်ဖို့ခရမ်းကြိုးစားမည်။

ဒါဟာ နှစ်ဦးစလုံးအတွက် ကောင်းမွန်သင့်တော်သော း ဖြတ်ချက် တစ်ခုပဲမဟုတ်လား. . .။

ခရမ်းပြာ တောင့်တသော အချိန်ကာလဟာ မကြာခင် ောက်လာ ခဲ့သည်။

သူတို့လေးဦးသား ဟိုတယ်ထဲမှ ထွက်ခွါလာခဲ့ပြီး. . .။

ခရမ်းပင့်သက်ကလေး ရှိုက်မိ၏။

"မ ဘယ်သွားမလဲ ရုပ်ရှင်ကြည့်မလား. . ."

"ဟင့်. . . အင်း. . ."

စွမ်းပြည့်မေးခွန်းကို ချက်ချင်းခေါင်းခါလိုက်မိသည်။

"အိမ်ကိုပဲ ပြန်ရအောင်"

"မက်မုံတို့ကမပြန်သေးဘူး။ လျှောက်လည်ဦးမှာ. . ."

ကောင်းညက ဘာမှမပြော. . .။ လမ်းလျှောက်ရင်း

ခရမ်းပြာကိုသာ အသာအယာ စူးငေးစွာ ကြည့်နေ၏။

ဒီလိုနှင့် ကားစတန်းလေးဆီ ရောက်လာခိုက်မှာပင်

မမျှော်လင့်သော တစ်စုံတစ်ယောက်ကို ပြန်း

တွေ့လိုက်ရသည်။

"ဟယ်. . . ခရမ်း. . ."

ကားမောင်းထွက်ခွါဖို့ ပြင်နေတဲ့ အမျိုးသမီးလေး

ဝမ်းသာအားရ နှုတ်ဆက်၏။

"ဟေမာ"

ခရမ်းလန့်ဖျပ်သွားမိ၏။

ရုတ်တရက် ဘာပြောလို့ ဘာလုပ်ရမှန်းမသိ။

ဟေမာရယ် ကောင်းညရယ် ခရမ်းပြာရယ် ကုမ္ပ

တစ်ခုထဲ ရင်းနှီးတဲ့ လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်ခဲ့သည

မဟုတ်လား။

"ကောင်းည. . .။ အိုး. . . ရှင်တို့နှစ်ယောက် ပြန်

ကြပြီ ဟုတ်လား။ ဝမ်းသာလိုက်တာ၊ ခရမ်းပြာနင်နော်. . .

အိုကေမှာ စိုပြေနေတော့ ငါ့ဆီဖုန်းလေးဘာလေးတော



ဆက်ဘူးနော်. . . ဟွန်း. . .။တွေ့မယ်. . ."

"အေးပါ. . . နောက်မှ တွေ့မယ်. . . ငါဖုန်းဆက်

မယ် ဟေမာ ရယ်. . . အခုနင့်ကားထွက်စရာရှိတာ

မြန်မြန်ထွက် . . . ဟိုဖက်ကားက ထွက်မရ ဖြစ်နေပြီဟဲ့. . ."

"အေး. . . အေး. . . ဒါဆိုသွားမယ်. . . တော့တာ

ကောင်းည မုန့်ကျွေးဖို့ မမေ့နဲ့နော်. . ."

အတင်းစကားဖြတ်ဖို့လောတာတောင်မှ မိဟေမာတို့က

ားမောင်း ထွက်ရင်း တစ်ခွန်းထပ်အော်သွားသေး၏။

ထိုမိနစ်ပိုင်း ကလေးမှာပင် လေးယောက်သားကိုယ်စီ

ငြိမ်ကျသွား ကြ၏။

ခရမ်းပြာမှာ အပြစ်ရှိသူ တစ်ယောက်လို ရင်တထိပ်ထိပ်

နှင့်လျှက် စွမ်းပြည့် မျက်နှာကို မကြည့်ရဲပဲ ခေါင်းငုံ့ချထားမိသည်။

အို. . . ဘယ်လို လုပ်ရပါ့မလဲ. . .။

ဟေမာဘာတွေပြောသွားတာလဲ. . . စွမ်းရော. . .

က်မုံရော ကြားလိုက်သလား. . .။

မကြားမိပါစေနဲ့ ဆုတောင်းလည်း ပြည့်တော့မှာမှ

မဟုတ်ပဲ. . .။

မက်မုံသည် တုန်လှုပ်ကြေကွဲ အံ့အားသင့်စွာ ခြေစုံရပ်ရင်း ကိုကို့မျက်နှာကို အလန့်တကြား မော့ကြည့်မိသည်။

ဟိုတစ်ညက မခရမ်း ဖုန်းဆက်နေတာဟာ တကယ် ကိုကောင်းညပေါ့။

ကိုကိုနဲ့ ပေါ့. . .။

ဘုရားရေ. . . . ဒါဘယ်လိုဖြစ်ရတာလဲ. . . .။

လမ်းခွဲခဲ့ရတဲ့ ချစ်သူဟာ ကိုကိုတဲ့လား. . .။

မက်မုံက အငိုက်မိ အံ့အားသင့်နေပေမဲ့ စွမ်းပြည့်စုံ ဘာမှ မဖြစ်လေဟန်နှင့်. . . .

"ကဲ. . . ဒီမှာပဲ လမ်းခွဲကြမယ်. . ."

"ဟင်. . ."

"မမ. . . . ကားပေါ်တက်လေဗျာ. . ."

"ဩော်. . . . အင်း. . . အင်း. . ."

ယောင်အမ်းအမ်း ခေါင်းညိတ်မိကာ စွမ်းဖွင့်ပေးသော ကားတံခါးဖက်မှ ကားထဲဝင်ထိုင်လိုက်မိသည်။



"မက်မုံ . . . . . ငါတို့ လစ်ပြီ. . ."

မက်မုံသည် စွမ်းပြည့်လို ဣန္ဒြေ မကောင်းပါ။ သူတို့ ...ဆက် ထွက်ခွါပြီး ကားလေးဝေးသွားတဲ့အထိ သူမက ...အတိုင်းပဲ နှုတ်ဆိတ်နေမိသည်။

ပြီးလျှင် ကိုကို့အင်္ကျီ ရင်ဘတ်ကို တအားဆုပ်ကိုင် ...ယူလိုက် မိလျှက်. . . .

"ကိုကို၊ ဒါဘာသဘောလဲဟင်၊ ဘာလို့အရင်က မပြော ...လဲ . . ၊ မခရမ်းပြောကာ ကိုကို့ ရည်းစားဟောင်းကြီး ...လေ. . ."

ကောင်းညက သူမ လက်ကလေးကို အသာဆွဲယူရင်း

"မက်မုံ တစ်နေရာရောက်မှ အေးအေးဆေးဆေး ...ရအောင်. . . မင်း အဲလောက် စိတ်မလှုပ်ရှားနဲ့လေ. . ."

ချော့မော့နားချကာ တီးတိုး ဆိုလိုက်မိသော်လည်း ...မုံက သူမလက်ကို ဆောင့်ရုန်းဖြုတ်လျှက်. . . .

"ဟို. . . မအေးဆေးနိုင်ပါဘူး. . . .၊ ကိုကိုက မက်မုံ ...သူ. . ၊ မက်မုံရဲ့ လက်ရှိချစ်သူ. . ၊ ဒါအမှန်တရားပဲ. . ."

"အေးပါ. . . . ဟုတ်ပါတယ်ကွာ. . ."

"နေစမ်းပါဦး၊ ကိုကို သူ့ကို ချစ်နေတုန်းလားဟုတ်သလား"

ကောင်းညဆီက "ဟင့် အင်း ချစ်မနေတော့ ပါဘူး" ဟု ပြင်းသံ ချက်ချင်း ထွက်မလာ. . .

တကယ်ဆို မချစ်တော့ဘူးလို့ ဖြေသင့်တာ. . .။

ဒီလို ပဖြေတဲ့အတွက် မက်မုံ နှလုံးသားမှာ မကျေ... ပေါက်ကွဲ အခုန်မြန်လာရ၏။

"ဖြေလေ ဘာလဲ၊ ဒါလေးတောင် ရှင်မဖြေနိုင်ဘူးလား"

"မက်မုံ၊ ကိုယ်တို့စိတ်အေးအေးနဲ့ ဖြေရှင်းရအောင်"

"ဘာရယ်. . . ဖြေရှင်းမယ်၊ ဟုတ်လား. . . ဒါဖြေရှင်းရမယ့် ပြဿနာလား. . ."

"မင်းပဲ ပြဿနာ လုပ်နေတာလေ. . ."

"ကိုကိုက ပစ်မှားနေတာကိုး. . ."

ကောင်းညသည် ဒေါသထွက် ပေါက်ကွဲဆူညံနေသော မက်မုံနှင့် လောလောဆယ် အငြင်းအခုန် မလု... ဆုံးဖြတ်လိုက်သည်။



ကားတံခါး ဖွင့်လျှက် မက်မုံကို ကားထဲဝင် စေလိုက်

သူမကို ပိုင်စိုးပိုင်နင်း ပုခုံးကလေးမှ အတင်းအကျပ် ...က် ကားထဲထိုင်စေတဲ့ အပြုအမူဟာ အရင်လိုပဲ တရင်း ...း နွေးထွေးဆဲပဲမို့ မက်မုံစိတ်တွေ အနည်းငယ်တော့ ...က်သွား ရ၏။

ကားထဲ ထိုင်မိလျှင် ကောင်းညဖက်ကို မျက်စောင်း ...က်လောက် ဆင့်ရွယ် ပစ်မိသည်။

မကျေနပ်ပါဘူး. . .

မုန်းစရာကြီး. . .။

အခုတထိုင်တည်းမှာပင် လေးစားချစ်ခင်မိသော ...ကိုလည်း အလိုလို တင်းသွားရပြီ. . .။

ယောက်ျားတွေကို အေးမြမြ ပုံစံလေးနှင့်ညှို့တတ်ကို ...မရဆုံးပေါ့. . .။

အခုတော့ ကိုကိုနှင့်ပင် ဇယားကပါလာပြန်ပြီ. . .။

ကျွတ်. . . ဒါဟာ ဘယ်လိုတိုက်ဆိုင်မှုလဲ. . .။

မက်မုံ ရင်ထဲလေးလံမွန်းကြပ်ကြီးနှင့် အင်မတန် စိတ်

ထွေးသွားရ၏။

ရွှေ့ဆက်ဘယ်လို စခန်းသွားရမလဲ ဆိုတာ

မစဉ်းစားတတ်။

မက်မုံက မျက်ခုံးရှုံ့ ငြိမ်သက်နေမိဆဲမှာ ကောင်းည

တိတ်ဆိတ် အေးဆေးသော နေရာလေးတစ်ခု ရှာဖွေ

ကားကို လမ်းနံဘေး အသာရပ် လိုက်သည်။

လောလောဆယ်မှာ မက်မုံလည်း အိမ်ပြန်ချင်

မဟုတ်ဘူးလေ. .။

မက်မုံသည် ကိုကိုနှင့် မခရမ်းတို့ ပြန်တွေ့ခဲ့ကြတဲ့ နေ

မျက်လုံး ထဲ ပြန်မြင်ယောင်မိသည်။

ဩော်. . . ဒါကြောင့် သူတို့နှစ်ယောက်သ

မလုံမလဲနဲ့ အမူအယာ တွေ ပျက်နေကြတာကိုး. . .။

ရင်ထဲမှာ. . . ဘာကိုမှန်းမသိ တနုံ့နုံ့ ခံစားရ

ရွှေ့ဆက်တွေးမိတာက ဒီတနုံ့နုံ့ ခံစားချက်ကြီး ရင်ထဲ

ပျောက်မသွားနိုင် ဘူးဆိုတာပင်. . . .။



ကိုကို့ဆီက ဖြေရှင်းစကားတွေထက် ရွှေ့ဆက်လုံးဝ

တ်သက်ပါ ဘူးဆိုတဲ့ ကတိစကားတစ်ခွန်းကိုပဲ လိုချင်သည်။

“ကိုကို. . . မနက်ဖန်ကျရင် မက်မုံအတွက် နေစရာ

ခန်းတစ်ခန်း အမြန်ရှာပေးပါ. . .၊ မက်မုံ သူနဲ့

နေချင်တော့ဘူး. . .”

“ဟာ. . . အဲလိုကြီး မကောင်းပါဘူး. . .”

“ဘာကို မကောင်းတာလဲ. . .၊ မက်မုံ အဲဒီမှာ ရှိနေရင်

ကိုက လာမယ်. . .၊ လာရင် သူနဲ့ မတွေ့ချင်လည်း တွေ့နေ

မယ်၊ ကိုကိုတို့ ဇာတ်လမ်းက ပြီးခဲ့ပြီးသားပဲဥစ္စာ. . . .”

ကောင်းညက သက်ပြင်း တစ်ချက်ရှိုက်သည်။

သူ ဘယ်လိုပြောရမလဲ. . .။

ဆိုင်သူတွေ ကိုယ်စီရှိထားပြီး ဆိုပေမဲ့လည်း မျှော်လင့်ချက်

ပြင်းရှရှက နှလုံးသားမှာ ရိုက်ခတ်နေတုန်းပါ. . .။

ခရမ်းပြာဖက်ကလည်း ဒီလိုပဲ ဖြစ်လိမ့်မည်ဆိုတာ

သုံးယုံကြည်သည်။

မက်မုံကတော့ ကိုကို့ကို ခရမ်းဖက် လုံးဝပြန်မလာရအောင် ကာကွယ်မည်။ ဟိုဖက်မှာလည်း စွမ်းပြည့်ရှိတာပဲ. . . .။

စွမ်းပြည့်စုံက မခရမ်းကို ကာကွယ်မှာပဲဆိုတာ သူမစိတ်ချနေသည်။

"ကိုကို့ စိတ်ထဲက အဲဒီမိန်းမကြီးကို ထုတ်ပစ်လိုက်စမ်းပါ"

"ခရမ်းကို စ ချစ်ကတည်းကနေ့ ဒီနေ့အထိ တစ်ခါမှ အချစ် မလျော့သေးဘူး၊ တစ်ရက်မှလည်း မမေ့ဘူး. . .၊ မစဉ်းစား ဖြစ်တာမျိုးလည်းမရှိဘူး၊ သူအိမ်ထောင်ကျသွားခဲ့ပြီထင်လို့သာ မင်းကိုလက်ခံခဲ့တာ မက်မုံ. . . ဒါအမှန်အတိုင်းပြောတာ. . ."

မက်မုံ ရင်ထဲ နင့်ခနဲ နာကျင်သွားရ၏။

အမှန်အတိုင်း. . .

အမှန်အတိုင်း မသိချင်ပါဘူး. . .။

မက်မုံကို လက်ခံပေးခဲ့တာတဲ့. . . .၊ လက်ခံပေး



ယ်ဆိုတာ သူ့ဖက်က မတောင်းဆိုခဲ့ဘူးဆိုတဲ့သဘော

း. . .။

ကောင်းည နှုတ်က ပြောထွက်ရက်သည်။

ကိုကိုက တည်တည်အေးအေးလေးနှင့် ရက်စက်

ဘ်သူ တစ်ယောက်ပါလားနော်. . . .။

တကယ်ဆို ဒီနေရာမှာ သူ့ဖက်က မက်မုံကို ချော့ရမှာ

အလျှော့ပေးရမှာ. . .။ သူကတိပေးရမှာ. . .။

အခုတော့ ကိုကို့ မျက်နှာကြောက ခပ်တင်းတင်းပင်. .။

"ဝေယံဆိုတဲ့ လူတစ်ယောက် စိတ်ပုပ်ကောက်ကျစ်

တာ ခံရလို့၊ ကိုယ်အသုံးမကျလို့ ခရမ်းနဲ့ အလကားဝေးခဲ့

တာ. . .၊ တကယ်ဆိုရင် ကိုကိုတို့ နှစ်ယောက်က သိပ်ချစ်

တာ. . ."

"စကားကိုပြင်လိုက်. . . သိပ်ချစ်ခဲ့တာလို့. . ."

"အေးလေ. . . . ထားပါ. . ."

"ကိုကိုနော်. . ."

ရွှေမက်မုံသည် စိတ်အေးအေးထားပြီး ကိုယ့်ဖက်ပါ

အောင် စည်းရုံး ရမည်ဆိုတာ တခဏချင်းမှာ အလိုလိုသဘော ပေါက် နားလည်လိုက်ပါပြီ. . .။

စိတ်လိုက်မာန်ပါနှင့် စကားနာတွေထိုး။ မျက်ရည်တွေ ကျနေလို့ ဘာမှအကျိုးရှိမှာ မဟုတ်. . .။

သူ့ရင်ထဲမှာ မခရမ်းရှိချင်လည်း ရှိပေါ့. . .။

ဂရုမစိုက်ပါဘူး. . .။

အခုက သူ့နံဘေးမှာ ဘယ်သူရှိသလဲ၊ သူ့ရင်ခွင်မှာ ဘယ်သူ ရှိနေသလဲ. . . ဒါကိုပဲ ကြည့်ရမှာပေါ့. . . .။

မက်မုံသည် မကျေနပ်မှု အလိုမကျမှုများကို မြိုသိပ်ပြီး ချလျှက် ကိုကို့ ပုခုံးပေါ် ခေါင်းတင် မှီလိုက်သည်။

သတ္တိရှိရှိနဲ့ပဲ ကိုကို့ခံစားချက်ကို နားထောင်ကြည့်ရတာ ပေါ့လေ. . .။

"မက်မုံနည်းနည်းပါးပါးတော့ ရိပ်မိပါတယ်. . .။ မခရမ်းက ဟိုညက ကိုကိုနဲ့ ဖုန်းပြောသေးတယ်မို့လား. . .။ ဟွန်းကြားပါတယ်နော်. . .။



"အဲ့ဒီနေ့က ဝေယံနဲ့ တွေ့ခဲ့လို့ ကိုကိုအရမ်းစိတ် ဘိခိုက်ပြီး သူ့ဆီ ဖုန်းဆက်တောင်းပန်ခဲ့တာပါကွာ. . ."

"ဝေယံဆိုတာက ဘယ်သူလဲ. . . ဩော်. . . သိပြီ သူ့မိန်းမနံမည် ကလည်း ခရမ်းပြာပဲလေ. . .။ သူတို့မှာ သမီးလေး တစ်ယောက်လည်းရှိတယ်"

"ဟား. . . အဲ့ဒါတွေ မက်မုံဘယ်လိုသိနေတာလဲ"

မက်မုံက သူတို့နှစ်ဦးရဲ့ အဖြစ်အပျက်ဇာတ်လမ်းတွေကို ဒိတ်ဝင်စား ချင်ယောက်ဆောင်ကာ ကိုကိုနှင့်ဆွေးနွေးပြောဆိုနေမိ၏။

သူတို့ အတိတ်အခြေအနေတွေကိုလည်း သိရတာပေါ့ လေဟုသာ တွေးလိုက်သည်။

ကောင်းညက ကားမှန်မှ အဝေးကြီးသို့ ငေးကာ မခရန်းနှင့်ချစ်ခဲ့။ ပျော်ခဲ့တာတွေ. . .။ ဝေယံက မခရမ်းကို သက်ထပ်ခွင့်ရဖို့ ကြိုးစားခဲ့တာတွေ။ သူနောက်ဆုတ်အရှုံးပေး ရတာ. . .။ စင်ကာပူရောက်တော့ မနေနိုင်အောင် လွမ်းဆွတ်

တမ်းတမိတာ ဝေယံအဖေရဲ့ လက်အောက်မှာ မနေချင်ပဲ ရုန်းထွက်ဖို့ ကြိုးစားခဲ့တာတွေ နောက်ပိုင်းမှ မက်မံနဲ့တွေ့ပြီး သူ့စိတ်တွေ အတော်အတန် အနည်ထိုင် ဖြေသိမ့်နိုင်ခဲ့တာတွေ စသဖြင့် ခံစားချက်အပြည့်ဖြင့် ပြန်ပြောနေသည်။

မက်မုံသည် ကိုကို့စကားတွေကို ငြိမ်သက်နားထောင်ရင်း ရင်ထဲမှာ မောနင့်နေလျှက် မျက်ရည်အလိုလို ရစ်ဝိုင်းနေမိသည်။

သူမဟာ ကိုကို့အတွက် မျက်ရည်တွေ ကျလာသောအခါမှ ကိုကို့ ပုခုံးမှာ အသာကွယ်ဝှက်မိ၏။

ဒီတော့မှပဲ သူက ခေါင်းငုံ့ကြည့်ဖော်ရလေသည်။

သူ့အကြောင်းတွေစီကာပတ်ကုံး တစ်လုံးမကျန် ဂရုတစိုက် နားထောင်ရင်း ငိုကြွေးနေသော မိန်းကလေးတစ်ဦးရှိသေး တယ်ဆိုတာ သူအခုမှ သတိပြုမိပုံရလျှက် မက်မုံပုခုံးကလေးကို အသာပုတ်လျှက် ထွေးဖက် နှစ်သိမ့်သည်။


ကိုကို. . .။

မက်မုံတစ်ဆင့်ထပ်လျှော့လိုက်ပါပြီ။



မခရမ်းကိုပဲ ချစ်နေတယ်ဆိုလည်း ရင်ထဲကပဲ ဆက်ချစ်ပါ။

ဘာကြောင်းပြချက်နဲ့မှ မက်မုံကို ထားမသွားပါနဲ့နော်. .။



စွမ်းပြည့်စုံက ဆံပင်တွေထဲ လက်ထိုးဖွရင်း ပင့်သက်တရှိုက်ရှူသွင်းမိ၏။

ခရမ်းပြာက သူ့အမူအယာကို ငေးကြည့်နေမိရင်း အပြစ်မတင်သလို ခံစားရ၏။

“မ, ရာ စောစောစီးစီးကတည်းက မောင်းလေးကို ဖွင့်ပြောထားရင် ကွေ့ပတ်ရှောင်နေလို့ ရသေးတယ်. . . ”

“ဟုတ်ပါတယ် ဒါပေမယ့် ဘယ်လိုမှ မပြောမထွက်ခဲ့ဘူး”

“ဒီလူကြီးကွာ. . .။ မ ကို ထားခဲ့တုန်းက ထားခဲ့ပြီးတော့”

“မဆုံနိုင်လို့ ဝေးခဲ့ကြတာပါ. . . ”



စွမ်းပြည့်က သူမလက်ဖမိုးလေးကို တမြတ်တနိုး လျှက် သူ့နှုတ်ခမ်း အစုံနှင့် တခဏ ထိကပ်ထားသည်။

သူစိတ်ထိခိုက်နေပြီ. . .။ စိုးရိမ်ပူပန်နေပြီဆိုတာ ခရမ်းပြာ သိသည်။

စွမ်းကို ဘယ်လို စကားလုံးနှင့်များ နှစ်သိမ့်ရပါ့မလဲ. . .။

ခက်တာက သူမနှုတ်မှ ကတိစကားတွေ အလွယ်တကူ ထွက်မလာ တာပင်. . .။

စွမ်းပြည့်က လက်ဖမိုးလေးကို နှုတ်ခမ်းနှင့် ထိကပ်ထားလျှက်မှပင် သူမမျက်လုံးထဲသို့ စိုက်ကြည့်နေသည်။

ကိုယ့်မျက်ဝန်းထဲက အဖြေလား. . .။

မရှာပါနဲ့လား မောင်လေးရယ်. . .။

ကိုယ်ဟန်ဆောင်မကောင်းပါဘူး. . .။

စိတ်ထဲမှာ ရှိတဲ့အတိုင်းကိုယ့်မျက်နှာ ကိုယ့်မျက်လုံးမှာ အဖြေ ပေါ်တတ်လို့ပါ. . .။

“မ. . . ”

"ဟင်. . ."

ခရမ်းပြာ ထူးသံလေးက မပွင့်တပွင့်. . .။

"မောင်လေးကို ချစ်သေးလား. . ."

"ဘာလို့ မချစ်ရမှာလဲ. . ."

"ကိုကောင်းညကိုရော. . ."

ခရမ်းပြာက သူ့အကြည့်မှ ရှောင်လွှဲကာ. . .။

"မမေးနဲ့တော့ကွာ. . ."

"မောင်လေးနဲ့ သူနဲ့ဘယ်သူ့ကို ရွေးမှာလဲ"

"အို. . . ဒါရွေးစရာလား. . ."

"ဘာပဲဖြစ်ဖြစ်မောင်လေး အရမ်းစိတ်ပူတယ်ဗျာ . . . သူ မ,ဖက်ပြန် လှည့်မှာ ကြောက်တယ်"

"မလှည့်ပါဘူး. . ."

"သေချာလား. . ."

သူ့မေးခွန်းကို ဘယ်လိုဖြေရမလဲ ခရမ်းမသိ။

စွမ်းပြည့်သည် မ, သူ့ကို အဖြေပေးတဲ့နေ့က ဝမ်းပမ်းတနည်း ငိုရှိုက်ခဲ့တာကို မမေ့ပါ. . .။



အစက မသိလို့ ဘယ်လိုမှ မနေပေမယ့် အခုတော့ ...င် ထဲက လှိုက်လှဲတဲ့ ချစ်သူဟာ ကိုကောင်းညဆိုတာ သိပြီမို့ ...မနာလို ဝန်တိုဖြစ်ရပြီ။ မ, ကို သူမစွန့်လွှတ်နိုင်. . .။

ထို့အတူ မက်မုံကလည်း သူ့ချစ်သူကို လက်လွှတ်ဆုံးရှုံး...င်မှာ မဟုတ်တာ စွမ်းတွေးမိသည်။

ကိုကောင်းညကလည်း မက်မုံကို အပေါ်ယံရှပ်ရှပ် ...လေး ချစ်နေတာပါ။ ဒါကို ယောကျ်ားချင်း စွမ်းရိပ်စား...သည်။

"မ, ပြောလေဗျာ. . . မောင်လေးကို ဟိုလူကြီးထက် ...င်လား"

"အင်း. . ."

"မ, မညာနဲ့. . ."

"ကြော်. . . ပြဿနာပဲ"

ခရမ်းပြာလည်း စိတ်ရှုပ်လာမိသည်။

"ဒီအခြေအနေကို စွမ်းမကြိုက်ဘူးဗျာ. . ."

"တို့ဘာလုပ်ပေးရမလဲ"

စွမ်းပြည့်က ဆုံးဖြတ်ချက်ကျသွားသလို ပုံစံ
တောင်းဆိုသည်။

"အပိုစကားတွေ တစ်ခွန်းမှ ထပ်မပြောပါ
မောင်လေးကို လက်ထပ် ခွင့်ပေးလိုက်. . . ဒါပဲ"

"အို ဒါမျိုးက ချက်ချင်းဆုံးဖြတ်ရတာ မဟုတ်ဘူး"

"ဆင်ခြေတွေ၊ အကျိုးအကြောင်းတွေ မကြားချင်
ဗျာ. . .။ တော်ပြီ. . ."

စွမ်းလေသံလေးက ဂျစ်ကန်ကန်ဖြစ်လာသည်။

သူ့စိတ်ထဲမှာ မခံမရပ်လည်း ဖြစ်မိတာအမှန်. . .

မ, ဖက်မှာ ချစ်သူရှိခဲ့ဖူးတာ သိပေမယ့် အတိတ်
ဖြစ်ရပ် တစ်ခုပဲ ဆိုပြီး သူက ဘာဘာညာညာ ထည့်မတွေး
တာပါ. . .။

အခုလို ကောင်းညက နီးနီးကပ်ကပ်ကြီးမှာ ကိုက်ဆိုင်
မမျှော်လင့်ပဲ ပြုန်းစားကြီး ပေါ်ပေါက်လာတော့ သူ့ရင်ထဲ
ပူလောင်ရသည်။

"မ. . ."



ခရမ်းပြာက မထူး. . .။

စွမ်းပြည့်စုံက အချင့်မရဲ ဖြစ်လာသလို သူမကို
ရင်ခွင်ထဲဆွဲသွင်း၍ တင်းတင်းဖက်ထားလိုက်သည်။

ခရမ်းပြာရုန်းထွက်မသွားပဲ တခဏငြိမ်နေသည်။

လက်ရှိ ချစ်သူလည်း မပြုငြင်စေချင်တာ အမှန်။

သူက ပါးချင်ထိကပ်ကာ. . .။

"လက်ထပ်ကြရအောင်. . ."

"အချိန်တစ်ခုသတ်မှတ်ရမယ်လေ. . ."

"မောင်လေးကမှ မစောင့်နိုင်တာဗျာ. . ."

"ဘာကြောင့် မစောင့်နိုင်ရမှာလဲကွာ. . ."

"မ, ကို စိတ်မချဘူး. . ."

"တို့ ဘာလုပ်သေးလို့လဲ. . ."

စွမ်းက စိုးရိမ်မှု လွှန်ကဲနေသည်။

ခရမ်းပြာကို သူမယုံဘူးလား. . .။

ခရမ်းဖက်ကရော. . .။

သူတို့ မသိခင်တုန်က သိသွားမလား စိုးရိမ်ပူပန်

ဆိပ်လန့်ခဲ့ရပေမယ့် တကယ်တမ်းသိသွားတော့လည်း ခရမ်း စိတ်ထဲမှာ ကွယ်ဝှက်စရာမလိုတော့သလို ရှင်းလင်းပြီး ဘာရယ် ပြောမပြ တတ်တဲ့ သတ္တိတစ်ခု ဝင်ရောက်လာခဲ့သည်။

"မ, ကို မသက်ာဖြစ်တာမဟုတ်ပါဘူး. . . ဒါပေမယ့် ဟိုလူကြီး ပုံစံက မ, ကို သဘောကျနေတုန်းပဲ. . ."

"စွမ်းရယ်. . . မအပေါ် နားလည်ပါ. . .။ မနဲ့ ကိုကောင်းညက ချစ်ရက်နဲ့ ဝေးခဲ့ကြရတဲ့ အခြေအနေပါ. . ."

"နားတယ်ပါတယ်ဗျာ. . . သိပ်နားလည်တာပေ့ါ အခုနိုးစပ်နေပြီလေ. . .၊ ဒါကြောင့် လက်ထပ်ကြမယ်လို့ ပြောတာပေ့ါ၊ မ,စိတ်ထဲမှာ ရှင်းရင်လက်ထပ်ကြမယ်"

"မင်းဥစ္စာ အမိပ္ပါယ်မှမရှိပဲ. . ."

"မ, ကရော ဘာလို့ ငြင်းနေတာလဲ"

"ထို့ ငြင်းတာမှ မဟုတ်ပဲ. . ."

"အချိန်ဆွဲနေတာလည်း အတူတူပဲပေ့ါဗျာ. . ."

စွမ်းပြည့်က ဖက်ထားရာမှ ဖြေလွှတ်ပြီး သူမမျက်နှာကို အလိုမကျစွာ စူးစူးစိုက်စိုက် ဂျစ်ကန်ကန်လေး ကြည့်နေသည်။



"မောင်လေး. . ."

"...........”

"မင်းအဖြေတောင်းတုန်းက မ, ကို စိတ်ချမ်းသာစေရ ယ်ဆို. . .။ အခုဘာလို့ ခေါင်းစားနေရတာလဲ. . ."

"ခေါင်းစားတာ မဟုတ်ဘူး. . . မ, ကိုချစ်လို့. . ."

စွမ်းပြည့်လေသံက လျော့သွားကာ သူမကိုယ်လေးကို ...င်ခွင်ထဲ ပြန်ဆွဲယူလိုက်သည်။

ခရမ်းပြာလည်း ထိုခဏမှာတော့ စွမ်းရင်ခွင်မှာ မှီတား ...ိုက်မိသည်။

"မ, ရယ်. . . သူ့ထက် မောင်လေးကို ပိုချစ်စမ်းပါ . . . ပို အားကိုးစမ်းပါဗျာ. . . နော်. . ."

သူက မယုံသလို တောင်းဆိုနေလျှင် ခရမ်းစိတ်တွေ ...နိုးကြွပ်နေမိသည်။

ခေါင်းလေးကိုသာ ငြိမ့်မိသော်လည်း ခရမ်းပြာအတွက် ...ဤလောက၌ မောင့်ထက်ပို ချစ်နိုင်သူမရှိ. . .။

နောင်လည်းရှိမည် မထင်ပါဘူးလေ. . .။

"မက်မုံကိုလည်း တွန်းအားပေးရမယ်. . .။ သူ့လူကြီးတို့ ထိန်းထားလို့ အပြတ်ပြောထားလိုက်မယ်. . . ."


"အို. . . အဲ့လိုတွေတော့ သွားမပြောပါနဲ့. . .။ နဂိုကမှ မက်မုံကို အားနာ မျက်နှာပူရတဲ့အထဲကွာ. . ."

"အဲ့ဒါကြောင့် မြန်မြန်ယူလိုက်မယ် ပြောတာ"

"ဟွန်း. . ."

ခရမ်းပြာက မျက်နှာလေးရှုံ့မိလျှင် သူက ခရမ်းပြာကို ချစ်စနိုးနှင့် အထပ်ထပ် နမ်းရှိုက်လိုက်လေသည်။





ခရမ်းပြာသည် ဝရံတာလေးမှာ ရပ်ရင်း အပြင်ဖက် င်းများကို ခပ်ငေးငေး လှမ်းမျှော်ကြည့်နေမိသည်။

မျက်နှာသစ် ကော်ဖီသောက်ပြီးသော်လည်း ညဝတ် ါဝန်ဖြူဖြူ လေးကိုတော့ မလဲလှယ်ရသေးပါ။

မနက်ခင်းလေးက လှပငြိမ်သက်နေဆဲ. . .။

စည်ကားသက်ဝင်မှု မရှိသေး. . .။

ခရမ်းပြာ နိုးလာပေမယ့် မက်မုံက အိပ်ပျော်နေတုန်း။ အခန်းမှ ထွက်မလာသေး. . .။

နှစ်ယောက်ထဲ ရှိတဲ့ တိုက်ခန်းလေးမှာ ရွှေမက်မုံ
သူမကို ဟက်ဟက်ပက်ပက်လည်း စကားမဆိုတာ ရက်အနည်း
ငယ်ပင် ရှိခဲ့ပြီ။

မပြောမဖြစ်တဲ့ စကားအချို့ကိုသာ ခပ်လှမ်းလှမ်း
အကြည့်လွှဲပြီး တစ်ခွန်းစ နှစ်ခွန်းစ ပြောတာမျိုးလောက်သာ ရှိသည်

"သတင်းစာဖိုးပေးလိုက်ပြီနော်. . ."

"ဖုန်းဘီလ်စာရွက်နဲ့ စာအုပ် စားပွဲမှာတင်ထားတယ်"

"ဒီနေ့ ညစာ ပြန်မစားဘူး. . ."

"အင်္ကျီအပ်ထားတာရပြီလို့ မညီပြောတယ် သွားရွေး
လိုက်ဦး"

စသဖြင့် နှုတ်ဆိတ်နေလို့ မကောင်းတတ်တဲ့ ကိစ္စမျိုး
သာ မပြောချင်ပြောချင် ဝတ္တရားကျေ အသိပေးတာမျိုး
ဖြစ်သည်။

သူကလေး ခရမ်းကို စိတ်ခုနေတာသေချာ၏။
ဒီလိုဖြစ်မှာ အရင်က စိုးရိမ်ခဲ့ဖူးသည်။



အခုတော့စိုးရိမ်မိသော အခြေအနေဟာရောက်လာခဲ့ပြီ။

မက်မုံက လူငယ်ပီပီ မခေါ်နပ်တာကို ရင်ထဲ
ထား. . .။ ဟန်မဆောင်. . .။

ညတုန်းကတော့ သူမ စိတ်မကောင်းဖြစ်စေတဲ့ စကား
တစ်ခွန်းကိုပင် အသိပေးသေးသည်။

"ဒီလကုန်လောက် မက်မုံ အိမ်ပြောင်းမယ်. . ."

"ဘာရယ်. . ."

"ကိုကို့ကို အခန်းရှာပေးဖို့ ပူဆာထားတယ်. . ."

သူမက လှုပ်လှုပ်ရှားရှားဖြင့်. . .။

"ဟယ်. . . ဘာလို ပြောင်းမှာလဲ. . .။ မပြောင်းပါနဲ့
ဒီမှာ အဆင် ပြေနေသားပဲဟာ. . ."

"အဆင်ပြေပေမယ့် မနေချင်တော့လို့. . ."

"ဪ. . ."

မက်မုံအဖြေက ပြတ်သားနေသဖြင့် သူမဘာဆက်
ပြောရမည်ပင် မသိခဲ့. . .။

ပြဿနာက တိမ်မယောင်နှင့် နက်နေသည်။

ကောင်းညသည် မက်မုံဆီလာလျှင် တော်ရုံတန်ရုံနှင့် အိမ်ပေါ်မတက်တော့. . .။

အောက်ထပ်ကနေသာ ဘဲလ်တီးသည်. . .။

မက်မုံက အသင့်ပြင်ဆင်စောင့်ဆိုင်းပြီး သူ့ကိုကိုလာခေါ် တာနှင့် အပြေးဆင်းသွားတတ်၏။ ကောင်းညနှင့်ခရမ်းကိုမဆုံစေချင်တဲ့သဘောသိသိသာသာပင်။

စွမ်းပြည့်ကလည်း အရင်လို စိတ်ချလက်ချ မဟုတ်ပဲ သူမကို မျက်စိဒေါက်ထောက်ကြည့်နေကာ စစ်ဆေးမေးမြန်းထူလှသည်။

"မက်မုံကို ဟိုလူကြီးလာခေါ်သလား. . ."

"အင်း. . ."

"မ, နဲ့ တွေ့သေးလား . ."

ခရမ်းပြာက အမြင်ကပ်လာသဖြင့်. . .။

"တွေ့တယ်. . ."



"ဘာပြောသေးလဲ. . ."

"မပြောပါဘူး. . . ပြောလို့မှ မဖြစ်တာ. . . [illegible]ပြုံးချင်းပဲ ဖလှယ် လိုက်တယ်. . ."

"မ, ကွာ. . ."

သူမရွဲ့ဖြေနေတာသိလျှင် စွမ်းပြည့်က သူမပါးကို [illegible]သာဆွဲလိမ် လိုက်သည်။

"မင်းလည်း ပြန်တော့ ဒီနေ့ မအားဘူး. . ."

"ဆိုင်မှာ အတူတူလိုက်ထိုင်မယ်. . ."

"မရှုပ်နဲ့. . ."

"မ, ခုတလော အလိုလိုစိတ်ဟိုနေတယ်. . .။ အဲ့ဒါ [illegible]ကြောင့်လဲ"

"မေးစရာလိုသေးလား. . ."

"အောင့်ဖ်ရတဲ့နေ့ အပြင်လျှောက်လည်ရအောင်"

"မလည်ချင်ပါဘူး. . . တော်ပြီ. . ."

"မက်မုံကျတော့ နေ့တိုင်းချစ်သူနဲ့ အပြင်ထွက်တယ်"

စွမ်းပြည့်က နှုတ်ကပြောရင်း သူမဖုန်းထဲကကော
လစ်ကို ဖွင့်ကြည့် တာမို့. . .

"မကြည့်နဲ့. . ."

ခရမ်းပြာက ဖုန်းကို ပြန်ဆွဲလုယူလိုက်၏။

"ကိုကောင်းညနဲ့ ပြောဖြစ်လို့လား. . ."

"ပြောစရာရှိရင်တော့ ဆက်ရမှာပေါ့. . ."

"မ, ဖက်မှာ ဘာပြောစရာရှိလို့လဲ. . ."

"မင်း. . . လာမရစ်နဲ့နော်. . ."

ခရမ်းပြာက သူ့အနားက လစ်ပြေးမည် ကျန်တော့
သူက ခရမ်း လက်ကောက်ဝတ်လေးကို အတင်းအကျပ် ဖမ်းဆုပ်
ကာ ထွက်သွားခွင့် မပေးခဲ့။

ခရမ်းတို့နှစ်ယောက်ကြား၌ ယခင်ကထက်
ပဋိပက္ခများ နေတာတော့ အမှန်ပါပဲ. . .။

အဝေးကို ငေးရင်း တွေးတောရင်း ပင့်သက်မော
ကလေး ရှိုက်မိ၏။



ဒီနေ့အားလပ်ရက်မို့ ခါတိုင်းလိုပဲ အိမ်မှာ ထမင်းဟင်း
...ယ်တိုင် ချက်ပြုတ်ကာ မက်မုံတို့နှင့် လက်စုံစားချင်ပါသည်။

တစ်ယောက်တည်း ပျင်းလည်းပျင်းနေတာကြောင့်
...ေးထွက်ဝယ်ဖို့ စဉ်းစားမိသည်။

ခရမ်းပြာက အိမ်တွင်းဖက်လှည့်ဝင်ကာ အဝတ်အစား
...ရင်း ဆွဲခြင်း လေးယူရင်း အဆင်သင့်ပြင်မိကာ မက်မုံအခန်းလေး
...က် သွားချောင်းကြည့် လိုက်သည်။

စေ့ပိတ်ထားသော တံခါးလေးကို အသာတွန်း
ကြည့်လိုက် တော့ မက်မုံက ကုတင်ပေါ် ဘေးတစ်ခြမ်း စောင်းလှဲ
... အိပ်ပျော် နေဆဲ. . .။

ထို့ကြောင့် အိမ်တံခါးကို အတွင်းမှ လော့ချပိတ်ကာ
...ရမ်းပြာ တစ်ယောက်ထဲ အောက်သို့ ဆင်းလာခဲ့သည်။

ခပ်လှမ်းလှမ်းက ဈေးတန်းလေးရှိရာ အေးအေးလူလူ
...လျှောက်ကြည့် ပြီးလိုအပ်တာတွေ ဝယ်ခြမ်းနေမိ၏။

မက်မုံနိုးလာလို့ ပြင်ဆင်ချက်ပြုတ်နေတာ မြင်လျှင်

အားတို့အားနာ ဝင်ကူညီလိမ့်မည်။ ပြီးလျှင်အမှတ်တ
ထမင်းလက်စုံစားဖြစ်မည်။ ထမင်းစားရင်း စကားလက်စုံကျ
ခရမ်းက သူမကို ပြေရာပြေကြောင်း ချော့မော့လျှင် အိမ်ပြေ
နေဖို့ အစီအစဉ်ကို လက်လျော့ နောက်ဆုတ် သွားလိမ့်
ခရမ်းပြာမျှော်လင့်မိသည်။

မက်မုံဖက်က သူမအပေါ်ကြည့်မရပဲ အမုန်းပွား
နေမှာမျိုးမလိုလား။ အရင်လိုပဲ ပြေလည်အေးချမ်း
ရချင်ပါသည်။

မောင်ဟာလည်း မခုအချိန်မှာ မက်မုံရဲ့ ကိုကိုအဖြ
ပြောင်းလဲခဲ့ပြီပဲ။ ဒါကို မပြုပြင်ချင်တော့ပါဘူး. . .။

အားလုံးစိတ်ချမ်းသာရေးကိုသာ ရှေးရှုချင်ပါသည်။

ခရမ်းတို့နှစ်ယောက်ရဲ့ ဖူးစာကံကိုက မှင်ရည်ကျခဲ့ပြ
နေမှာပါ။

ထို့ကြောင့် ဝမ်းနည်းလှိုက်မော ခံစားမနေချင်. . .။

ခရမ်းပြာက စိတ်ထဲမှာ အတွေးတွေ ပလုံစီလာလိုက်



ချက်ချလိုက် နှင့်ပဲ့ ဈေးကို လျှောက်နေမိသည်။

ဈေးခြင်းလေးထဲမှာ ရောက်လာတာတွေကလည်း မက်မုံအကြိုက် တွေချည်းပါပဲ. . .။ သူက ကြက်ချိုချဉ်ကြော်ကြိုက်သည်။ ယိုးဒယားဟင်းချို သဘော်သီးထောင်းကြိုက်သည်။ ပြီးတော့ ချဉ်ဖတ်စုံသုပ်တာလည်း ကြိုက်သည်။ ဒညင်းသီးပြုတ်ဆိုလည်း အားပါးတရ စားတတ်သည်။ ပြီးမှ ခံတွင်းအနံ့ရမှာစိုးပြီး သခွါးသီးကြွပ်ကြွပ်ကို ပြန်ဝါးစားသည်။ သံပုရာရည်နှင့် သွားတိုက်သည်။ မောက်စ်ပရေးဖျန်းသည်။ ရှုပ်ယှက်ခတ်အောင် လှုပ်ရှားနေတတ်သော မက်မုံ့ပုံစံကြောင့် သူမမှာ ပြုံးမိလျှက်။

"တော်ပြီ. . .။ နောက်တစ်ခါဝယ် မလာတော့ဘူး။"

"ဟင့်အင်း စားမှာပဲ. . .။ ဝယ်လာခဲ့ဦး. . .။"

"ကျန်းမာရေးအတွက်လည်း မကောင်းပါဘူး. . ."

"မကောင်းလည်း စားမှာပဲ. . ."

မက်မုံကလည်း ဇွတ်ပူဆာသည်။

ခရမ်းပြာသည် ဈေးက ပြန်ထွက်လာလျှင် ပြင်ဆင်

ချက်ပြုတ် ကျွေးဖို့ တွေးကာ စိတ်ချမ်းသာနေပါသည်။

ထိုအချိန်မှာပင် မိုးပြေး ခပ်စိပ်စိပ်က အမှတ်မထင် ဝေါခနဲ ရွာချ လာ၏။

ထီးမပါတဲ့ သူတွေလည်း ပြေးပြေးလွှားလွှား ဟိုဟိုဒီဒီ မိုးခိုကြ၏။

ခရမ်းပြာဆီမှာလည်း ထီးကမပါ. . .။

စိုချင်စိုပစေဟုသာ တွေးလိုက်သည်။

ဈေးလေးခဏပဲဆိုပြီး ထီးလည်းမယူ ဟန်းဖုန်းလည်း မပါ။

အခုမှတော့ မတတ်နိုင်. . .။

သူမခပ်သွက်သွက်လျှောက်လာမိ၏။

ကောင်းညသည် ရှေ့က မြင်ကွင်းကြောင့် ကားကို အရှိန်လျှော့ကာ ဘေးကပ်ရပ်လိုက်မိသည်။

သူ့ရှေ့မျက်နှာချင်းဆိုင်ခပ်လှမ်းလှမ်းမှာ လမ်းနံဘေး ကပ်ကာ ခပ် သွက်သွက်လျှောက်လာနေတဲ့ ခရမ်းပြာကို



ဝိုက်ပါရေ သုတ်တံ ရေသုတ်ချ လိုက်တဲ့အခါ ရှင်းရှင်းလင်းလင်း တွေ့မြင် ရသည်။

မိုးရေထဲ ဆွဲခြင်းဆွဲကာ ထီးမပါ ဘာမပါ လျှောက်လာတဲ့ ကောင်မလေး။

ချစ်စနိုးစိတ်တွေ ဂရုဏာတွေက အရင်လိုပဲ ရင်ထဲ အပြည့် လျှံတက် လာသည်။

တီရှပ်ဖြူလွလွနှင့် ဂျင်းဘောင်းဘီရှည်လေးကို ဝတ်ထားတော့ ဆယ်ကျော်သက်ကလေးလိုပဲ ရှင်းသန့်ဝင်းမွန် နေသည်။

သုတ်သုတ်လှမ်းနေတဲ့ ပုံလေးကပင် တစ်မျိုးချစ်စရာ ကောင်းနေ၏။

ကောင်းညက သူမနားထိ ကားကို မောင်းဖို့ စိတ်ကူးသည်။

တခါတလေ လိုက်ပို့ပေးတာပဲ ဘာဖြစ်လဲ. . .။

မိုးလည်းရွာနေတာလမ်းလည်း ဒီလောက်ကြုံနေတာ။

မှက်မှုံ ရန်တွေ့စကားနာထိုးလည်း မတတ်နိုင်။

သူ့အနေနှင့် ဒီအတိုင်းကျော်ဖြတ်မသွားနိုင်. . ။

ခရမ်းပြာက တရွေ့ရွေ့နှင့် လျှင်မြန်စွာပဲ သူ့ကားဆီ ကပ်လာခဲ့ပြီ. . . ။

ထိုအချိန်မှာ မထင်မှတ်သော အဖြစ်အပျက်တစ် ပေါ်ပေါက် လာခဲ့၏။

သူမရဲ့ နောက်ပါးကနေ ဆယ့်သုံးလေးနှစ်အရွ ချာတိတ်လေး တစ်ယောက်ရဲ့ ကို့ရှိကားရား စီးနင်းလာသေ စက်ဘီး တစ်စီးဟာ သူမကို နောက်ဖက်ကနေ ဖြုန်း ဝင်တိုက်မိလေ၏။

"ဟား. . ."

ကောင်းညနှုတ်မှ ယောင်ယမ်း ရေရွတ်လိုက်မိသည်

ဝုန်းဆိုသော ပြိုလဲသံနှင့် စက်ဘီးရောလူ လဲပြိုသလို ခရမ်းပြာ သည်လမ်းနံဘေးသို့ ဟန်ချက်ပျ ချော်လဲသွားသည်။



"ကျွတ်. . . ဘယ်လိုလုပ်တာလဲ. . ."

ကောင်းညက ကားထဲမှ ရုတ်ကရက်ပြေးဆင်းကာ ခရမ်းပြာဆီ လွှားခနဲ ရောက်သွားသည်။

"ခရမ်း. . . ခရမ်. . . လာဖြစ်သွားလဲ. . ."

သူမကို ထူမပေးလိုက်ရင်း ကောင်လေးဖက်လည်း ဒေါသတကြီးနှင့်

"ဟေ့ကောင်. . . မင်းဘယ်လို လုပ်တာလဲ. . . ။ က်ဘီးမစီး တတ်ဘူးလား. . . တောက်. . . ငါဆွဲထိုး ိုက်ရရင် သေတော့မယ်. . ."

"မောင်. . . မလုပ်နဲ့. . . မတော်တဆဖြစ်တာပါ. . ."

ကောင်လေးက ကြောက်ကြောက်နှင့် သူ့စက်ဘီးသူ ြန်ထောင်ကာ မရအရ နင်းလျှက် ပြေးပါတော့သည်။

"တောက်. . ."

ကောင်းညက မကျေမနပ် တောက်ခေါက်၏။

"ရှင်က ဒီနားကို ဘယ်လို ရောက်လာတာလဲ. . ."

ခရမ်းဒုက္ခရောက်နေချိန်မှာ အချိန်ကိုက်ပြန်းခနဲ အရော ရောက်လာသဖြင့် အံ့ဩဝမ်းသာမိသလို သူ့ကို သက်ာမဝင် လည်း ဖြစ်မိပါသည်။

"ကားထဲကနေ ကြည့်နေတာ. . ."

"ဟင်. . . ဟုတ်လား. . ."

ကောင်းညနှင့် ခရမ်းဆွဲခြင်းထဲမှ ထွက်ကျသွားသည့် ပစ္စည်းပစ္စယတွေ ပြန်ကောက်ထည့်ရင်း အတူပြန်ရပ်လိုက် သည်။

"အရမ်းနာသွားလား. . ."

"နည်းနည်းလေးပါ မနာပါဘူး"

ခရမ်းပြာက သူမရဲ့ ခါးစောင်းလေးကို အသာ မိသည်။

မိုးကပြန်စဲသွားလို့သာ တော်သေးသည်။

ဒါပေမယ့် စိုတော့စိုနေပြီ။

"ခါးထိသွားတာလား။ ကိုယ့်ဒဏ်ရာ ကိုယ်စစ်ဆေး



အဲဒီခြင်းက မောင့်ဖက်ပေးစမ်းပါ. . .။ ဟာ ခြေထောက်မှာ ည်း ပွန်းပဲ့သွားပါလား"

မောင်က သူမခါးကို စမ်းတော့မလို. . . ခြေဖမိုးကို မ်းကြည့်တော့ မလို ဟန်ပြင်တာမို့ ရှက်စနိုးနှင့်။

"ရပါတယ်. . . အိမ်ရောက်မှ ဆေးထည့်လိုက်မယ်"

"ဒါဆို. . . ကားပေါ်တက်"

"ဟင့်အင်း. . . ရပါတယ်ဆို. . ."

"လာစမ်းပါကွာ. . ."

ကောင်းညက သူမလက်ကလေးကို ဖွတ်ဆွဲခေါ်ရာ ခရမ်းပြာမှာ ခြေထောက်အနာနှင့် ထော့နင်းထော့နင်း ပါလာရ၏။

မောင့်အကြောင်နာ နွေးမြမြဟာ သူမလက်ဖဝါးလေးဆီမှ ာကိုယ်လုံး အနှံ့သို့ စိမ့်ပြန့်စီးဆင်းလာသလို ခံစားရသည်။

လက်ဖဝါးလေး ဆုပ်ကိုင်ရုံနှင့် ရင်ခုန်နှစ်သိမ့်မှုက အဲ့ဘနန်းပြီးပြည့်စုံသည်။

စွမ်းပြည့် အခါခါ နမ်းရှိုက်တုန်းက ဒီလောက်ရင့်မခုန်။ ဘာကြောင့်ပါလဲ။ သူမ မသိ။

စိတ်ခံစားမှုဆိုတာလည်း ဆန်းကြယ်ပါလိနော်. . .။

"ဒီနားကို ရှင်ဘာကြောင့် ရောက်နေတာလဲ. . .။"

"ခရမ်းကို မောင်တမင်လိုက်ကြည့်တာ မဟုတ်ပါဘူး။ အထင် မလွဲပါနဲ့"

"ဟင်. . . ရှင်နော်"

မောင်က သူမစိတ်ထဲက သံသယကို သိနေသလို ရွှတ်နောက်နောက် ပြန်ဖြေသည်။

"အချိန်နည်းနည်းစောနေလို့ ကားပတ်မောင်းနေတာ"

"ဪ. . ."

သူက မက်မုံဆီကို လာတာပဲလေ ဟု အသိတရား ဝင်သွား မိပါသည်။

ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် သူ့ကားပေါ် ခရမ်းရောက်နေမှာကို မက်မုံ ကြည့်ဖြူနိုင်မှာ မဟုတ်ပါ. . .။



သူမငြိမ်တွေသွားသလို ကောင်းညကလည်း ကားစက်မနှိုးသေးပဲ မိုးရေစက်တို့ စိုစွတ်နေဆဲ သူမ ဟန်ပန်လေးကို အဖြတ်တနိုး စူးနစ်ငေးမောနေ မိသည်။

ဈေးတန်းရှိရာ လမ်းကလေးဟာ အိမ်နှင့် ဘယ်လောက်မှ မဝေးတာ မို့ ကားစက်နှိုးပြီး မောင်းလိုက်တာနှင့် ရှုတ်ခနဲ ရောက်သွားလိမ့်မည်။

ကောင်းည ဒီလို မြန်မြန်မရောက်စေချင်။

ဒီအချိန်လေးကို တခဏရပ်တန့်ထားချင်မိ၏။

"ခရမ်းဆံပင်တွေ ရေစိုနေပြီ"

သူက ခရမ်းဆံနွယ်လေးတွေကို အရင်ကလိုပဲ သပ်တင် ပေးမလို ဟန်ပြင်သည်။

ခရမ်းက ပုခုံးလေးကျုံ့လျှက် နောက်ဆုတ်သည်။

"မောင်းတော့လေ. . ."

ကောင်းညက အကြည့်လွှဲမသွား။ သူမရင်တွေ တလှပ်လှပ်ဖိုနွေးလာသည်။

"ခရမ်း. . . မောင်ခရမ်းနဲ့ မခွဲနိုင်ဘူး. . .။ ဘယ်လိုလုပ် ရမလဲ"

သူက ညည်းညည်းညူညူဖွင့်ဟ၏။

ခရမ်းက ခေါင်းလေးယမ်းလျက်. . .။

"မဖြစ်နိုင်တော့ဘူးလေ. . ."

"အပျိုနဲ့ လူပျိုပဲ. . .။ ဘာလို့ မဖြစ်နိုင်ရမှာလဲ. . ."

"ရှင်အဲလို လျှောက်ပြောမနေနဲ့ ခရမ်းဒီကနေ ဆင်းလျှောက်သွားတော့မှာနော်. . ."

"ခဏလောက်စကားပြောချင်တယ်. . ."

"မက်မုံ စိတ်ဆိုးလိမ့်မယ်. . ."

"ခရမ်းနဲ့ ဝေးမှာကို မခံစားနိုင်ဘူး မောင်အကြိမ်ကြိမ်စဉ်းစား ပြီးပြီ. . ."

"အခြေအနေက ခွင့်မပြုတော့ဘူးလေ. . .။ ရှင်လည်းသိတာပဲ"

"ခရမ်းရယ်. . . သတ္တိရှိစမ်းပါ. . ."



"ဟင့်. . . အင်း"

သူမခေါင်းလေး သာယမ်းမိပြန်၏။

"အရင်က ဟိုကောင် ဝေယံ့ပယောဂနဲ့ မောင်တို့ဝေးသွားခဲ့ရတယ်။ အခုစွမ်းပြည့်စုံကြောင့်. . ."

"စွမ်းတစ်ယောက်ထဲကြောင့် မဟုတ်ပါဘူး"

"မက်မုံကြောင့်. . . ဒါမှမဟုတ်တစ်ခုခုကြောင့်ဒါပါကွာ ဘာကြောင့်ပဲဖြစ်ဖြစ်ပါ. . . အဲ့ဒါကို ရင်ဆိုင်ကျော်လွှားသွားရအောင်. . ."

"သစ္စာဖောက်ရာ ရောက်မယ်ဆိုတာ ကောင်းညစဉ်းစား မိဘူးလား"

မောင်ဟုခေါ်ရာမှာ ခရမ်းဝန်လေးစိုးရွံ့မိသည်မို့သတိထား၍ ပြင်ခေါ်လိုက်သည်။

"ဒီလိုခရမ်းတို့နှစ်ယောက် အတူတူရှိနေတာတွေ့ရင်တောင်သူတို့ ဘယ်လောက်ထိ သဝန်တိုပေါက်ကွဲ ကြမလဲမသိဘူး။ ကောင်းညရယ် ခရမ်းတို့ လက်လျှော့လိုက်ရအောင်. . .။

မျက်မှုံက အခုအခြေအနေမှာ တောင် ခရမ်းအပေါ် မှုန်းတီးစိတ် ဝင်နေပြီ. . .။ အိမ်ပြောင်း မယ် ဘာမယ်လုပ်နေတာ"

"ဘာလဲကွာ. . . သူမှမောင့်ကို မပိုင်သေးတာ သိပ်ဆရာလုပ်တာ မောင်မကြိုက်ပါဘူး။ မောင်တို့နှစ်ယောက်တ တစ်သက် လုံး အနှစ်နာခံပြီး သူများ စိတ်ချမ်းသာရေးပဲ နံပါတ်တစ် ထားရ မှာလား။ တစ်ခါလောက် တော့ ကိုယ့်စိတ် ကိုယ့်အတွက်ကို ဦးစားပေးချင် တယ်ကွာ။ ဒီတစ်ခါထဲပါ။ အချစ်ရဲ့ အတွက်မို့လို့ပါ။ ခရမ်းလက်မခံ လည်း မောင်မျက်မှုံနဲ့ ရည်းစားဆက်မတော်နိုင်ဘူး။ လမ်းခွဲမယ်။ သူ့ကို ပြောဖို့ နည်းနည်းခက်နေလို့သာ အချိန်ယူနေတာ"

"ဟယ်. . . အဲ့လိုမလုပ်ပါနဲ့. . .။ မျက်မှုံအသည်းကွဲ နေပါ့ မယ်. . ."

"မောင့်အသဲကွဲမှာကိုကျ ခရမ်းက လျစ်လျူရှုရက် သလား"

"အရင်တစ်ကြိမ်ကတောင် ရှင်ထားရစ်ခဲ့သေး တာပဲ. . ."



"အဲ့ဒါကို မကျေနပ်လို့လား. . . ဒါဖြင့် အခုမောင့် ကိုရိုက်"

သူက ခရမ်းလက်ဖဝါးလေးကို ခပ်ကြမ်းကြမ်းဆွဲယူကာ သူ့မျက်နှာဆီ ရိုက်ခိုင်းသည်။ ခရမ်းက ခက်ကို ပြန်ရုပ်သဖြင့် နှစ်ယောက်သား ရုန်းရင်းဆန်ခတ်ပုံစံမျိုးဖြစ်သွားသည်။

လက်ကလေး ဆုပ်ထားမိလျက်သား နီးနီးကပ်ကပ် အနေ အထား ဖြစ်သွားတာကြောင့် ကောင်းညစိတ်တွေ မထိန်းနိုင်တော့ပဲ သူမကိုယ်လေးကို တအားကျုံးဖက် လိုက်မိသည်။

ဒီလိုမျိုးဖက်ထား ချင်မိတာ လေးနှစ်ကျော်ပြီ ရက်ပေါင်း ထောင့်ငါးရာ နီးပါး လွမ်းတမ်းတခဲ့ရတာ နည်းသလားကွာ။

"မောင့်ကို ရိုက်စမ်းပါ။ အပြစ်ပေးပါ. . .။ ချစ်လေး ရယ်. . . ."

"အို ကောင်းည ဘယ်လိုဖြစ်နေတာလဲ။ လွှတ်. . . လွှတ် သူ့အနားမှာ ထိုင်မိတာကိုက မှားတာထင်ပါရဲ့. . .။

သူ့စိတ်ကိုလည်း ခရမ်းနားလည်သည်။ ထို့အတူ ခရမ်းစိတ်ထဲမှာ ဘယ်လိုဖြစ်နေသလဲ သူရိပ်မိမှာပါပဲ. . .။

"ကောင်းည. . ."

'သူမဆောင့်ရှုန်းလျှက် ခပ်ဆတ်ဆတ်အော်မိလျှင်. . .။

"ဆောရီး. . .။ ဆောရီး. . .။ စိတ်မဆိုးပါနဲ့. . .။

သူလွှတ်ပေးလျှင် ခရမ်းက တံခါးခက်ကိုင်ကို ဆွဲဖွင့်ဖို့ လက်ပြင် တာမို့. . .။

"အိုခေ. . . မဆင်းပါနဲ့. . .။ မောင်လိုက်ပို့ပါ့မယ်. . ."

"ဒါဖြင့် အခုမောင်းတော့. . ."

ခရမ်းက အမိန့်ပေးသလိုလေးဆိုသည်။

သူနှင့် ဆက်ပြီး အချီအချ ငြင်းဆုံမနေရပါ. . .။

ဘာကြောင့်လဲဆိုရင် ခရမ်းကိုယ်တိုင်လည်း စိတ်တွေ ယိုင်နဲ့ကာ အရည်ပျော်သွားမှာ စိုးရိမ်လို့ပါ. . .။

သူဟာခရမ်းရင်ထဲ အသည်းထဲက နင့်နင့်သည်းသည်း။



ဒူးစူးနစ်နစ် ချစ်မြတ်နိုးရတဲ့သူ။ ဘယ်တုန်းကမှ မမေ့နိုင်တဲ့သူ . . . နောင်လည်း အမြဲတမ်း ကြိတ်ချစ်သွားမိဦးမယ့်သူ. . .။

ဒါကို သူ့ထံဖွင့်ဟဝန်ခံချင်ပေမယ့် နှုတ်ခမ်းလေးဖိကိုက်ကာ နှုတ် ဆိတ်နေမိသည်။

မပြောပဲ သိပါမောင်ရယ်. . .။

ရင်ထဲကနေပဲ ဆက်ချစ်သွားမယ်နော်. . .။

အပြင်ဖက်မှာတော့ မသက်ဆိုင်သူနှစ်ဦးပေါ့. . .။

ခရမ်းရင်ထဲမှာ နင့်လာမိသည်။

သူက ကားကို တမင်တကာ နှေးနှေးလေး ဘေးကပ် မောင်းပေးမယ့် ခွဲခွါရမယ့် နေရာလေးသို့ တဖြေးဖြေးနှင့် ရောက်လာပါသည်။

"ဒီမှာပဲ ရပ်တော့. . . ရပြီ. . ."

သူက ခရမ်းစကားကို နားမထောင်. . .။

တိုက်အောက်ခြေ ပလက်ဖောင်းထိ မောင်းခဲ့၏။

"ခါးနာနေတုန်းပဲ မို့လား. . ."

"......"

"အိပ်ယာပေါ်လှဲပြီးအနားယူနော်... မီးဖိုချောင်ဝင်ပြီး ငွက်အတင်း ချက်ပြုတ်မနေနဲ့...။ မသက်သာဘူးထင်ရင် ဆေးခန်းအမြန်ပြလိုက်ဦး..."

ခရမ်းကခေါင်းပဲ ညိတ်ကာ...။

"မက်မုံနိုးနေပြီထင်တယ်..."

သူက ခရမ်းကိုသာ နူးညံ့ရွှန်းရီစွာ ငေးမောလျှက်။

"ကောင်းည စောင့်နေပြီလို့ သတင်းပေးလိုက်ဦးမယ်"

သူကအာမှ ပြန်မဖြေပဲ မျက်မှောင်ကြုတ်ကာ....

"စွမ်းပြည့်ကို ဖြတ်လိုက်ပါခရမ်း..."

ခရမ်းက ခေါင်းသာယမ်း၏။

အပြစ်မဲ့တဲ့သူတွေကို အကြောင်းမဲ့ ဘယ်လိုစွန့်ခွါမလဲ။ မဖြစ်နိုင်။

ခရမ်းက ကားတံခါးကို ဆွဲဖွင့်ကာထွက်ဖို့ပြင်လိုက်သည်။



"မောင်ပြောတာ အလေးအနက်စဥ်းစားပါကွာ... နော်...."

ကောင်းညက သူမရဲ့ ပုခုံးစွန်းလေးကို ဆုပ်ကိုင်၍ ထပ်မံတောင်း ဆိုသည်။

ထိုအချိန်မှာ ဝရံတာကနေ စီးကရက်မှိုက်ဖွာရင်း လမ်းပေါ်ကို ငုံ့ ကြည့်နေတဲ့ စွမ်းပြည့်က...။

"ဟော့...မက်မုံ...လာဦး...ငါ့ရဲ့ မ, က မလာသေးပေမယ့် နင့်ဘဲကြီးက ရောက်နေပြီ..."

မနက်စောစောထပြီး ဝီရိယနှင့် လာခေါ်လာတာ တောင် မ,က အိမ်မှာ မရှိ၍ စိတ်တိုတိုနှင့် စီးကရက်ဖွာကာ စောင့်ဆိုင်း နေသော စွမ်းပြည့်က မက်မုံ လူကြီးရောက်လာတာကိုတွေ့ရလျှင် တနည်း တဖုံတော့ ကျေနပ်သွား မိ၏။

အိမ်မှာ မ,နှင့်သူ အေးအေးဆေးဆေး စကားပြောခွင့်ရတာပေါ့လေ။

"နင်အလှပြင်ပြီး စောင့်နေတာ အတော်ပဲပေါ့..."

မက်မုံကလည်း ဝရံတာသို့ ထွက်လာသည်။

အသားကပ်တောင်းဘီရှည် အနီရဲရဲလေးနှင့် အင်္ကျီလေးက ပုံဆန်းဆန်း ခါးရှည်ရှည် အနီ အစိမ်းအကွက်လေးနှင့်မို့ ထင်းနေအောင်လှပ နေသည်။

ကားကို ငုံ့ကြည့်ပြီးလျှက် မက်မုံမျက်နှာလေးကလည်း ပြုံး သွားပါသည်။

ကားနောက်ခန်းထဲမှာ သူမကိုယ်တိုင် ဝယ်ထည့်ထားပေးတဲ့ စန္ဒီပီရုပ်လေးနှင့်မို့ ကိုကို့ ကားဆိုတာ နံပါတ်မမြင်ရပဲနှင့် သေချာပါသည်။

"အဲ့ဒါဆို မခရမ်းကို စွမ်းပြည့် ဆက်စောင့်ပေတော့ . . .။ မက်မုံ လစ်တော့မယ်နော်. . ."

မက်မုံက ရွှန်လန်း တက်ကြွစွာနှင့် စွမ်းပြည့်စုံကို နှုတ်ဆက်သည်။

စွမ်းပြည့်မျက်နှာက သိပ်မသာယာ။ ထို့ကြောင့်ပင်မက်မုံက "ဈေးလေးဘာလေး ထွက်ဝယ်တာနေမှာပါ. . .။



ဘအောင့် လောက်တော့ ဆက်မျှော်ဦးပေါ့. . .။ မဟုတ်ဘူးလား . . .။ မက်မုံတို့ ဘရိတ်ဖက်စ်စားရင်း ဟိုဒီလစ်ရင်းတစ်နေ့လုံးလည်း အချိန်ကုန်ချင် ကုန်မှာ. . .။ မခရမ်းကိုဘမင်းစား မစောင့်ဖို့ ပြောပေးဦးနော် စွမ်းပြည့်. . ."

"အေးပါကွာ. . ."

မက်မုံက ကြိုးသိုင်းဖိနပ်အဖြူလေးကို ဖနောင့်မှာအံဝင်ခွင်ကျ ဖြစ်အောင် စွပ်လျှက် ပိုက်ဆံအိတ်လေးဆွဲကာလှေကားမှဆင်းသည်။

စွမ်းပြည့်က မက်မုံထွက်သွားလျှင် ဝရံတာမှ ပြန်ငုံ့ကြည့်မိသည်။

အောက်ခြေပလက်ဖောင်းမှာ ရပ်ထားတဲ့ကားကိုကောင်းညရဲ့ စီးတော်ယာဉ်ဟုသာ သူတွေးပြီးထိုကားပေါ်မှာခရမ်းပြာပါ ပါလာလိမ့်မည်ဟု ဘယ်လိုမှ မထင်မိ. . .။

ထို့အတူ မက်မုံက ဆိုလျှင် ပို၍မထင်ပါ။

အစောကြီးသူမကို လာကြိုတာကိုပဲ စိတ်မှာ ကြည်နူး

နေမိကာ မျက်နှာလေးက ပြုံးမြနေသည်။

လေကားအောက်ရောက်ပြီး ကားဆီလှမ်းကြည့်မိတော့မှ . . ။

ဟင်. . .

မက်မုံနှုတ်ခမ်းလေး ပွင့်ဟ၍ ခြေလှမ်းပါ ရုတ်တရက်တုံ့သွားရသည်။

ကိုယ့်မျက်စိနဲ့ တပ်အပ်မြင်တာကိုပင် ကြောင်အအငေးကြည့် နေမိသည်။

မခရမ်း. . . ။

ကိုကိုနှင့်အတူ ယှဉ်တွဲထိုင်နေရုံမက ကိုကို့ဖက်ကို မျက်နှာလှည့်ပြီး ဘာတွေပြောနေသလဲမသိ။

ကိုကိုက မခရမ်းရဲ့ပုခုံးလေးကို ဆုပ်ကိုင်၍ တိုးတိုးလျှိုးလျှိုး ဘာတွေ ငုံ့ပြောနေတာလဲ. . ။

တွေ့ရသောမြင်ကွင်းကြောင့် မက်မုံတကိုယ်လုံးဒေါသနှင့် ပူလောင် လျှက် မျက်စိစပါးမွေးစူးသွားရသည်။



ကြည့်စမ်း. . . ဒင်းတို့က. . . ။

နာကျင်ခြင်းက နှလုံးသားမှာ လာစိုက်သည်။

ဖြေးဖြေးလေးမဟုတ်. . . ။ ခပ်ကြမ်းကြမ်း. . . ။

လူကလည်း မျက်စိတွေ ပြာဝေနေပြီမို့ ဘာကိုမှ မဆင်ခြင် နိုင်တော့ပဲ ကားအနီးသို့ ဒေါသတကြီးပဲ ချဉ်းကပ်သွားမိသည်။

"ဪ. . . ဒေါ်ခရမ်းပြာ. . . ကိုကို့ကားပေါ်မှာ ဘာလုပ်နေတာ လဲ. . . ။ ခုဆင်းစမ်း. . ."

"ဟင်. . . မက်. . . မက်မုံ. . ."

မက်မုံအသံကြောင့် ခရမ်းပင်လန့်ဖျပ်သွားမိ၏။

"တို့. . . ဟို. . . ဈေးကအပြန်. . ."

တဆိတ်လွှန်လွှန်းကာ မက်မုံက သူမရဲ့တီရှပ်အကျီကိုပဲ စောင့်ဆွဲလိုက်၏။

ဒီလိုပြုမူမည်မထင်၍ ခရမ်းမျက်နှာလေးမှာ ရုတ်ခြည်း နီးရဲသွား ရသည်။

ကားမှန်က ချထားတာမို့ ကောင်းညကပါ ကားပြင်က မက်မုံထံ ကိုင်းငုံ့ကြည့်ပြီး။

"ဟိတ်. . . မင်းဘယ်လို လုပ်တာလဲ. . . လွှတ်လိုက်"

"ရှင်ကရော ဘာသဘောလဲ ပြောစမ်းပါ ဦးကောင်းည"

"ပြောစရာမလိုဘူး. . . မင်းထင်တဲ့ အတိုင်းပဲ"

"အာ. . ."

ကိုကို့ရဲ့ တုန့်ပြန်စကားကြောင့် မက်မုံပို၍ မွန်ထူ ခက်ထန်သွား ပါသည်။

ရှက်ခြင်းကလည်း တကိုယ်လုံးပျံ့နှံ့သွားရ၏။

"ရှင်က ဒီမိန်းမဖက် ပါတယ်ပေါ့လေ ဟုတ်လား. . . သူမြူဆွယ် တဲ့နောက် ရှင်ကောက်ကောက်ပါတာ မရှက်ဘူးလား"

"မင်းရော. . . မိန်းကလေးဖြစ်ပြီး အော်ကြီးဟစ်ကျယ် လုပ်နေတာ မရှက်ဘူးလား. . .။ ခရမ်းကို စက်ဘီးတိုက် မိသွားလို့ ငါလိုက်ပို့တာ။ ဒါပေမယ့် အခု အခြေအနေမှာ မင်းကြိုက်သလို ထင်လိုက်. . . ခရမ်းပြာ ဆိုတာ ငါမြတ်နိုးတဲ့



မိန်းမ ငါတစ်သက်လုံး ချစ်နေမယ့်မိန်းမ။ ငါ့ရဲ့ထာဝရချစ်သူပဲ။ ားလည်ပြီလား။ ငါဒီနေ့လာတာကလည်း မင်းနဲ့ ဆွေးနွေးဖို့ပဲ။ ငါတို့လမ်းခွဲ ကြမယ်။ ဒီနေ့ကစပြီး မင်းနဲ့ငါနဲ့ ပြတ်ပြီလို့ သဘော ားလိုက်။ နောက်နောင်လုံးဝ မပက်သက်ဘူး. . . လုံးဝ သက်ဆိုင်ဘူး. . .။ ရှင်းတယ်နော်. . ."

သူတို့သုံးဦးရဲ့ ပဋိပက္ခတ်ကြောင့် ပတ်ဝန်းကျင်က သူတစ်ချို့လည်း လှမ်းကြည့်စပ်စုကုန်ပြီ. . .။

ခရမ်းမျက်နှာလေး ဘယ်နား ဘယ်လို ဝှက်ထားရမှန်း မသိတော့. . .။

ဒီလို အချီအချကြီး အပြန်အလှန် အော်ဟစ်နေကြတာ ဘယ်လောက်များ ရှက်စရာကောင်းသလဲ. . .။

ကားပေါ်က ဆင်းပြေးရအောင်ကလည်း မက်မုံက ကားတံခါး ဘောင်ကို ဆုပ်ကိုင်လျှက်သား. . .။

"ရှင်. . . ရှင်. . ."

မက်မုံနှလုံးသားက ပြုတ်ထွက်မတတ်နာကျင် တဆတ်

ဆတ်တုန်သွားရသည်။

ကြမ်းတမ်းရက်စက်သော ကိုကို့စကားတွေက သူမနားထဲမှာ မချိမဆန့်. . .။

မက်မုံဘာလုပ်ရမလဲ. . .။

"ကဲ. . . ဒါပဲ. . . ငါတို့ကို မနှောင့်ယှက်နဲ့တော့ကွာ . . .။ ဟုတ်ပြီလား. . . မင်းနဲ့ ငါနဲ့ The End ပဲ. . ."

နှုတ်ကပြောရင်းပင် ကောင်းညက အမှတ်မထင် အပြုအမူ တစ်ခုကို စတင်သည်။

ရုတ်တရက် ကားကိုစက်နှိုးကာ ခပ်ကြမ်းကြမ်းမောင်းထွက်လိုက်ခြင်းပါပဲ. . .။

မက်မုံက အလန့်တကြား လက်လေးရုပ်သိမ်း၍ နောက်ဆုတ်၏။

"ဝေါ. . . ဝူး. . . ဝူး. . ."

ကားက ဒရကြမ်းပင်ဆောင့်ခုန်မောင်းထွက်သွားပါသည်။



အဖြစ်အပျက်အလုံးစုံကို ဝိုင်းကြည့်နေကြသူတွေလည်း တာမို့ မက်မုံ အရှက်သည်းသည်းနှင့် လှေကားဆီ ပြန်လှည့်ပြေးသည်။

ရင်တွေပရမ်းပတာ တုန်ခါလျှက် လှေကားပေါ် ယ်လို ဝုန်းဒိုင်းကြ တက်လာမိသလဲမသိ။

တံခါးပေါက်ဝရောက်တော့ တကိုယ်လုံး တုန်ယင်လှိုက်မာ နေသည်။

ပါးစပ်ကလေးဟလျှက် မောပန်းကြီးစွာ အသက်ရှုနေမိသည်။

ခွမ်းပြည့်လည်း ဝရံတာမှ ကြည့်ရင်းအခြေအနေကို သဘော ပေါက်လိုက်မိသည်။

လက်စသပ်တော့ ကောင်းညနှင့်အတူ ခရမ်းပြာပါ ားပေါ် ပါလာတာကိုး. . .။

ခွမ်းပြည့်စုံက လက်သီးနှစ်ဖက်ကျစ်ကျစ်ဆုပ်မိ၏။

မ, သစ္စာဖောက်ပြီ. . .။ ကြည့်စမ်း. . . .။

ဟိုလူကြီးက မ, ကို ကားပေါ်တင် မောင်းပြေးပြီလား။ ဟုတ်လား. . . တောက်. . .။

ဒါဟာ. . . မကို တစ်နေရာခိုးပြေးတာလား သူမတွေးရဲ။

မြန်ဆန်သော အပြောင်းအလဲများကို သူမယုံနိုင်။

တုန်လှုပ်အံ့ဩစွာ ပေါက်ပေါက်ကွဲကွဲ သူထွက်ခါဖို့ ပြင်တော့ တံခါးဝမှာ ငိုကြီးချက်မနှင့် တကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေတဲ့ ရွှေမက်မုံ ကိုတွေ့ရသည်။

"နင်. . . ဘာဖြစ်လာတာလဲ. . ."

မက်မုံက အိမ်ထဲ ဝရုန်းသုန်းကားဝင်လာ၏။

"မက်မုံ. . ."

သူမက်မုံကို အသာထိန်းဖက်နှစ်သိမ့်ဖို့ အရင်ကြိုးစားရသည်။

"ကို ကိုကိုက သူ့ကိုချစ်တာယ်တဲ့။ ငါ့ကိုတော့ ဖြတ်မယ်တဲ့"



"အဲဒီတော့ ဘာဖြစ်လဲမက်မုံ. . .။ နင်ဒီလောက်ထိ ခံစား ပါနဲ့ဟာ. . ."

ရှိုက်ကြီးတငင် ငိုလိုက်သည့် မက်မုံကို သူတားမြစ်လိုက် ပေမယ့် သူ့မျက်လုံးအိမ်မှာလည်း မျက်ရည်တွေက အလိုလိုရစ်ဝဲ လာပါသည်။

မက်မုံက ရှိုက်ငင်ငိုကြွေးရင်း သူ့ပုခုံးပေါ်မှီသည်။

သူကလည်း ရွှေမက်မုံကိုယ်လုံးလေးကို အလို အလျောက် ထွေးဖက်နှစ်သိမ့်မိကာ နှစ်ဦးသား မျက်ရည်တွေ ငိုလူးသွားကြသည်။

တစ်ဦးကိုတစ်ဦး စာနာနားလည်ခြင်း အပြည့်နှင့် ခွန့်ပစ်ခံချစ်သူ နှစ်သီးသည် အပြန်အလှန်ဖေးမအားပေး နေမိ ကြသည်။

"မငိုပါနဲ့ မက်မုံရယ်. . . ."

"ကိုကို ငါ့အပေါ်လုပ်ရက်တယ်ဟာ သိပ်ရက် စက်တယ်"

"ထားလိုက်ပါတော့. . ."

"စွမ်းပြည့်. . . နင်ရော မခံစားရဘူးလား. . . ဟင်"

"ကြေကွဲ ခံစားနေတော့ရော ဘာထူးလာမှာလဲ. . ."

"နင်. . . မခရမ်းကို မချစ်ဘူးလား. . ."

"သူက ကောင်းညကို ပိုချစ်တယ်လေဟာ. . ."

စွမ်းပြည့်ရဲ့ အဖြေကြောင့် မက်မုံက တချက်ရိုက်လိုက်မိသည်။ စွမ်းပြည့် နှစ်သိမ့်သော မျက်လုံးတွေနှင့်. . .

"သူတို့နှစ်ယောက် သိပ်ချစ်တာ ချစ်ပါစေကွာ. . ."

"မတရားဘူး ငါတို့ကြတော့ အသဲကွဲရတယ်. . ."

"အသဲမကွဲပါနဲ့. . . နင့်နားမှာ ငါရှိပါတယ်. . ."

"ဘာပြောတယ်. . . နင်က. . ."

"ရှိတယ်လို့ပဲပြောတာလေ. . ."

မျက်ရည်များကြားမှ မက်မုံမျက်နှာလေးက ဖွံ့ဖြိုးတသင့်. . .။



စွမ်းပြည့်က သူမပါးပေါ်မှ မျက်ရည်များကို ခပ်ဖွဖွသုတ်ပေးသည်။

"ကဲ နင်ခံစားရသမျှ ရင်ဖွင့်ပြလို့ရတယ်.။ ငါနားထောင်ပေးမယ်. . .။ ဟုတ်ပြီလား. . .။ မငိုစမ်းပါနဲ့ကွာ . . .။"

ကြင်နာယုယသော စွမ်းပြည့်စုံရဲ့ အပြုအမူကြောင့် က်မှုရင်မှာ ထိခိုက်ခံစားရသော မျက်ရည်တို့က ပို၍ပင်ကျလာရ၏။

အဲ့ဒီနောက်မှာတော့ သူတို့နှစ်ဦးဟာ ဘယ်လိုကနေဘယ်လို တစ်ဦးကို တစ်ဦး အလိုအလျှောက် ဖက်တွယ်မိသလဲမသိတော့. . . ပေ။

ပြီးပါပြီ. .။